မုတ်သုံလေ အားကောင်း

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ။

# မြန်မာ့အလင်း

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

■ အတွဲ [၅၅]
အမှတ် [၀၀၄]

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက် [4-10-2015]

MYANMA ALINN SUNDAY ISSUE


# ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်ရှိ တိုင်းရင်းသားများအတွက် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်မည့် တောင်ကြီးဆေးတက္ကသိုလ်




ထူးချွန်ကျောင်းသား ကျောင်းသူများ ဆေးတက္ကသိုလ်(တောင်ကြီး)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်း၊ စာ-၃) (သတင်းစဉ်)

## တနင်္ဂနွေ ဖတ်စရာများ


ခရီးသွားဆောင်းပါး
ပဲခူးရိုးမတောင်ကြောဆီမှ ခံစားမှုအသစ်အဆန်းများပေးမည့် ဖိုးကျားသဘာဝဆင်စခန်း စာ > ၁၆

မြန်မာ့ရိုးရာအားကစား
ပရိသတ်ရင်ထဲ စွဲကျန်ရစ်စေမည့် သုံးပွင့်ဆိုင် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး စာ > ၁၉

ယနေ့တက္ကသိုလ်နယ်မြေတစ်ခွင်
ဘက်ပေါင်းစုံအောင်နိုင်ပွဲ ဆင်နွှဲမည့်ကျောင်းတော် စာ > ၁၈

ခရီးသွားဆောင်းပါး
ဂုတ်ထိပ် တံတားပေါ်သို့ စာ > ၂၀





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မူလထက်သာလွန်အောင်ဆောင်ရွက်နေ

အဆိုးနှင့်အကောင်းဟူသည် အမြဲဒွန်တွဲလျက် ရှိပါသည်။ လောကဓမ္မတာသဘောအရ အဆိုးချည်း အမြဲတမ်း မရှိနိုင်သလို အကောင်းချည်းလည်း အမြဲတမ်း မရှိနိုင်ပါ။ အဆိုးပြီးလျှင် အကောင်းလာတတ်ပါသည်။ မှန်တိုင်းပြီးလျှင် လေပြည်လည်း လာတတ်ပါသည်။ အဆိုးထဲတွင် အကောင်းရှိနေတတ်ပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် မိုးလယ်ပိုင်းကာလအတွင်း မိုးများအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် နိုင်ငံနှင့်အဝန်း ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ နေအိမ်နှင့် ကျွဲ၊ နွားတိရစ္ဆာန်များ၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ နိုင်ငံတော်နှင့် ပြည်တွင်း ပြည်ပ အလှူရှင်များ၏ ဖေးမကူညီမှုကြောင့် ယခုအခါ ပြန်လည်ထူထောင်စပြုနေပြီဖြစ်သည်။ နေရာအများအပြားတွင် မူလလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာကြပြီဖြစ်သည်။ နိုင်ငံတော်သမ္မတကိုယ်တိုင် ရေဘေးသင့်ဒေသများကို မူလအနေအထားထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုထားသည့်အတိုင်း ယခုအခါ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ဆောင်နေပြီဖြစ်သည်။ ရေဘေးသင့်ဒေသများကို ပြန်လည်ထူထောင်ရင်း ဒေသဖွံ့ဖြိုးရေးကိုပါ တစ်ဆက်တည်း ဆောင်ရွက်ပေးနေသည့်သဘော ဖြစ်သည်။ နေအိမ်များ ဆုံးရှုံးသွားသူများကို နေအိမ်သစ်များ ဆောက်လုပ်ပေးလျက်ရှိပါသည်။ ထို့ပြင်မက ဆေးရုံများ၊ ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါမကျန် အသစ်ပြန်လည်တည်ဆောက်ပေးရန် စီစဉ်လျက်ရှိပါသည်။

ဤရေကြီးရေလျှံမှု အတွေ့အကြုံကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း လာမည့်နှစ် မိုးရာသီကာလတွင် မြစ်ရေဝင်ရောက်မှုကြောင့် ပြည်သူများ ရေဘေးမကြုံရစေရေး ကမ်းပတ်တာများ တည်ဆောက်ခြင်း၊ တာရိုးအမြင့် မြှင့်တင်ခြင်းနှင့် ချောင်းကောမြောင်းကောများ တူးဖော်ခြင်းစသော လုပ်ငန်းများကို ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အောက်တိုဘာလ ၁ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးသို့ ရောက်ရှိပြီး ဒေသခံများနှင့် တွေ့ဆုံစဉ် ၁၉၉၁ ခုနှစ်အတွင်း ငဝန်မြစ်ကမ်းရှိ ထိပ်အင်္ဂုတာရိုးကျိုးပေါက်ခဲ့မှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သဖြင့် ထိုသို့ တာရိုးကျိုးပေါက်မှုများ ထပ်မဖြစ်ပေါ်စေရေးအတွက် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းရှိ တာ ၁၂ ခု၏ စုစုပေါင်း တာတမံ အလျား ၄၁၇ ဒသမ ၆၂ မိုင်တွင် မူလထိပ်အမြင့်မှ အထက်ငါးပေ မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ပွင့်လင်းရာသီတွင် ပြုပြင်ဆောင်ရွက်သွားရန် မှာကြားခဲ့ပါသည်။

မိုးတွင်းကာလ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေလျှံရေကြီးခြင်းမှ ကာကွယ်ပေးနိုင်တော့မည့် အနေအထားဖြစ်ပါသည်။ တာတမံများကို မူလအမြင့်ထက် ငါးပေထပ်မြှင့်ခြင်းနှင့် ချောင်းကော မြောင်းကောများကို တူးဖော်ပေးခြင်းဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများသည် ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်တော့မည်ဖြစ်ပါသည်။ သို့ဖြစ်၍ လက်ရှိပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းသည် မူလအနေအထားထက် သာလွန်အောင် ဆောင်ရွက်နေခြင်းဖြစ်ကာ ဒေသဖွံ့ဖြိုးရေးကိုပါ တစ်ပါတည်း ဆောင်ရွက်ပေးနေခြင်းဖြစ်၍ အဆိုးထဲမှ အကောင်းဟုသာ ဆိုရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် အောက်တိုဘာ ၃**

စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၊ လော်ဝေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ခေတ်သစ်ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၄ ရက်ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

## ပျူရှေးဟောင်းမြို့များ စီမံခန့်ခွဲမှုဆိုင်ရာ ရှင်းလင်းဆွေးနွေး

**ရွှေဘို အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ကမ္ဘာ့အမွေအနှစ်ပျူရှေးဟောင်းမြို့များ စီမံခန့်ခွဲမှုဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက ရန်ကြီးအောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအခြေခံအလုပ်အကိုင် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က ရှင်းလင်းဆွေးနွေးမှုများကို ကြိုဆိုပါကြောင်း ပြောကြားသည်။

ထို့နောက် UNESCO အဖွဲ့မှ ကျွမ်းကျင်ပညာရှင် Dr. Richard က ကမ္ဘာ့အမွေအနှစ် ပျူရှေးဟောင်းမြို့များ စီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာများကိုလည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက သုတေသနလုပ်ငန်း၊ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းတို့တွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

## အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**သံတွဲ အောက်တိုဘာ ၃**

အစိုးရအမှုထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို စက်တင်ဘာ၁၁တွင် ဘာစတုတ္ထပတ်က တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး ငွေစုငွေချေးသမဝါယမအသင်း လီမိတက်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကာ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ရန်ကုန်-ပြည်နှင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်

**ပြည် အောက်တိုဘာ ၃**

မြန်မာ့မီးရထားသည် ရထားစီးခရီးသည်များ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ကြစေရေးအတွက် ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ ရန်ကုန် - ပြည်ရထားလမ်းပိုင်းနှင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအား စုန်၊ ဆန် မိုင်နှုန်းတိုးမြှင့်မောင်းနှင်နိုင်ရေးအတွက် အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာ့မီးရထား အင်ဂျင်နီယာမှူး(မြို့ပြ)၊ တိုင်း(၇) ရန်ကုန်နယ်မြေဖြစ်သော ရန်ကုန်-ပြည်လမ်းပိုင်းရှိ တည်ငးကုန်း-ငဖြူကလေး ဘူတာကြားဖြစ်သည့် ခရီးမိုင် အရှည် ၄၈ မိုင် လမ်းပိုင်းကို ယခင် ဇလီဖားတုံးများနေရာတွင် ကွန်ကရစ်ဇလီဖားတုံးများ အစားထိုးလဲလှယ်ခြင်း၊ လမ်းခင်းကျောက်များချ ဖြည့်တင်းခြင်း၊ သံလမ်းများကို ဂဟေဆက်၍ Welded Rails ဖြင့် ညက်ညောမှုရှိစေရန် ပြုပြင်ဆောင်ရွက်ခြင်းနှင့် လမ်းမြောက်ပါကင်ရိုက်ခြင်း လုပ်ငန်းများကို ပြုပြင်ဆောင်ရွက်လျက်ရှိသည်။



ဒါးပိန်-ကော်ချဲကြားရှိ လမ်းပိုင်းတစ်နေရာ၌ လက်ရှိ ALL TM စက်ဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်-ပြည်လမ်းပိုင်းရှိ ရထားလမ်းပိုင်း ကြံ့ခိုင်မှုအားနည်းသည့်နေရာများတွင် ALL TM စက်ကြီးဖြင့် ပါကင်ရိုက်ခြင်းလုပ်ငန်းကို လက်ရှိအနေအထားအရ မိုင် ၂၀ ဆောင်ရွက်ပြီးစီးခဲ့သည်။

ထို့အပြင် ရန်ကုန်-ပြည်ရထားလမ်းပိုင်းနှင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းရှိ ကြံ့ခိုင်မှုအားနည်းသည့်နေရာများကို ဆက်လက် အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား အင်ဂျင်နီယာမှူး (မြို့ပြ) တိုင်း(၇) ရန်ကုန်မှ သိရသည်။ **တင်လှမောင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၁၀-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၆၀၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၆ |
| ဥရောပ | တစ်ယူရို | ၁၄၃၈.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၃၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

# ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်ရှိ တိုင်းရင်းသားများအတွက် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်မည့် တောင်ကြီးဆေးတက္ကသိုလ်






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆေးတက္ကသိုလ် (တောင်ကြီး) ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာသန်းအောင်၊ ဦးဌေးအောင်၊ ဦးရဲထွဋ်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်သန်းထွန်းဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အေးဝင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့၌ကျင်းပသည့် ဆေးတက္ကသိုလ်(တောင်ကြီး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ကိုယ်စားပြု ထူးချွန်ကျောင်းသား မောင်ဂေါ်လူ ဘရန်အောင်၊ ထူးချွန်ကျောင်းသူ မဂျေအန်ထွယ်ဆိုင်းရာနှင့် ထူးချွန်ကျောင်းသား မောင်ညီရဲထက်တို့က ဆေးတက္ကသိုလ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆေးတက္ကသိုလ် ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး ဆေးတက္ကသိုလ်အတွင်းရှိ စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဆေးတက္ကသိုလ် (တောင်ကြီး) ဆောက်လုပ်ရခြင်း ရည်ရွယ်ချက်၊ တည်ဆောက်ရေး လုပ်ငန်းများ၏ ခန့်မှန်းတန်ဖိုး၊ တက္ကသိုလ်ဖွဲ့စည်းပုံ၊ သင်ကြားရေး ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ စာသင်ဆောင်နှင့် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ သင်တန်းသားများ လက်ခံမည့်အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရပ်မိရပ်ဖ ဦးမောင်မောင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပါမောက္ခချုပ် ဒေါက်တာဝင်းဌေးအောင်က နိုင်ငံတော်သမ္မတထံ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ဆေးတက္ကသိုလ်(တောင်ကြီး)ကို မိမိတို့အစိုးရလက်ထက် သုံးနှစ်တာကာလအတွင်း ပြီးစီးအောင် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် ရှမ်းပြည်နယ်အတွက် ကျက်သရေမင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း။

တောင်ကြီးဆေးတက္ကသိုလ်သည် မြန်မာနိုင်ငံ၏ ပဉ္စမမြောက်ဆေးတက္ကသိုလ်ဖြစ်ပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း။

နိုင်ငံ့ဘဏ္ဍာငွေကျပ် ၁၄ ဘီလီယံ အသုံးပြု၍ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် သင်တန်းသားများ စတင်လက်ခံသင်ကြားနိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၆၀ ကျော် ၇၀ အတွင်း မြန်မာနိုင်ငံတွင် မြို့နယ် အများဆုံးနှင့် နယ်မြေအကျယ်ဝန်းဆုံးဖြစ်သည့် ရှမ်းပြည်နယ်၌ ယခုကဲ့သို့ ဆေးတက္ကသိုလ်ကြီးတစ်ခု ပေါ်ထွန်းလာခြင်းသည် ရှမ်းပြည်နယ်အတွက်သာမက ကယားပြည်နယ်အတွက်ပါ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို မိမိတို့ဒေသအတွင်း၌ပင် မွေးထုတ်ပေးနိုင်မည်ဖြစ်၍ မိမိတို့အစိုးရအဖွဲ့အနေဖြင့်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်း။

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ ဆေးတက္ကသိုလ်တက်ရောက်ရန် အဆင့်မီသော လူငယ်လူရွယ်များအနေဖြင့် ရန်ကုန်၊ မန္တလေး၊ မကွေး စသည့်ဒေသများသို့ သွားရောက်ရန် မလိုတော့ဘဲ မိမိတို့ရှမ်းပြည်နယ် တောင်ကြီးမြို့၌သာ တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်အတွင်း၌ တောင်ကြီးဆေးတက္ကသိုလ်ရှိနေသည့်အတွက် ပြည်နယ်၏ ကျန်းမာရေး အဆင့်အတန်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာရေးအဆင့်အတန်း မြှင့်တင်နိုင်ခြင်းသည်လည်း လွန်စွာအရေးကြီးကြောင်း၊ ဉာဏ်ပညာထက်မြက်ပြီး ကျန်းမာသန်စွမ်းသည့် လူ့စွမ်းအားအရင်းအမြစ်များရှိမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်သည် လူတိုင်းကျန်းမာရန် (Healthy Nation)၊ ရောဂါဘယကင်းကင်းနှင့် သက်တမ်းစေ့နေနိုင်ရန်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအသိပညာ၊ ရောဂါကြိုတင်ကာကွယ်သည့် နည်းနာနှင့် ရောဂါသက်သာ ပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာဝန်၊ ဆရာဝန်မကြီး များစွာလိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ဆေးပညာနားလည်တတ်ကျွမ်းသည့် ဆရာဝန်၊ ဆရာဝန်မကြီး များစွာပေါ်ထွန်းလာစေရန်အတွက် ယခုကဲ့သို့ ဆေးတက္ကသိုလ်ကြီးများ မရှိမဖြစ် လိုအပ်ပါကြောင်း။

မိမိတို့အစိုးရအဖွဲ့ အနေဖြင့် တာဝန်ယူရသည့် အချိန်ပိုင်း၊ နှစ်ပိုင်းအတွင်း၌ပင် ရှမ်းပြည်နယ်အတွက် အမှန်တကယ် လိုအပ်နေသည့် တောင်ကြီးဆေးတက္ကသိုလ်ကို ယခုကဲ့သို့ တည်ဆောက်ဖွင့်လှစ်ပေးနိုင်သည့်အတွက် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်းနှင့် ဤဆေးတက္ကသိုလ်ကြီး သားစဉ်မြေးဆက်တိုင် တည်တံ့ခိုင်မြဲနေစေရန် ဒေသခံများအနေဖြင့် ဝိုင်းဝန်းစောင့်ရှောက်ပေးကြစေလိုကြောင်း။

ရှမ်းပြည်နယ်အတွက်သာမက တိုင်းပြည်အတွက် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည့် တိုင်းရင်းသား ဆရာဝန်၊ ဆရာဝန်မကြီးများစွာ ပေါ်ထွန်းလာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့မိ မြို့ဖများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ယနေ့ဖွင့်လိုက်သည့် ဆေးတက္ကသိုလ်(တောင်ကြီး)သည်အကျယ်အဝန်းမြေ ဧရိယာ ၄၆ ဧကပေါ်တွင် တည်ဆောက်ထားသည့် သုံးထပ်အဆောက်အအုံဖြစ်ပြီး သုံးထပ်ပင်မဆောင်၊ သင်ကြားရေးဆောင်၊ စာသင်ဆောင်၊ အမှုထမ်းအိမ်ရာ၊ အရာထမ်းအိမ်ရာ၊ ပါမောက္ခချုပ်နေအိမ်၊ အရာထမ်းဆောင်၊ Lecture Theatre၊ စားသောက်ဆိုင်၊ ကျောင်းသူအိပ်ဆောင်၊ ဧည့်ရိပ်သာ၊ ကျောင်းသားအိပ်ဆောင်၊ ဒုတိယပါမောက္ခချုပ်နေအိမ်၊ စာကြည့်တိုက်၊ E-Language Lab၊ E-Library တို့ပါဝင်သည်။

ဆေးတက္ကသိုလ်(တောင်ကြီး)ကို စတင်တည်ဆောက်ချိန်မှ သုံးနှစ်အတွင်း ပထမနှစ်သင်တန်းသားများဖြင့် ဖွင့်လှစ်လက်ခံသင်ကြားပေးမည်ဖြစ်ပြီး နှစ်စဉ်ကျောင်းသားဦးရေ ၂၀၀ ခန့် လက်ခံသင်ကြားရန် လျာထားပြီး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဆေးတက္ကသိုလ် (တောင်ကြီး)မှ ကျောင်းသား ကျောင်းသူများအား သင်ကြားပေးနိုင်ရေးအတွက် စဝ်စံထွန်းဆေးရုံကြီးနှင့် အမျိုးသမီးနှင့် ကလေးဆေးရုံတို့အား သင်ကြားရေးဆေးရုံကြီးများအဖြစ် စီစဉ်ဆောင်ရွက်ထားရှိသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဟဲဟိုးမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆေးတက္ကသိုလ်(တောင်ကြီး )ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ဂွါတီမာလာတွင် မြို့ပေါ်တောင်ပြိုကျ၍ ၂၉ ဦးသေ၊ ၆၀၀ ပျောက်ဆုံး



**ဂွါတီမာလာ အောက်တိုဘာ ၃**

ဂွါတီမာလာတွင် မြို့တစ်မြို့ပေါ်သို့ တောင်ပြိုကျရာ အနည်းဆုံး ၂၉ ဦးသေဆုံးပြီးရာပေါင်းများစွာ ပျောက်ဆုံးနေကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ကြာသပတေးနေ့ နှောင်းပိုင်းက မြို့တော်အရှေ့တောင်ဘက် တောင်ကြားတစ်ခုရှိ ဆန်တာကာတာရီနာပီနူလာမြို့ပေါ်သို့ မိုးသည်းထန်စွာ ရွာပြီး တန်ပေါင်းများစွာသော မြေကြီးများနှင့် သစ်ပင်များ ပြိုကျခဲ့ကြောင်း၊ ဒါဇင်နှင့်ချီသော နေအိမ်များ မြေအောက်တွင် ကျရောက်ခဲ့ရကြောင်း၊ ဒေသခံအများအပြား နေအိမ်မှ ထွက်ပြေးကာ အပြင်ဘက်တွင် အိပ်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။

"ဒီဖြစ်ရပ်မှာ အိမ်ပေါင်း ၁၂၅ လုံး ထိခိုက်ခဲ့ပြီး လူပေါင်း ၆၀၀ ထက်မနည်း ပျောက်ဆုံးခဲ့ပါတယ်" ဟု ဂွါတီမာလာ သဘာဝဘေးအန္တရာယ်အေဂျင်စီ အကြီးအကဲ အယ်လီဂျန်ဒရိုမာဒိုနာဒိုက ပြောသည်။ ယခုအထိသေဆုံးသူ ၂၉ ဦး၏ ရုပ်အလောင်းများကို တွေ့ရှိထားပြီးဖြစ်ကြောင်းလည်း မီးသတ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျူလီယိုဆန်ချက်ဇ်က ပြောသည်။

**(ရိုက်တာ)**

## ဂျပန်နိုင်ငံသားတစ်ဦး ဘင်္ဂလားဒေ့ရှ်၌ သေနတ်ပစ်ခံရပြီးသေဆုံး

**ဒါကာ အောက်တိုဘာ ၃**

ဂျပန်နိုင်ငံသားတစ်ဦး စနေနေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သေနတ်ဖြင့် ပစ်သတ်ခြင်းခံရသဖြင့် ယခုသီတင်းပတ်အတွင်း အဆိုပါနိုင်ငံ၌ ဒုတိယမြောက်နိုင်ငံခြားသား သေဆုံးမှုဖြစ်ကြောင်း ရိုက်တာ၌ ဖော်ပြသည်။

အီတလီနိုင်ငံသားတစ်ဦးကို အမ်အိုင်အက်စ်တို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပထမဆုံးပစ်သတ်ခဲ့ပြီးနောက် ယခု သီတင်းပတ်အတွင်း ဒုတိယမြောက် နိုင်ငံခြားသား သေဆုံးမှုဖြစ်သည်။ ယင်းဖြစ်စဉ်ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နိုင်ငံခြားသံရုံးများ စိုးရိမ်မှုဖြစ်လာသည်ဟု ဆိုသည်။ အသက် ၆၅ နှစ် အရွယ်ရှိ ဂျပန်နိုင်ငံသား ကူနီယိုယိုရှိသည် မြို့တော်ဒါကာ မြောက်ဘက် မိုင် ၂၁၀ အကွာ ရန်ပါခရိုင် ကိုနီယာသို့ အသွား သေနတ်သမားတစ်ဦး၏ လက်ချက်ဖြင့် သေဆုံးခဲ့သည်။

**(ရိုက်တာ)**

## ဆီးရီးယားသူပုန်များကို လေကြောင်းမှ တိုက်ခိုက်နေမှု အမေရိကန်က ရုရှားကို သတိပေးပြောကြား



**ဝါရှင်တန် အောက်တိုဘာ ၃**

ဆီးရီးယားသမ္မတ အာဆတ်ကို ထောက်ပံ့ကူညီသည့်အနေဖြင့် ရုရှားက ဆီးရီးယားသူပုန်များကို သုံးရက်မြောက်နေ့အဖြစ် ဆက်လက်တိုက်ခိုက်ခဲ့ပြီးနောက် အမေရိကန်က ရုရှားကို သောကြာနေ့တွင် သတိပေးပြောကြားသည်။

အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် သမ္မတအိုဘားမားက သတိပေးပြောကြားလိုက်ခြင်းဖြစ်သည်။ ယခုသီတင်းပတ်အတွင်း ရုရှားစစ်လေယာဉ်များ၏ ဗုံးကြဲတိုက်ခိုက်မှုကို ရင်ဆိုင်နေရသော ဆီးရီးယားဟွန်းပြည်နယ် အကြမ်းဖက်ဒေသများ၌ သောကြာနေ့ ဆုတောင်းပွဲများကို ဖျက်သိမ်းခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်အနေဖြင့် လေးနှစ်ကျော်ကြာ ပြည်တွင်းစစ်ဖြစ်ပွားနေသော ဆီးရီးယားစစ်ပွဲတွင် လေကြောင်းတိုက်ခိုက်မှုများ ပိုမိုပြုလုပ်ရန် ဆုံးဖြတ်ထားသည်ဟု ဆိုသည်။

ရုရှားအနေဖြင့် ဆယ်စုနှစ်များစွာအတွင်း ဆီးရီးယားစစ်ပွဲကို ပါဝင်လာခြင်းသည် အရှေ့အလယ်ပိုင်းဒေသ၌ အကြီးမားဆုံးစစ်အင်အားပြမှု တစ်ရပ်ဖြစ်လာသည်ဟု ဆိုသည်။

**(ရိုက်တာ)**

## အာဖဂန်လေကြောင်းတိုက်ခိုက်မှု ကွန်ဒုဇ် ဆေးရုံကို ထိမှန်

**ကဘူးလ် အောက်တိုဘာ ၃**

အာဖဂန်နစ္စတန်နိုင်ငံ ကွန်ဒုဇ်မြို့ကို စနေနေ့တွင် အမေရိကန်က လေကြောင်းမှတိုက်ခိုက်ရာ ဆေးအဖွဲ့အကူအညီပေးရေးဆေးရုံကို ထိမှန်ခဲ့ရာမှ သုံးဦးထက်မနည်းသေဆုံးပြီး ၃၀ ကျော်ပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အမေရိကန်လေကြောင်း ပစ်ကူပေးမှုဖြင့် အစိုးရတပ်များက ကွန်ဒုဇ်မြို့ကို တာလီဘန်များ လက်မှပြန်သိမ်းရန် ကြိုးစားစဉ် အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**(ရိုက်တာ)**

## ဆီးရီးယားသူပုန်စခန်းများ ရုရှားလေကြောင်းမှ ပစ်မှတ်ထားတိုက်ခိုက်

**ဒမတ်စကတ် အောက်တိုဘာ ၃**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း အိုင်းဒလစ်ပြည်နယ်ရှိ ဂျိုက်အယ်လ်ဖာတက်ဟု ခေါ်သော သူပုန်စခန်းများကို ရုရှားက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ဒေသရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည်။ အဆိုပါသူပုန်များသည် ပြည်နယ်မြို့ အပြင်ဘက်သို့ လက်နက်များရွှေ့ပြောင်းပြီးနောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါပြည်နယ်ရှိ မြို့အများစုသည် ဂျီဟတ်တို့၏ မဟာမိတ်သူပုန်များလက်သို့ ကျရောက်ခဲ့ရသည်။

ဂျိုက်အယ်လ်ဖာတက် သူပုန်စခန်းများကို လေကြောင်းတိုက်ခိုက်မှုများကြောင့် ရွှေ့ပြောင်းခဲ့ရသည်ဟုဆိုသည်။

**(ဆင်ဟွာ)**

## ဆစ်ဒနီသေနတ်ပစ်ခတ်မှု အကြမ်းဖက်နှင့် ဆက်နွှယ်သည်ဟု ယူဆရ

**ဆစ်ဒနီ အောက်တိုဘာ ၃**

ဆစ်ဒနီ ရဲစခန်းအနီး အသက် ၁၅ နှစ်အရွယ်ရှိ သေနတ်သမားတစ်ဦးက ရဲတပ်ဖွဲ့ဝင် တစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုသည် အကြမ်းဖက်မှုနှင့် ဆက်နွှယ်မှုရှိသည်ဟု ယူဆရကြောင်း သြစတြေးလျရဲအဖွဲ့က စနေနေ့တွင် ပြောကြားလိုက်သည်။

"ကျွန်တော်တို့အနေနဲ့ ဒီဖြစ်စဉ်က အကြမ်းဖက်ဝါဒနဲ့ ဆက်နွှယ်နေတယ်လို့ ယုံကြည်ပါတယ်"ဟု နယူးဆောက်ဝေးရဲအရာရှိချုပ် အင်ဒရူးစပီယွန်းက သတင်းထောက်များအား ပြောသည်။

အဆိုပါ ဆယ်ကျော်သက် သေနတ်သမားသည် အီရန်နိုင်ငံဖွားဖြစ်ပြီး အီရတ်ကာဒစ်ကျောထောက်နောက်ခံရှိသူဖြစ်သည်ဟု ၎င်းရဲအရာရှိက ပြောသည်။

**(ဆင်ဟွာ)**

## ပျောက်ဆုံးလေယာဉ် ဆူလာဝေစီကျွန်း၌ ရှာဖွေ

**ဂျကာတာ အောက်တိုဘာ ၃**

သောကြာနေ့က လူ ၁၀ ဦးနှင့်အတူ ပျောက်ဆုံးသွားသော အေဗီယက်စတာလေကြောင်းပိုင် လေယာဉ်တစ်စင်းကို အင်ဒိုနီးရှား အာဏာပိုင်များက စနေနေ့တွင် စတင်ရှာဖွေလျက်ရှိသည်။

အဆိုပါ လေယာဉ်သည် သောကြာနေ့က ဆူလာဝေစီကျွန်းပေါ်သို့ ဖြတ်သန်းစဉ် ပျောက်ကွယ်သွားခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ကယ်ဆယ်ရေးအဖွဲ့က လေယာဉ်မှူးနှင့် ခရီးသည်များ၏ မိုဘိုင်းဖုန်းများကို အသုံးပြုပြီး ရှာဖွေမှုများ ပြုလုပ်နေသည်ဟု အေဗက်စတာ လေကြောင်းလိုင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**(ဆင်ဟွာ)**

## အော်ရီဂွန်ကောလိပ်သေနတ်သမား ကျောင်းသားတစ်ဦး ဖြစ်ကြောင်းအတည်ပြု

**ရိုစင်ဘတ် အောက်တိုဘာ ၃**

အောက်တိုဘာ ၂ ရက်က အော်ရီဂွန်ကောလိပ်တစ်ခု၌ အင်္ဂလိပ်စာပါမောက္ခ တစ်ဦးအပါအဝင် အခြားရှစ်ဦးအား သေနတ်ဖြင့်ပစ်သတ်ခဲ့သူသည် အဆိုပါ ကောလိပ်ကျောင်းသားတစ်ဦးဖြစ်ပြီး ယခင်က လက်နက်ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ခဲ့သည်ဟု သိရသည်။

ရိုစင်ဘတ်အမ်ကွာကောလိပ်၌ ဖြစ်ပွားခဲ့သော သေနတ်ပစ်တိုက်ခိုက်မှုကြောင့် ၎င်းသေနတ်သမား အပါအဝင် ၁၀ ဦးသေဆုံးကာ ကိုးဦးဒဏ်ရာရရှိခဲ့သည်။ ယင်းသေနတ်ပစ်မှုသည်လွန်ခဲ့သော နှစ်နှစ်အတွင်း ဒါဇင်နှင့်ချီသည့် သေနတ်ပစ်မှုများအနက် သေပျောက်မှုအများဆုံးဖြစ်သည်ဟု ဆိုသည်။ ရဲအဖွဲ့က ပစ်ခတ်ခြင်းခံရသော အဆိုပါ သေနတ်သမားသည် အသက် (၂၆နှစ်) အရွယ်ရှိ ခရစ္စတိုဖာ ဟာပါမာဆာဖြစ်ကြောင်း၊ ၎င်းသည် ကျောင်းသားတစ်ဦးဖြစ်ကြောင်း၊ ကောလိပ်ပရဝဏ်အတွင်း လက်နက်ခြောက်လက် သယ်ဆောင်ခဲ့သူဖြစ်ပြီး ရိုစင်ဘတ်မြို့အပြင်ဘက် ၎င်း၏မိခင်အိမ်အခန်း၌ လက်နက် ခုနစ်လက်နှင့် ကျည်ဆန်များနှင့်အတူ တွေ့ခဲ့ရကြောင်း ရဲအဖွဲ့က ပြောသည်။



**(ရိုက်တာ)**

# လက်ရှိကျင့်သုံးနေသော ရွေးကောက်ပွဲစနစ်မှာ မဲအများဆုံးရသူ အနိုင်ယူစနစ်ဖြစ်






**မြစ်ကြီးနား အောက်တိုဘာ ၃**

၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနှင့်အညီ ကျင်းပဆောင်ရွက်သွားနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိနေသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ယနေ့နံနက် ၉ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများ၊ ပါတီရုံးခွဲဖွင့်လှစ်ထားသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာများ ညှိနှိုင်းဆွေးနွေးမှာကြားသည်။ **(အပေါ်ယာပုံ)**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးအင်ဖော်နော်၊ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြောကြားရာတွင် ရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ကြောင်း ပြည်သူလူထုကိုယ်စား တိုင်းပြည်၏ တရားဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာကိုကျင့်သုံးနိုင်ရန် ကိုယ်စားလှယ်ရွေးချယ်ခြင်းလုပ်ငန်းဖြစ်ကြောင်း၊ ယင်းရွေးချယ်ခြင်း လုပ်ငန်းကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ လက်ရှိကျင့်သုံးနေသော ရွေးကောက်ပွဲစနစ်မှာ မဲအများဆုံးရသူ အနိုင်ယူစနစ် (First Past The Post - FPTP) ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏မဲပေးသည့်စနစ်မှာ အချို့သောနိုင်ငံများကဲ့သို့ မဲမပေးမနေရစနစ်မဟုတ်ကြောင်း၊ မိမိဆန္ဒအလျောက် မဲပေးလိုကပေးနိုင်ပြီး မဲမပေးလိုက နေနိုင်သည့်စနစ်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေများပြဋ္ဌာန်း၍ တာဝန်များ အပ်နှင်းထားကြောင်း၊ အဓိကတာဝန်များမှာ လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကျင်းပခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုကို စစ်ဆေးခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုကြောင်း ကော်မရှင်သို့တိုင်ကြားလာက စစ်ဆေးခြင်းနှင့် ပြဋ္ဌာန်းမည့်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ရွေးကောက်ပွဲတွင် မဲစာရင်းသည် လွန်စွာအရေးကြီးကြောင်း၊ မှန်ကန်သောမဲစာရင်းရရှိရေး အခြေခံမဲစာရင်းကောက်ခံပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်အောင် ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းမှန်ကန်ရေးအား မဲဆန္ဒရှင်များနှင့်ပါတီများက အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှုသာ မှန်ကန်သော မဲစာရင်းရရှိမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနေ့တွင် ပယ်မဲမဖြစ်ရေး ပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်နေကြောင်း၊ မဲရုံတိုင်းတွင် မဲပေးပုံလုပ်ငန်းလမ်းညွှန်ဗီနိုင်းများ၊ မဲပေးရန် တံဆိပ်တုံးနှိပ်ရမည့် ပညာပေးဗီနိုင်းများ၊ ပယ်မဲမဖြစ်ရန်နှင့် သတ်မှတ်ရန် ပညာပေးဗီနိုင်းများ စသည်တို့ကို ကပ်ထားမည်ဖြစ်ကြောင်း၊ ကြိုတင်မဲများ ဥပဒေနှင့်အညီပေးရန်နှင့် ကြိုတင်မဲပေးသည့် ပြည်တွင်း၊ ပြည်ပမဲပေးသူစာရင်းကိုလည်း ပုံစံအသီးသီးဖြင့် ကပ်ထားပြီး ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်စေမည်ဖြစ်ကြောင်း၊ မဲပေးပြီး မဲရေတွက်ရာတွင်လည်း လေ့လာစောင့်ကြည့်နိုင်ကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက်လုံး ပြည်တွင်း၊ ပြည်ပမှ လေ့လာစောင့်ကြည့်ရေးအဖွဲ့များကို လျှို့ဝှက်မဲပေးမှုစနစ် ထိခိုက်မှုမရှိက လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသော ပါတီကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲတွင် မဲဆွယ်စည်းရုံးခွင့်ကို ပိတ်ပင်ခြင်းသည် လွှတ်တော်ဥပဒေအခန်း ၁၃ ပါ ဥပဒေများနှင့် ငြိစွန်းမှုရှိကြောင်း၊ ရဲအရေးပိုင်သောဥပဒေဖြစ်ပြီး အရေးယူအပြစ်ပေးခံရနိုင်ကြောင်း၊ ရွေးကောက်ပွဲအပြီး ကန့်ကွက်လွှာတင်လာပါက တရားမဲ့ပြုကျင့်ကြောင်း သက်သေထင်ရှားက အနိုင်/အရှုံး ပြောင်းလဲသွားနိုင်ကြောင်း၊ နယ်မြေလုံခြုံမှုမရှိကလည်း ရွေးကောက်ပွဲ ရွှေ့ဆိုင်းရမည်ဖြစ်ကြောင်း၊ IDP Camp စစ်ဘေးရှောင်စခန်းမှမဲဆန္ဒရှင်များကိုလည်း စခန်းရှိလူဦးရေစာရင်းအား မဲစာရင်းအဖြစ်ပြုစုပြီး ဆိုင်ရာမဲဆန္ဒနယ်မြေအလိုက်မဲပေးခွင့်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရက်ပေါင်း ၁၈၀ အထက်ရောက်ရှိနေသော မဲဆန္ဒရှင်များ ပုံစံ(၃-က)ဖြင့် လျှောက်ထားလာပါက ရောက်ရှိနေရာတွင် မဲပေးခွင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကြိုတင်မဲပေးခြင်းလုပ်ငန်းများပွင့်လင်းမြင်သာမှုရှိပြီး ရှင်းလင်းအောင် နည်းဥပဒေများ ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ဥပဒေကို သိရှိအောင် ဆောင်ရွက်ရန်နှင့် ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်၊ စောင့်ကြည့်တည့်မတ်၍ ဥပဒေနှင့်မညီကလည်း ကန့်ကွက်ရန်ဖြစ်ကြောင်း၊ လုံခြုံရေးအရ မဲရုံမဖွင့်နိုင်သောမဲစာရင်းပြုစုရရှိပြီး မဲဆန္ဒရှင်များအား လုံခြုံသောနေရာတွင် မဲရုံဖွင့်လှစ်၍ ရွေးကောက်ပွဲပြုလုပ်နိုင်ကြောင်း၊ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲ အငြင်းပွားမှုများပေါ်ပေါက်လာပါက ညှိနှိုင်းဖြေရှင်းရေးကော်မတီက စေ့စပ်ညှိနှိုင်းပေးမည်ဖြစ်ကြောင်း၊ လက်ခံခြင်းမရှိက လုံခြုံရေးကော်မတီက အရေးယူဆောင်ရွက်သွားစေမည်ဖြစ်ကြောင်း၊ လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲကြီးကို အေးချမ်းစွာကျင်းပနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီများ၊ မီဒီယာများနှင့် ပြည်သူလူထုအပေါင်းမှ ပူးပေါင်းကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

## ရေကြောင်းသတိပေးချက် ကြေညာ

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M9 တွင် Wellhead Platform Installation, Intrafield Pipeline Installation, Hook-up and Commissioning လုပ်ငန်းများကို Barge "LANJIANG", Barge "HAI YANG SHI YOU 289", Barge "LANJING" နှင့် Accommodation Barge "PW.NATUNA" တို့ဖြင့် အောက်တိုဘာ ၅ ရက်မှ ၂၀၁၆ ခုနှစ် မေ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Wellhead Platform Installation, Intrafield Pipeline Installation, Hook-up and Commissioning လုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာများမှာ Location WP 4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၁ မိနစ် ၃၄ ဒသမ ၀၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၂၁ ဒသမ ၁၅၅ စက္ကန့်၊ Location WP 5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၃၁ ဒသမ ၇၅၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၀၂ ဒသမ ၄၆၃ စက္ကန့်၊ Location WP 6 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ် ၂၈ ဒသမ ၆၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၂၄ ဒသမ ၇၀၇ စက္ကန့်နှင့် Location WP 7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၃၇ ဒသမ ၉၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၄၈ ဒသမ ၀၃၇ စက္ကန့်တို့တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ်- M 9 တွင် Wellhead Platform Installation, Intrafield Pipeline Installation, Hook-up and Commissioning လုပ်ငန်းများကို Barge "LANJIANG", Barge "HAI YANG SHI YOU 289", Barge "LANJING" နှင့် Accommodation Barge "PW.NATUNA" တို့ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တည်နေရာမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

**(မြန်မာ့အလင်း)**

## ကမ္ဘာ့တိရစ္ဆာန်များနေ့ အထိမ်းအမှတ်လမ်းလျှောက်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃**

ကမ္ဘာ့တိရစ္ဆာန်များနေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် အောက်တိုဘာ ၃ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ရှိ ကန်တော်ကြီး (မျှော်စင်ကျွန်း)၌ ကျင်းပခဲ့သည်။

ထိုသို့ပြုလုပ်ရာတွင် လာရောက်ကြသည့် တိရစ္ဆာန်ချစ်သူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည့်အပြင် ကျောက်ဆည်ရိုးရာဆင်အက၊ မြန်မာ့ရုပ်သေးအကတို့ဖြင့်ဖျော်ဖြေပြီး ကမ္ဘာ့တိရစ္ဆာန်များနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

အဆိုပါပွဲကို အောက်တိုဘာ ၄ ရက်တွင်ကျရောက်မည့် ကမ္ဘာ့တိရစ္ဆာန်များနေ့ အထိမ်းအမှတ်အဖြစ် Save Elephant Foundation နှင့်အတူ မြန်မာနိုင်ငံ အိမ်မွေးတိရစ္ဆာန်များအသင်းနှင့် တိရစ္ဆာန်ချစ်သူများအဖွဲ့တို့ပူးပေါင်း၍ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ကမ္ဘာ့တိရစ္ဆာန်များနေ့အထိမ်းအမှတ်ပွဲကို နိုင်ငံပေါင်း ၁၀၃ နိုင်ငံတို့၌ နှစ်စဉ်ကျင်းပလေ့ရှိပြီး ယခုကဲ့သို့ ကျင်းပခြင်းသည် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး**

## မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များတွေ့ဆုံပွဲ မြစ်ကြီးနားမြို့၌ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာ့အသံမှထုတ်လွှင့်သည့် အသံလွှင့်အစီအစဉ်များအပေါ် ဝေဖန်အကြံပြုချက်များရရှိစေရန်၊ မြန်မာ့အသံ၏ဒေသဆိုင်ရာ အမာခံသတင်းထောက်များတိုးပွားလာစေရန်နှင့် သောတရှင်များနှင့် မြန်မာ့အသံဝန်ထမ်းများအကြား ရင်းနှီးချစ်ကြည်မှုပိုမိုရရှိစေရန်ရည်ရွယ်လျက် မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲအခမ်းအနားကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့အသံဝန်ထမ်းများနှင့် သောတရှင်ပရိသတ်များ တိုက်ရိုက်တွေ့ဆုံခွင့်ရမည့်အဆိုပါအခမ်းအနားကို PSI Myanmar ၏ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည်ဖြစ်ပြီး အခမ်းအနားတွင် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် ဂျင်းနီ၊ ဇမ်နူး၊ ခင်စုစုနိုင်တို့ အပါအဝင် မြတ်ဆုမွန်၊ စောမင်းနောင်၊ မျိုးဆွေသန့်၊ မီမီခိုင်၊ စပယ်ဖြူသိန်း၊ ပန်းအိဝေနှင့် မြန်မာ့အသံဝိုင်းတော်သားများက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

ထို့ပြင် PSI Myanmar ၏ မိခင်/ကလေးကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ၊ ဉာဏ်စမ်းမေးခွန်းများဖြေဆိုမှုနှင့် လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခြင်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

တက်ရောက်လိုသူ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအနေဖြင့် အောက်တိုဘာ ၇ ရက်နောက်ဆုံးထား၍ ဖုန်း ၀၆၇-၇၉၂၁၅ သို့ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ပြီး အဖွဲ့ဝင်အသစ်များလည်း အဆိုပါဖုန်းနံပါတ်သို့ ဆက်သွယ်ဝင်ရောက်ကာ အခမ်းအနားသို့ တက်ရောက်ခွင့်ရယူနိုင်ကြသည်။

အဆိုပါမြန်မာ့အသံချစ်သူများအဖွဲ့တွေ့ဆုံပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး မကွေးမြို့၌ အောက်တိုဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**

# ဂုဏ်ပြုထိုက်သည့် ဆရာကောင်း၊ ဆရာတော်၊ ဆရာမွန်၊ ဆရာချွန်များ

ဒေါက်တာသန်းဦး

**ဆရာများနေ့၊ မြတ်သောနေ့တွင်**
**ရေတွေ့ကြာသွင်၊ ရွှန်းသစ်လွင်၍**
**တိမ်စင်လမင်း၊ ထိန်ထိန်လင်းသို့**
**ဘေးရန်ကင်းကွာ၊ ဤကမ္ဘာဝယ်**
**မေတ္တာရေမိုး၊ ရွာသွန်းဖြိုးအောင်**
**ကရုဏာရေမိုး၊ ရွာသွန်းဖြိုးအောင်**
**မုဒိတာရေမိုး၊ ရွာသွန်းဖြိုးအောင်**
**ဥပေက္ခာရေမိုး၊ ရွာသွန်းဖြိုးအောင်**
**စေတနာရေမိုး၊ ရွာသွန်းဖြိုးအောင်**
**ဝါသနာရေမိုး၊ ရွာသွန်းဖြိုးအောင်**
**အနစ်နာရေမိုး၊ ရွာသွန်းဖြိုးအောင်**
**ဆတိုးကြိုးပမ်း၊ ညီစိတ်ဝမ်းဖြင့်**
**ရှေ့တန်းမှပါ၊ ထမ်းဆောင် နိုင်ကြပါစေသတည်း။**

**ကမ္ဘာ့ဆရာများနေ့**

ခရစ်နှစ် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၇ ရက် တနင်္လာနေ့သည် ကမ္ဘာ့ဆရာများနေ့ (World Teachers' Day)ဖြစ်ပါသည်။ ထိုနေ့သည် ပညာရေးနေ့၊ နေ့ထူးနေ့မြတ်တစ်ရပ်ဖြစ်ပြီး ထိုနေ့ထူးနေ့မြတ်တွင် မြန်မာ့ဆရာများအပါအဝင် ကမ္ဘာ့ဆရာများအားလုံး၏ ကျေးဇူးဂုဏ်ကို ကောင်းစွာအာရုံပြု၍ မြတ်မင်္ဂလာတရားတော်နှင့်အညီ ဖွင့်ဟဖော်ကျူးခြင်း အလေးအနက် ချီးကျူးခြင်းဖြင့် ဂုဏ်ပြုကြရမည်သာ ဖြစ်ပါသည်။

၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်တွင် ဆရာများဂုဏ်သိက္ခာ(The Status Of Teachers)နှင့်ဆိုင်ရာ ထောက်ခံတင်ပြချက်ကို အထူးညီလာခံကြီး(A Special Intergovernmental Conference)၌ တင်သွင်းကာ အညီအညွတ်ဆွေးနွေး၍ လက်ခံအတည်ပြုပြဋ္ဌာန်းပေးခဲ့ခြင်းကို အကြောင်းပြုပြီး အဆိုပါ အောက်တိုဘာ ၅ ရက်ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ယခုနှစ် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၅ ရက်သည် နှစ်ဆယ့်တစ်ကြိမ်မြောက် 'ကမ္ဘာ့ဆရာများနေ့' ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာ့ဆရာများနေ့ကို ၂၀၀၂ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်အဆင့်အဖြစ် သတ်မှတ်ကျင်းပလာခဲ့သဖြင့် ယခုနှစ်တွင် (၁၃) ကြိမ်မြောက် ကမ္ဘာ့ဆရာများနေ့ ဖြစ်ပါသည်။

ဆရာ့အတတ်ပညာ ဆရာ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြင့် သက်မွေးဝမ်းကျောင်းမှုပြုသည့် သမ္မာအာဇီဝဖြစ်၍ ကောင်းသော၊ မွန်မြတ်သော ဂုဏ်သိက္ခာတစ်ရပ်ဖြစ်ကြောင်း နိုင်ငံတကာ၌ ယခုအခါ ခိုင်ခိုင်မာမာ ခံယူထားပြီးဖြစ်ရာ ဤခံယူချက်ကို ကျွန်ုပ်တို့အားလုံး စနစ်တကျ လက်တွေ့ကျကျ လိုက်နာ ကျင့်သုံးဆောင်ရွက်ဖြစ်ကြဖို့ပင် ဖြစ်ပါသည်။

**ကမ္ဘာ့ဆရာများ**

နှစ်ဆယ့်တစ်ရာစု၊ ကမ္ဘာ့ရာစု၊ ပညာရာစု အခါကာလ သမယတွင် ကမ္ဘာ့လူဦးရေ သန်းပေါင်းခုနစ်ထောင်ကျော်ရှိသည့်အနက် ပညာသင်ယူဆည်းပူးနေကြသည့် တပည့်ကျောင်းသားဦးရေသည် သန်းပေါင်းတစ်ထောင်ကျော်ရှိပြီး ကမ္ဘာပေါ်ရှိ ဆရာဦးရေ သန်းပေါင်း ၆၀ ကျော်ထံမှ ပညာရယူ၊ သင်ယူဆည်းပူးလျက်ရှိကြောင်း လေ့လာမှတ်သားထားရပါသည်။

ဤနှစ်ဆယ့်တစ်ရာစုသည် ပညာလွှမ်းမိုးသော လူ့အဖွဲ့အစည်း၊ သဘာဝရင်းမြစ်များကို ကောင်းစွာအသုံးချနိုင်စွမ်းရှိသည့် လူသားအရင်းအမြစ်(Human Resource)များကို အစွမ်းကုန်ဖွံ့ဖြိုးအောင် ပြုစုပျိုးထောင်မှုပြုရမည့် ပညာရာစုပင် ဖြစ်ပါသည်။

သို့ဖြစ်၍ ဤနှစ်ဆယ့်တစ်ရာစု၌ လူသားအရင်းအမြစ်ဖြစ်ထွန်းမှုကို မုချရရှိအောင် အရည်အသွေးရှိသော၊ အရည်အသွေးကောင်းမွန်သော ပညာရေး(Quality Education)ကို ကမ္ဘာ့လူသားအားလုံး အထူးသဖြင့် မျိုးဆက်သစ် လူသားများအား မုချပေးဖြစ်အောင် မဖြစ်မနေ အားထုတ်ကြိုးပမ်း ဆောင်ရွက်နေကြရခြင်း ဖြစ်ပေသည်။

အရည်အသွေးရှိသောပညာရေး( Quality Education)ကို အရည်သွေးရှိသော ဆရာများကသာ ပို့ချသင်ကြားနိုင်ကြပါမည်။ သို့ဖြစ်၍ ဤနှစ်ဆယ့်တစ်ရာစု၌ အရည်အသွေးရှိသော ဆရာများ ပြုစုပျိုးထောင်ခြင်းကို ပညာရေးရင်းနှီးမြှုပ်နှံမှု (Investing in teachers means investing in the future)တစ်ရပ် ဖြစ်ပါသည်ဟု ၂၀၁၄ခုနှစ် ကမ္ဘာ့ဆရာများနေ့သို့ UNESCO, ILO, UNICEF, UNDP နှင့် Education International ကမ္ဘာ့အဖွဲ့အစည်းကြီးငါးရပ်တို့က ပေးပို့သည့် စုပေါင်းသဝဏ်လွှာတွင် အလေးအနက် ထောက်ညွှန်ပြထားပါသည်။

**ကမ္ဘာ့ဆရာများ ပြုစုပျိုးထောင်မှု**

အရည်အသွေးကောင်းမွန်သောဆရာများ ရရှိရေးအတွက် အရည်အသွေးကောင်းမွန်သည့် ပေးသွင်းမှုများကို မုချပြုလုပ်ရပါလိမ့်မည်။ လုပ်ငန်းခွင်အတွင်းရှိ ဆရာများ၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်သည့် ဖြည့်ဆည်းပေးမှု၊ စိတ်ပိုင်းဆိုင်ရာလိုအပ်သည့် ဖြည့်ဆည်းပေးမှုများ၊ ဆရာ့ဂုဏ်သိက္ခာနှင့် လိုက်လျောညီညွတ်သည့် အဆင့်အတန်းရရှိမှု၊ လစာ၊ ချီးမြှင့်ငွေ (သွားလာ၊ စားသောက်၊ နေထိုင်စရိတ်ကာမိမှု)၊ ပညာဆက်လက် သင်ယူဆည်းပူးနိုင်မှု၊ အလုပ်ခွင်အတွင်း သက်သာချောင်ချိမှု၊ ပညာတက်လမ်း၊ ရာထူးတိုးမြှင့်တက်လမ်းများ သာယာဖြောင့်ဖြူးမှု၊ ပညာရေးအသိုင်းအဝိုင်း၊ လူမှုအသိုင်းအဝိုင်းများ၌ ထိုက်လျောက်စွာ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်မှု၊ ပညာရေးအတွေ့အကြုံများကို ပြည်တွင်းပြည်ပတို့၌ လေ့လာရရှိနိုင်မှု၊ ပညာရေးစီမံခန့်ခွဲမှုကောင်းများ ရရှိနိုင်မှုစသည့် ဆရာ့ဝန်းကျင်ကောင်းများကို မုချဖန်တီးဖော်ဆောင်ပေးရပါလိမ့်မည်။


လုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်လာကြမည့် ဆရာလောင်းများကိုလည်း အရည်အသွေးကောင်းမွန်သည့် ဆရာများဖြစ်လာရန် ဆောင်ရွက်ရပါမည်။ အရည်အသွေးကောင်းမွန်သူ အများအပြား ဆရာဖြစ်သင်တန်းများ တက်ရောက်နိုင်ခွင့်ကို ဖန်တီးဖော်ဆောင်ပေးရပါလိမ့်မည်။ ဆရာ့အလုပ်ကို တကယ်စိတ်ဝင်စားသူ၊ ဆရာ့အလုပ်ကို ဝါသနာပါသူ၊ ဆရာ့ဘဝကို မြတ်နိုးတန်ဖိုးထားသူ၊ ဆရာ့အလုပ်ကို တကယ်ဆောင်ရွက်လိုချင်သူတို့ကို ဆွဲဆောင်သိမ်းသွင်း စိစစ်အကဲဖြတ်ပြီး အဆင့်ဆင့်သော ဆရာဖြစ်သင်တန်းများသို့ ရွေးချယ်စေလွှတ် ပို့ချလေ့ကျင့် ပြုစုပျိုးထောင်ယူရမည်ဖြစ်ပါသည်။

ဆရာ့လုပ်ငန်းခွင်အတွင်း၌ ဇောက်ချ၍ သေတစ်ပန်သက်ဆုံး လုပ်ငန်းအပြောင်းအရွှေ့မလုပ်ဘဲ ဆရာအလုပ်ကိုသာ လုပ်ဆောင်သွားကြသူများသည် စင်စစ်အားဖြင့် တပည့်သံယောဇဉ် ဆရာသံယောဇဉ် ပညာရေးသံယောဇဉ် ကြီးမားသူများ ဖြစ်ကြသည်မှာ ဤစာရေးသူ၏ ကိုယ်တွေ့လက်တွေ့ဖြစ်ပါသည်။

ထိုသူတို့သည် ဘယ်ဂုဏ်ကိုမှမမက်။ ဆရာဟူသော ဂုဏ်ကိုသာ အမြတ်တနိုး လေးစားတန်ဖိုးထား မက်မောကြသူများဖြစ်ပါသည်။ ထိုသူတို့သည် ဆရာ့ဘဝ ဆရာ့အလှ ဆရာ့သိက္ခာကို သေတစ်ပန်သက်ဆုံး စောင့်ထိန်းသွားကြပါသည်။ လုပ်ငန်းခွင်အတွင်း၌ ပျော်ပျော်ပိုက်ပိုက်၊ နှစ်နှစ်ခြိုက်ခြိုက်၊ အငြိမ်းစားယူသွားသည်အထိ၊ အငြိမ်းစားယူပြီးနောက်လည်း ကျန်းမာရေးကောင်းသလောက်၊ ဆရာ့အလုပ်ကိုသာ တတ်နိုင်သမျှ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ဝီရိယစွမ်းရှိသမျှ ဆောင်ကြဉ်းပို့ချပေးလျက်ရှိကြရာ ထိုသူများကို ဤကဲ့သို့သော ကမ္ဘာ့ဆရာများနေ့၌ ဆရာ့ဂုဏ်သိက္ခာနှင့်အညီ ချီးမြှောက်ဂုဏ်ပြုပူဇော်ကြရန်ဖြစ်ပါသည်။ မမေ့မလျော့ မပေါ့ကြဘဲ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

အချုပ်အားဖြင့် ပညာရာစု၊ ပညာ့လူ့အဖွဲ့အစည်း၌ လူသားရင်းမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ ပညာတတ်လူသားရင်းမြစ်တည်ဆောက်ရယူမှုအတွက် ထိုသို့တည်ဆောက်နိုင်စွမ်းရှိသည့် ဆရာကောင်း၊ ဆရာတော်၊ ဆရာမွန်၊ ဆရာချွန်တို့ကို မုချအားကိုးအားထားပြီး ဆောင်ကြဉ်းရယူသွားရမည်ဖြစ်ပါကြောင်း။

**“ရက်မြတ်မင်္ဂလာ၊ သည်ချိန်ခါဝယ်**
**ဆရာ့ကျေးဇူး၊ မြတ်ဂုဏ်ထူးကို**
**ရည်စူးမြတ်နိုး၊ လက်စုံမိုး၍**
**ရှိခိုးကန်တော့ပါ၏ မြတ်ဆရာ”။**




# ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပါက အောင်မြင်မှုပိုမိုမြန်ဆန်မည်

**ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံ၏ ထားဝယ်မြို့သို့ (ယနေ့) အောက်တိုဘာ ၃ ရက်တွင် လာရောက်လည်ပတ်သည့် ခရီးစဉ်နှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။**

**ဦးသိန်းအောင်**
**(ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး)**



ဒီခရီးစဉ်က ထိုင်းဘုရင့် သမီးတော်အနေနဲ့ ကျွန်တော်တို့ဒေသကို ပထမဆုံး လာရောက်တဲ့ခရီးစဉ်ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးနဲ့ ထိုင်းနိုင်ငံက အပြန်အလှန်ကူးလူးဆက်ဆံမှုဟာ ဟိုးရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက ရှိခဲ့တာဖြစ်ပါတယ်။ အခု ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းကို မြန်မာ- ထိုင်း- ဂျပန် သုံးနိုင်ငံ ပူးပေါင်းပြီး အကောင်အထည်ဖော်နေတယ်။ ပြီးတော့ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံ ဆက်သွယ်တဲ့ လမ်းကြောင်းတစ်ခုကလည်း ထီးခီးနယ်စပ်က ထိုင်းနိုင်ငံ ကန်ချနာပူရီ နယ်စပ်ကနေ ဗန်ကောက်အထိ နိုင်လွန်ကတ္တရာနှစ်လမ်းသွား မကြာခင်ဖောက်လုပ်တော့မှာ ဖြစ်ပါတယ်။ လက်ရှိလည်း မြေသားလမ်းအနေနဲ့ နွေ၊ မိုး၊ ဆောင်း ကူးလူးသွားလာနေကြတာဖြစ်ပါတယ်။

ပွင့်လင်းရာသီဆိုရင် ထိုင်းနိုင်ငံက ခရီးသည်နေ့စဉ် ခန့်မှန်းခြေ နှစ်ရာကျော် သုံးရာအထိ ထားဝယ်ကို လာရောက်လေ့လာကြတယ်။ ဒေသရဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေ၊ ပင်လယ်ဆိပ်ကမ်းတွေကို လာရောက်လေ့လာကြပါတယ်။

**ဦးသန်းစိန် (ထားဝယ်မြို့ခံတစ်ဦး)**



အခုထားဝယ်မှာ ထီးခီးနယ်စပ်ကနေ နိုင်ငံခြားသားခရီးသွားတွေက နေ့စဉ် ဝင်ထွက်မှုရှိနေပါတယ်။ ကူးလူးဆက်ဆံမှုလည်း အရင်ကထက် ပိုများလာပါတယ်။ အခု ဒီလမ်းကနေ လွယ်လွယ်ကူကူ ဝင်ထွက်သွားလာလို့ရတဲ့အတွက် ထိုင်းလူမျိုး တွေသာမက တခြားနိုင်ငံတွေက နိုင်ငံခြားသားတွေပါ ပိုပြီး စည်ကားလာတယ်။ ထားဝယ်က အရင်ကထက် ခရီးသွားလုပ်ငန်းတိုးတက်လာတယ်လို့ ကျွန်တော် ထင်ပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ပေါ်ပြီး အောင်မြင်လာမယ်ဆိုရင် ဒေသတစ်ခုလုံးရော နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးကိုကိုနိုင်**
**(ထားဝယ်ရိုးရာယဉ်ကျေးမှုအဖွဲ့)**



ထားဝယ် ရေနက်ဆိပ်ကမ်းကြီးက မတင်မကျ ဖြစ်နေတာကြာပြီ။ မင်းသမီးသီရိဒုံ အခုလိုလာရောက်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတွေ ပိုပြီးရလာမယ်၊ စီးပွားရေးလုပ်ငန်းတွေလည်း အောင်မြင်လာမယ်၊ အလုပ်အကိုင်ရှားပါးမှုတွေလည်း နည်းပါးလာမယ်၊ နောင်ဆိုရင် ထားဝယ်မြို့ကြီးက ပိုပြီး တိုးတက်စည်ပင်လာမှာဖြစ်ပါတယ်။

**ဦးထွန်းကြည်**
**(ထားဝယ်ဘုရားကြီး ဂေါပကအဖွဲ့)**



ထိုင်းဘုရင့်သမီးတော်က ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ အနုပညာကို ဝါသနာပါတယ်လို့ သိရှိရတဲ့အတွက် ရောက်ရင်ဘုရားကြီးဝင်းထဲမှာရှိတဲ့ သာသနိက အဆောက်အအုံတွေ၊ စေတီတော်၊ ပုထိုးတော်တွေ၊ ဘုရားကြီးပြတိုက်၊ ဘုရားကြီးစာကြည့်တိုက်တွေစတဲ့ သူသွားချင်တဲ့ နေရာတွေကိုလိုက်ပြီး ရှင်းလင်းပြသမှာဖြစ်ပါတယ်။

အရင်ကဆိုရင် ထားဝယ်နဲ့ ထိုင်းနိုင်ငံက ရန်ကုန်မြို့ကနေတစ်ဆင့် ကူးလူး ဆက်ဆံရပါတယ်။ အခုတော့ ထားဝယ်မြို့ အရှေ့ဘက်ပိုင်းမှာ ထိုင်းနဲ့ ထားဝယ် နေ့ချင်းပြန်သွားလို့ရတဲ့လမ်းပွင့်သွားပြီ၊ နှစ်နိုင်ငံအလွယ်တကူ ကူးလူးဆက်ဆံလို့ ရသွားပြီ၊ ကုန်ပစ္စည်းတွေလည်းအလွယ်တကူ ကူးသန်းရောင်းဝယ်လို့ရပြီ။ တစ်ခါတလေ ကျန်းမာရေးအတွက် ဗန်ကောက်ဆေးရုံကြီးမှာ ဆေးသွားကုချင်တယ်ဆိုရင်လည်း ကားလမ်းကသွားလို့ရပြီ၊ ဆိုလိုတာက ခရီးလမ်းပန်းကောင်းလာတဲ့အတွက် စီးပွားရေးမှာလည်း အဆင်ပြေတယ်။ နှစ်နိုင်ငံ ကုန်စည်ကူးသန်းရာမှာ

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

# ဆေးတက္ကသိုလ်(တောင်ကြီး)ဖွင့်ပွဲအခမ်းအနား မှတ်တမ်းဓာတ်ပုံမြင်ကွင်း





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆေးတက္ကသိုလ် (တောင်ကြီး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆေးတက္ကသိုလ်(တောင်ကြီး)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)







နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆေးတက္ကသိုလ်(တောင်ကြီး)ဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ထူးချွန်ကျောင်းသား ကျောင်းသူလေးများ။ Photo-YHT



ဆေးတက္ကသိုလ်(တောင်ကြီး)အား တွေ့ရစဉ်။ (သတင်းစဉ်)



# ကောလင်းမြို့နယ် ရေဘေးသင့်ကျေးရွာများမှ လူငယ်လူရွယ်များအား သင်ကြားပေးလျက်ရှိသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများသို့ ထောက်ပံ့ငွေများ ပေးအပ်

**မုံရွာ အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ ဇနီး၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဝေဝေခိုင်နှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက ကသာခရိုင် ကောလင်းမြို့နယ်သို့ ရောက်ရှိကြပြီး ကောလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် ကျေးရွာများမှ လူငယ် လူရွယ်များအား အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများဖြစ်သည့် စက်ချုပ်၊ အချက်အပြုတ်နှင့် မုန့်လုပ်နည်းသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေကျပ်နှစ်သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့်အဖွဲ့ဝင်များသည် ကောလင်းမြို့အနောက်ကျောင်းကြီး ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိကြပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဓမ္မစကူးကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များသည် ကသာမြို့သို့ရောက်ရှိကြရာ ကသာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ပို့ချလျက်ရှိသည့် အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၂/၂၀၁၅) ဖွင့်လှစ်သင်ကြားနေမှုအား ကြည့်ရှုအားပေးကာ သင်တန်းသူများအတွက် ထောက်ပံ့ငွေကျပ်တစ်သိန်း တို့ကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။



ဖိုးချမ်း(မုံရွာ)

# ပျက်စီးသွားသော ကလေး-ပြင်သာလမ်းကို ပြုပြင်လျက်ရှိ

**ကလေး အောက်တိုဘာ ၃**

ကလေးဒေသ၌ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးသွားသော ကလေး-ပြင်သာလမ်း ပြုပြင်ခြင်းလုပ်ငန်းများကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် မူလအနေအထားထက် သာလွန်ကောင်းမွန်စေရေး ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



လမ်းပြုပြင်ခြင်းလုပ်ငန်းများအဖြစ် လမ်းဘေးဝဲယာ ရေနုတ်မြောင်း အရှည် ပေ ၇၀၀၀ တူးဖော်ခြင်း၊ လမ်းအရှည်တစ်မိုင်တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီး လုပ်ငန်းဆောင်ရွက်ချိန် ၄၅ ရက်ကြာမြင့်ရန် ခန့်မှန်းထားကြောင်း သိရသည်။ သတ်မှတ်ချိန်အတွင်းလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ဦးမော်မော်နိုင်တို့က အောက်တိုဘာ ၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

လမ်းပြုပြင်ပြီးစီးပါက ကလေးမြို့မှ ပြင်သာဆိပ်ကမ်းဘက်သို့ ပြည်သူများ သွားလာရေးအတွက် များစွာအဆင်ပြေချောမွေ့လာမည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများကိုပါ အထောက်အကူပြုလာမည်ဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

# ကြံခင်းမြို့နယ်တွင် ကျေးရွာမြေငှားဂရန်စာချုပ်များထုတ်ပေး

**ကြံခင်း အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် တလိုင်းကွင်းကျေးရွာအုပ်စု၌ မြောက်အင်တိုင်းကျေးရွာနေ တောင်သူ ၄၇ ဦးတို့အား ကျေးရွာမြေငှားဂရန်စာချုပ်ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက မရမ်းချို ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ကျေးရွာမြေငှားဂရန်စာချုပ်ထုတ်ပေးခြင်းလုပ်ငန်းအား နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်နှင့်အညီ ကြံခင်းမြို့နယ် တလိုင်းကွင်းကျေးရွာအုပ်စု မြောက်အင်တိုင်းကျေးရွာတွင် ပထမဆုံး အကောင်အထည်ဖော်ဆောင်ပေးနိုင်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာပြည်သူ ၄၇ ဦးသို့ ၎င်းတို့ အမည်ပေါက် ကျေးရွာမြေငှားဂရန်စာချုပ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဇိရ)

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ဆက်လက်ပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၃**

ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းလိုင်းမှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် အဝတ်အထည်နှင့် အစားသောက်များ ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာမည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ အောက်တိုဘာ ၄ ရက်တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီး

**ကလေးဝ အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် အောက်တိုဘာ ၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် တုန်နန်းကျေးရွာမှ လူနေအိမ်သုံးလုံးနှင့် ကျွဲကူးကျေးရွာမှ လူနေအိမ် ၃၈ လုံး၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် ကျေးလက်ဆေးပေးခန်းတို့၏ သွပ်မိုးများလေပြင်းနှင့်အတူ လွင့်ပါပျက်စီးသွားခဲ့ပြီး ကာလတန်ဖိုးငွေ ကျပ် ၂၃ သိန်းကျော် ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခံရသော ဒေသများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်နေရာချရေးလုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ သေဆုံးဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **သီဟ(ပြန်/ဆက်)**

# ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းဆောင်ရွက်

**သဲကုန်း အောက်တိုဘာ ၃**

ပြည်ခရိုင် သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးရာသီတွင် တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲမှု နည်းပညာများလိုက်နာစေရန်နှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များလုံလောက်စွာရရှိနိုင်ရန်အတွက် ဆင်မြီးဆွဲနယ်မြေ သန္ဓေပင်အုပ်စု ကွင်းအမှတ် (၇၇၁) တွင် ဆင်းသွယ်လတ်မျိုးသန့် စံပြကွက်ဧက ၅၀ တွင် စက်တင်ဘာ ၃၀ ရက် နံနက်က စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စံပြကွက်သို့ ပြည်ခရိုင် မျိုးစေ့တာဝန်ခံ ဒေါ်ခင်ထွေးလှနှင့် သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့၏ကြီးကြပ်မှုဖြင့် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက စံပြကွက်သို့ကွင်းဆင်းကာ မျိုးကွဲနုတ်ပယ်ခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



မကွေးတိုင်းဒေသကြီး ငဖဲ-စေတုတ္တရာလမ်းပေါ်ရှိ မန်းချောင်းတံတား ပေ ၄၅၀ (သစ်သား၊ ဘေလီ) ပေ ၁၅၀ အရှည်ခန့် ရေတိုက်စားမျောပါပြီးနောက် တွေ့ရစဉ်။ (ဆောက်လုပ်ရေး)



မကွေးတိုင်းဒေသကြီး ငဖဲ-စေတုတ္တရာလမ်းပေါ်ရှိ မန်းချောင်းတံတား ယာယီဘေလီတံတားတည်ဆောက်ပြီး၍ ယာဉ်များ ဖြတ်သန်းနေသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

# မြန်မာနိုင်ငံ၏ (၅)ခုမြောက်ဆေးတက္ကသိုလ် (သို့မဟုတ်) ဆေးတက္ကသိုလ်(တောင်ကြီး)

**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် တစ်နှစ်ထက်တစ်နှစ် နိုင်ငံဘဏ္ဍာငွေများ ပိုမိုရင်းနှီးမြှုပ်နှံအသုံးပြုပြီး ဆောင်ရွက်နေသကဲ့သို့ ပြည်ပပညာသင်၊ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့ အများအပြား တိုးမြှင့်စေလွှတ်လျက်ရှိသည့်အပြင် ကာလတို အလုပ်ရုံဆွေးနွေးပွဲများကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။**

**အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးနှင့် ရေရှည်တွင်တိုးတက်လာမည့် လူဦးရေအတွက် ဆရာဝန်ဦးရေ တိုးတက်မွေးထုတ်နိုင်ရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် တည်ဆောက်ရာတွင် နိုင်ငံ၏ကဏ္ဍအသီးသီးတွင် အရည်အသွေးနှင့် အရည်အချင်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးပြီး လိုအပ်သည့်နယ်ပယ်အသီးသီး၌ တာဝန်ပေးနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဆေးတက္ကသိုလ်တစ်ခုဖွင့်လှစ်ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် စတင်လက်ခံသင်ကြားနိုင်ရန် ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ဆေးတက္ကသိုလ်(တောင်ကြီး)ကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။**

**မြန်မာနိုင်ငံ၏ ပဉ္စမမြောက် ဆေးတက္ကသိုလ်ဖြစ်သည့် ဆေးတက္ကသိုလ်(တောင်ကြီး) တည်ဆောက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ ရရှိမည့်အကျိုးကျေးဇူးများ၊ ဒေသခံတို့၏အမြင်နှင့် ဆန္ဒသဘောထားများအား မြန်မာ့သတင်းစဉ်က ဆက်သွယ်မေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်။**

**မေး/ရေး-ထွန်းဝင်းနိုင်၊ ဓာတ်ပုံ-မော်စီ**

**ဒေါက်တာဝင်းမြင့်အောင်**
**(ပါမောက္ခချုပ်)**
**တောင်ကြီးဆေးတက္ကသိုလ်**



အခုလောလောဆယ် နိုင်ငံတော်မှာ ဆေးတက္ကသိုလ်လေးခု ရှိပါတယ်။ ဆေးတက္ကသိုလ်(၁)၊ဆေးတက္ကသိုလ်(၂)နဲ့ ဆေးတက္ကသိုလ် (မန္တလေး)၊ ဆေးတက္ကသိုလ် (မကွေး)ဆိုပြီးတော့ ရှိပါတယ်။ ဆေးတက္ကသိုလ်ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့ ကျန်းမာရေးစီမံကိန်း နှစ်(၃၀)စီမံကိန်းအရ ဆရာဝန်နဲ့ လူဦးရေ အချိုးဟာ နှစ်(၃၀)ပြည့်တဲ့အခါ (၁ အချိုး ၁၁၀၀) ဖြစ်ဖို့အတွက် ရည်မှန်းပြီး ဆောင်ရွက်တဲ့အခါ ဆရာဝန်တွေ မွေးထုတ်ဖို့အတွက် လက်ရှိ ရှိနေတဲ့ ကျောင်းလေးကျောင်းနဲ့ မပြည့်မီနိုင်တဲ့အတွက် ထပ်ပြီးတော့ တိုးချဲ့ဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်။

ဒုတိယ ရည်ရွယ်ချက်ကတော့ ဆေးတက္ကသိုလ်တွေကို တိုင်းတွေမှာပဲ ဖွင့်ထားပါတယ်။ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းတွေမှာပဲရှိပြီး ဘယ်ပြည်နယ်မှာမှ မဖွင့်ရသေးပါဘူး။ ပြည်နယ်တစ်ခုစီအနေနဲ့ဆိုရင် ဒီရှမ်းပြည်နယ်ဟာ လူဦးရေအနေနဲ့လည်း ပိုပြီးတော့ သိပ်သည်းပါတယ်။ ဧရိယာကလည်း ပိုပြီးတော့ ကျယ်ပြန့်တဲ့အတွက် ဆေးတက္ကသိုလ် (တောင်ကြီး)ကို ရွေးချယ်ဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်။

အခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၁၂၀ ခန့်မှန်းပြီးတော့ ရွေးချယ်သင်ကြားပေးသွားဖို့ ရည်ရွယ်ပါတယ်။ ဒေသအနေနဲ့ကတော့ ရှမ်းပြည်နယ် (တောင်ကြီး)မှာ ဖွင့်လှစ်ထားတာဖြစ်တဲ့အတွက် ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်ကို အခြေခံပြီးတော့ ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေဖြစ်တဲ့ ကိုးကန့်၊ 'ဝ' ပလောင်၊ ပအိုဝ်း၊ ဓနု အစရှိတဲ့ ဒေသတွေက ကျောင်းသားတွေကိုလည်း ဒီမှာပဲတက်ဖို့ လောလောဆယ် ရည်ရွယ်ထားပါတယ်။

သင်ကြားရေးအနေနဲ့ကတော့ ပထမနှစ် သင်ကြားမှာဖြစ်တဲ့အတွက် အဓိကဌာနကြီး ခုနစ်ခု ရှိပါတယ်။ ဒီအဓိကဌာနကြီး ခုနစ်ခုမှာ တွဲဖက်ပါမောက္ခ ခြောက်ဦးနဲ့ သင်ကြားဌာနမှာ တစ်ဦးခန့်အပ်ပေးပါမယ်။ အဲ့ဒီအောက်မှာမှ အဆင့်ဆင့်ရှိတဲ့ နည်းပြဆရာမတွေ စုစုပေါင်း ၅၃ ဦးကို ခန့်အပ်ထားပြီးဖြစ်ပါတယ်။ ဒါကလည်း ပထမနှစ် သင်ကြားရေးအတွက် ဒီကျောင်းသားနဲ့ လုံလောက်တဲ့ လူဦးရေဖြစ်တဲ့အတွက်ကြောင့် ပထမနှစ် အတွက် ကောင်းစွာသင်ကြားဖို့ အတွက် အဆင်သင့်ဖြစ်နေပါပြီ။ နောက်တစ်ခုက ကျောင်းသားတွေ လက်တွေ့ ဆောင်ရွက်ဖို့အတွက် လက်တွေ့ခန်းတွေမှာလည်း ဖြည့်တင်းရမယ့် ပစ္စည်းတွေအကုန်လုံးကို ဖြည့်ဆည်းပြီး ဖြစ်တဲ့အတွက်ကြောင့် ကျောင်းသား ကျောင်းသူတွေ ရောက်လာတဲ့အခါမှာ ချက်ချင်းအဆင်သင့် သင်ကြားပေးနိုင်တဲ့ အနေအထားကိုလည်း ရောက်ရှိနေပြီ ဖြစ်ပါတယ်။

အခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ဟာ ပထမနှစ်ဖြစ်တဲ့အတွက်ကြောင့် ဘာသာရပ်ခုနစ်ခု သင်ကြားပါမယ်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝနဲ့ သတ္တဗေဒဆိုပြီးတော့ ခုနစ်ခု သင်ကြားပေးမှာ ဖြစ်ပါတယ်။ နောက်နှစ် ဒုတိယနှစ်ကို ရောက်သွားတဲ့အခါကျတော့ ဒုတိယနှစ်သင်တန်းမှာ သုံးဘာသာ သင်ကြားရမှာဖြစ်ပါတယ်။ ဒီသုံးဘာသာ သင်ကြားဖို့အတွက်လည်း ဆရာဆရာမတွေ စတင်ခန့်အပ်ဖို့အတွက် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ကျောင်းသားတွေ လက်တွေ့ဆောင်ရွက်နိုင်ဖို့အတွက်ကိုလည်း ဒီနှစ်ဘတ်ဂျက်မှာ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ယူပြီး အဲ့ဒီကျောင်းသားတွေ နောက်တစ်တန်း တက်သွားတဲ့အချိန်မှာ အဆင်သင့်ဖြစ်အောင် အခုကတည်းက ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကျောင်းက မွေးထုတ်ပေးလိုက်တဲ့ ဆရာဝန်တွေဟာ ပြည်သူတွေအပေါ်မှာ စေတနာ မှန်မှန်ကန်ကန်နဲ့ ဆရာဝန်စိတ်ဓာတ်ပြည့်ပြည့်ဝဝနဲ့ ကုသပေးနိုင်တဲ့ ဆရာဝန်ကောင်းများ ဖြစ်ဖို့အတွက်ကို ရည်ရွယ်ပြီးတော့ ပြုစုပျိုးထောင်ပေးပါမယ်လို့ ပြောချင်ပါတယ်။ ကျောင်းသူ ကျောင်းသားများအနေနဲ့ကလည်း ပညာရပ်မှာ အသိပညာ၊ စိတ်ခံစားမှု၊ တတ်ကျွမ်းမှုဆိုပြီးတော့ သုံးမျိုးရှိပါတယ်။ Knowledge တစ်ခုတည်း တတ်ကျွမ်းနေရုံနဲ့ ပြည်သူကို အကျိုးပြုနိုင်တဲ့ ဆရာဝန်ကောင်းတွေမဖြစ်နိုင်ပါဘူး။ ဒါကြောင့် Knowledge ရှိသလိုပဲ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားမှုတွေကလည်း နိုင်ငံတော်အပေါ်မှာ သစ္စာရှိမယ်။ ပြည်သူတွေအပေါ်မှာ အလုပ်အကျွေးပြုချင်တယ် ကိုယ်ကိုယ်တိုင်ကလည်း ဆရာဝန်တစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ နေထိုင်နိုင်တဲ့ ဆရာဝန်မျိုးဖြစ်ဖို့ လိုအပ်ပါတယ်။ ကလေးတွေကို ဆေးပညာရပ်နဲ့ ပတ်သက်ရင် ကျွမ်းကျွမ်းကျင်ကျင် ဖြစ်တဲ့ထိအောင် သင်ကြားပေးသွားဖို့ လိုပါတယ်။ ကလေးတွေကို စိတ်ဓာတ်ပိုင်း ဆိုင်ရာမှာလည်း ကောင်းမွန်အောင် ပြုစုပျိုးထောင်ပေးသွားပါမယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာ သက်ခိုင်ဝင်း(ပါမောက္ခ)**
**အမြဲတမ်းအတွင်းဝန်**
**ကျန်းမာရေးဝန်ကြီးဌာန**



ဆေးတက္ကသိုလ် (တောင်ကြီး) ဟာဆိုရင် နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ အစိုးရအဖွဲ့လက်ထက်မှာ ပထမဦးဆုံးဖွင့်လှစ်တဲ့ ဆေးတက္ကသိုလ်ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်နယ်မှာ ပထမဦးဆုံးဖွင့်လှစ်တဲ့ ဆေးတက္ကသိုလ်လည်း ဖြစ်ပါတယ်။ ဒီဆေးတက္ကသိုလ်ကို ဖွင့်လှစ်လိုက်ခြင်းအားဖြင့် ပြည်နယ်မှာရှိနေတဲ့ ကျောင်းသား ကျောင်းသူတွေ၊ အထူးသဖြင့် ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်က ကျောင်းသား ကျောင်းသူတွေဟာ မိမိတို့ရဲ့ အိုးအိမ်နဲ့ မဝေးကွာတဲ့နေရာမှာ သူတို့ရဲ့ ပညာတွေကို ဆက်လက်သင်ကြားနိုင်မှာ ဖြစ်ပါတယ်။

အရင်ကဆိုရင် ပြည်နယ်က ထူးချွန်တဲ့ ကျောင်းသား ကျောင်းသူတွေဟာ ဆေးတက္ကသိုလ်တက်မယ်ဆိုရင် မကွေးတိုင်းမှာရှိတဲ့ မကွေးဆေးတက္ကသိုလ်ကို တက်ရတဲ့အတွက် မိဘတွေနဲ့ဝေးတယ်။ ပြီးတော့ ကုန်ကျစရိတ်လည်း များပါတယ်။ အခုအချိန်မှာ ဒီဆေးတက္ကသိုလ် ဖွင့်လှစ်လိုက်တဲ့အတွက် အများကြီး ကုန်ကျစရိတ်တွေ လျှော့ကျသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဆေးတက္ကသိုလ် (တောင်ကြီး)ဟာ ဆေးတက္ကသိုလ်တစ်ခုတည်း ဖွင့်လှစ်လိုက်တာမဟုတ်ဘဲနဲ့ တက္ကသိုလ်နဲ့ ဆက်စပ်ပြီးတော့ လိုအပ်လာမယ့် သင်ကြားရေးဆေးရုံတွေကိုပါ ဆက်လက်ဖွင့်လှစ်သွားမှာဖြစ်တဲ့အတွက် နောက်ပိုင်းမှာ လုပ်သားပြည်သူတွေဟာ အဆင့်မြင့်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေကို ခံယူရရှိတော့မှာ ဖြစ်ပါတယ်။ ဒါတွေဟာဆိုရင် ဆေးတက္ကသိုလ် ဖွင့်လှစ်ခြင်းအားဖြင့် ရရှိလာတဲ့ အကျိုးကျေးဇူးတွေ ဖြစ်ပါတယ်။

ဒီဆေးတက္ကသိုလ်(တောင်ကြီး)မှာဆိုရင် ၂၀၁၅ ခုနှစ် အခုနှစ်က စပြီး ကျောင်းသားတွေကို လက်ခံပြီး သင်ကြားမယ်။ ပထမပိုင်းမှာတော့ ဘွဲ့ကြိုသင်တန်းတွေကို ဖွင့်လှစ်ပြီးတော့ နောက်ပိုင်းမှာ ဘွဲ့လွန်သင်တန်းတွေပါ ဖွင့်လှစ်မှာဖြစ်တဲ့အတွက်ကြောင့် ဘွဲ့လွန်သင်တန်းတွေ ဖွင့်လှစ်နိုင်ဖို့အတွက် အဆင့်မြင့်သင်ကြားရေး ဆေးရုံတွေကိုလည်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကယားပြည်နယ်နဲ့ ရှမ်းပြည်နယ်က လုပ်သားပြည်သူတွေဟာ အခုလိုခေတ်မီတဲ့ ကုသမှုတွေကို ခံယူရရှိတော့မှာ ဖြစ်ပါတယ်။

နောက်ပြီးတော့ ဒီဆေးတက္ကသိုလ်ဟာ ကျန်းမာရေးဝန်ကြီးဌာနကဖွင့်လှစ်တဲ့ (၅)ခုမြောက် ဆေးတက္ကသိုလ် ဖြစ်ပါတယ်။ ဒါကြောင့် ဒီဆေးတက္ကသိုလ် (တောင်ကြီး) ဖွင့်လှစ်ဖို့အတွက် စီစဉ်လမ်းညွှန်ပေးတဲ့ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်ကို ပံ့ပိုးပေးတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဆေးတက္ကသိုလ်ဖွင့်လှစ်ရာမှာ အစစအရာရာအဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ ကျန်းမာရေးဝန်ထမ်းအားလုံးကို ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားနဲ့ ပြည်သူတွေရဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

**ဒေါက်တာမျိုးထွန်း**
**ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး**



ရှမ်းပြည်နယ်ဟာ လူဦးရေ ၅၈ သိန်းလောက်နေထိုင်တဲ့ ပြည်နယ်ကြီး တစ်ခုဖြစ်ပါတယ်။ ပြည်နယ်ကြီးတစ်ခုလုံးမှာ ကျေးရွာပေါင်း ၁၃၆၄၉ ရွာရှိပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆေးရုံပေါင်း ၁၅၈ ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း ၁၀၀၀ လောက်ပဲ ရှိပါတယ်။ နယ်တွေမှာရှိတဲ့ ဆေးရုံတွေမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲအရ ဆရာဝန်တွေမရှိတဲ့ ဆေးရုံတွေလည်း ရှိပါတယ်။ ဒေသခံဆရာဝန်တွေဆိုရင်တော့ ပိုပြီးတော့ အဆင်ပြေမယ်ဆိုပြီး စဉ်းစားမိပါတယ်။ လက်ရှိအစိုးရလက်ထက်မှာ တိုင်းရင်းသား ဒေသခံဆရာဝန်တွေများများ မွေးထုတ်နိုင်ဖို့အတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်တဲ့ ရှမ်းပြည်နယ် အစိုးရကနေ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးကို တောင်ကြီးဆေးတက္ကသိုလ် ဖွင့်လှစ်ဖို့ တင်ပြပါတယ်။ တင်ပြတဲ့အခါ ပြည်ထောင်စု အစိုးရရုံးကလည်း ခွင့်ပြုပေးပါတယ်။

ဒီဆေးတက္ကသိုလ်ဖွင့်ရတဲ့ ရည်ရွယ်ချက်ကတော့ လက်ရှိ မကွေးဆေးတက္ကသိုလ် တက်ရောက်နေတဲ့ ကျောင်းသူ ကျောင်းသား တစ်ဝက်လောက်က ရှမ်းပြည်နယ်က ဖြစ်ပါတယ်။ နောက်တစ်ခုက ကလေးတွေကို စာသင်ကြားပေးမယ့် သင်ကြားရေးဆေးရုံကတော့ စဝ်စံထွန်းဆေးရုံနဲ့ အမျိုးသမီးနဲ့ ကလေးဆေးရုံ ခုတင် ၂၀၀ ဆေးရုံနှစ်ခုမှာ လူနာက ၃၀၀ နဲ့ အထက်မှာရှိတဲ့အတွက် ကလေးတွေကို လက်တွေ့စာသင်ကြားနိုင်ဖို့လည်း အဆင်ပြေမယ့်အနေအထား ဖြစ်ပါတယ်။ အဲ့ဒီအဆိုပြုချက်နဲ့ တင်ပြီးတော့ ခွင့်ပြုတဲ့အတွက် တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပြီး တောင်ကြီး ဆေးတက္ကသိုလ်ကို စတင်ဖွင့်လှစ်တဲ့ အနေအထား ဖြစ်ပါတယ်။

အခုလို ဆေးရုံကြီးဖွင့်လှစ်နိုင်တဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ မကွေး၊ မန္တလေးတွေကို သွားတက်နေတဲ့ ကလေးတွေဟာ အခု ကိုယ့်မြို့၊ ကိုယ့်ရွာမှာ တက်နိုင်ပါပြီ။ နောက်ပြီး ကိုယ့်မြို့ ကိုယ့်ရွာမှာပဲ တာဝန်ထမ်းဆောင်နိုင်မယ့် အခွင့်အရေးတွေ ရတော့မယ့်အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုမှာလည်း များစွာ အထောက်အကူ ဖြစ်တဲ့အတွက် ပြည်နယ်အစိုးရအနေနဲ့ အင်မတန် ဝမ်းသာပါတယ်။

**ဒေါ်နန်းခမ်းစဝ်**
**ကထိကဌာနမှူး (အင်္ဂလိပ်စာဌာန)**



ရှမ်းပြည်နယ်မှာ ခမ်းနားတဲ့၊ ကြီးကြယ်တဲ့ ဆေးတက္ကသိုလ်ကြီးကို ဖွင့်လှစ်ပေးတဲ့အတွက် သမ္မတကြီးနဲ့အတူတကွ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ ရှမ်းပြည်နယ်ကို ပိုပြီးတော့တိုးတက်အောင် လုပ်ပေးတဲ့အတွက်လည်း တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

အရင်တုန်းက ဝေးလံသီခေါင်တဲ့ နေရာကနေ မကွေးတို့၊ တခြား ရန်ကုန်၊ မန္တလေး သွားတက်ရတယ်။ ကိုယ့်ရဲ့ဒေသမှာပဲ ဒီဆေးတက္ကသိုလ် ဖွင့်တယ်ဆိုတော့ နီးနီးနားနား တက်နိုင်တယ်ဆိုတဲ့ အတွက်ကြောင့် တိုင်းရင်းသားတွေအတွက်ကို ပိုပြီးတော့မှ အဆင်ပြေမယ်လို့ ထင်ပါတယ်။

## ပြောက်အိုး၊ မီးရှူးမီးပန်း၊ ရှူးဒိုင်းများရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းမရှိရေးနှိုးဆော်

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် ပြောက်အိုး၊ မီးရှူး မီးပန်း၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများထံမှတစ်ဆင့် ရည်ရွယ်ချက်ဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကိုထိခိုက်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးမီးပန်း၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များအား လူစည်ကားရာနေရာများ၊ ကုန်တိုက်ကြီးများ၊ ဈေးများ၊ လမ်းမကြီးများတွင် ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းများမရှိစေရေး သိရှိလိုက်နာကြရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အသိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းအရေးကိစ္စများဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသည့် အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ မျက်နှာစုံညီအစည်းအဝေးတွင် အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်း၌ မြန်မာနိုင်ငံဆိုင်ရာ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။ (မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

ယင်းနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံရွေးကောက်ပွဲအပါအဝင် မြန်မာနိုင်ငံ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းအရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၁ ရက်က အီတလီနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါအိုလာ ဂျန်တီလိုနီနှင့် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နိုင်ငံတကာမျက်နှာစာများ၌ ပူးပေါင်းဆောင်ရွက်ရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာပြည်သူများ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် အားလုံးပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆက်လက်ဆောင်ရွက်မည်

**အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပြောကြားသည့် အထွေထွေမူဝါဒရေးရာမိန့်ခွန်း**

**(နယူးယောက်မြို့၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့)**



**သဘာပတိ၊ အတွင်းရေးမှူးချုပ်၊ ကိုယ်စားလှယ်တော်များနဲ့ ဧည့်သည်များခင်ဗျား၊**

ပထမဦးစွာအဆွေတော်အား အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးရဲ့ သဘာပတိအဖြစ် အရွေးချယ်ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိအရင် မိန့်ခွန်းပြောကြားသွားသည့် ကိုယ်စားလှယ်အဖွဲ့များနည်းတူ ပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ ထက်မြက်တဲ့ ဦးဆောင်မှုနဲ့ သံတမန်ရေးရာကျွမ်းကျင်မှုတို့ဟာ မိမိတို့ရဲ့ ဆွေးနွေးမှုများကို အောင်မြင်မှုများပေါ်ထွက်လာအောင် ထိန်းကျောင်းသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ မိမိတို့ ကိုယ်စားလှယ်အဖွဲ့အနေနဲ့ အဆွေတော်အား အပြည့်အဝပံ့ပိုးလျက် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဆွေတော်မတိုင်မီ (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိအဖြစ် တာဝန်ထမ်းဆောင်သွားတဲ့ မစ္စတာ ဆမ်ခါဟန်ဘာ ကူတီဆာကိုလည်း ပြောင်မြောက်စွာ စွမ်းဆောင်နိုင်ခဲ့တဲ့အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း အလားတူပြောကြားလိုပါတယ်။

**သဘာပတိခင်ဗျား၊**

ယခုနှစ်ဟာ ကုလသမဂ္ဂအဖွဲ့အစည်းကြီးရဲ့ အကြိမ်(၇၀)မြောက် အထိမ်းအမှတ်နှစ်ဖြစ်ပါတယ်။ ဒီသမိုင်းတွင်စေမည့် အခမ်းအနားဟာ ကမ္ဘာလုံးဆိုင်ရာဒီအဖွဲ့ကြီးရဲ့ အောင်မြင်မှုများကို ပြန်လည်ကြည့်ရှုရန်နဲ့ သုံးသပ်ရန် အခွင့်အရေးများရရှိစေမှာဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ခြင်းဟာ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကိုကာကွယ်လျက် အနာဂတ်မျိုးဆက်သစ်များအား စစ်ဘေးဒဏ်မှကယ်တင်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ကမ္ဘာကြီးကိုအတိတ်က နှစ်ကြိမ်ဖြစ်ပွားခဲ့တဲ့ ကမ္ဘာစစ်ပွဲတစ်ပွဲမျိုးမှထပ်မံမဖြစ်ပွားရန် အောင်မြင်စွာကာကွယ်နိုင်ခဲ့ခြင်းကြောင့် ဒီအဖွဲ့ကြီးဟာ အမြင့်မားဆုံး အသိအမှတ်ပြုလေးစားမှုကို ရရှိခဲ့ပါတယ်။ အခြားတစ်ဖက်မှာလည်း ဒေသဆိုင်ရာပဋိပက္ခများ၊ သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုလှိုင်းလုံးများ၊ အစွန်းရောက်အကြမ်းဖက်သူများနဲ့ ၎င်းတို့ရဲ့ ရက်စက်ကြမ်းကြုတ်မှုများနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီစိန်ခေါ်မှုများကို အဖြေရှာရန် အတူတကွ တိုးမြှင့်လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့အားလုံးအတွက် ပိုမိုသာယာဝပြောသောဘဝများ ဖော်ဆောင်ပေးရာမှာလည်း အောင်မြင်မှုများရရှိပါတယ်။ ဆင်းရဲနွမ်းပါးမှုမှ လူသန်းပေါင်းများစွာကို လွတ်မြောက်စေမှု၊ ကလေးသူငယ် သန်းပေါင်းများစွာအား ကျောင်းနေပညာသင်ကြားပေးနိုင်မှု၊ သေစေနိုင်သည့် ရောဂါဘယဆိုးများအား တိုက်ဖျက်နိုင်မှု၊ ကျား/မ တန်းတူရည်တူရှိမှုနဲ့ လူ့အခွင့်အရေးတိုးမြှင့်နိုင်မှုတို့ဟာ ကုလသမဂ္ဂရဲ့ခရီးတစ်လျှောက်မှာ သိသာထင်ရှားတဲ့ သမိုင်းမှတ်တိုင်များဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ် အတွင်းတွင် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို တစ်ခဲနက် အတည်ပြုချမှတ်နိုင်ခဲ့ခြင်းကို အောင်မြင်မှုများစာရင်းများမှာ ထည့်သွင်းရမှာ ဖြစ်ပါတယ်။

ဒါပေမယ့် ခက်ခဲတဲ့စိန်ခေါ်မှုများ ဆက်လက်ရှိနေဆဲဖြစ်ပါတယ်။ ယနေ့ကမ္ဘာမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခများဟာ ကိုလိုနီအမွေကချန်ထားခဲ့တဲ့ စိတ်ဝမ်းကွဲပြားမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ ဆုံးရှုံးရလျက်ရှိပါတယ်။ အကြမ်းဖက်မှုမှ တိုးမြှင့်ပေါ်ပေါက်နေတဲ့ ခြိမ်းခြောက်မှုများ၊ အစွန်းရောက်တရားမှ အကြမ်းဖက်လုပ်ဆောင်ချက်များကို ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုနဲ့ ပတ်ဝန်းကျင် ယိုယွင်းပျက်ဆီးမှုများဟာ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆင်းရဲနွမ်းပါးသူများရဲ့ ဘဝများကို ထိခိုက်စေလျက်ရှိပါတယ်။ မမျှတမှုများဟာလည်း ကျယ်ပြန့်လာနေပြီး ဆင်းရဲနွမ်းပါးသူများကို ပိုမိုနောက်ကျကျန်ရစ်စေခဲ့ပါတယ်။

ယခုအချိန်ဟာ အဖွဲ့ကြီးရဲ့အနာဂတ်အတွက် မိမိဘာသာ ပြန်လည်ဆန်းစစ်ရန် အကောင်းဆုံးအချိန်ဖြစ်ပါတယ်။ အဖွဲ့ကြီးပြုပြင်ပြောင်းလဲရေး၊ စွမ်းဆောင်ရည်ဦးစားပေးမှု စသည်တို့မှာ တိုးတက်မှုရရှိရေး အပါအဝင် ယနေ့အချိန်အခါရဲ့ စိန်ခေါ်မှုများကိုဖြေရှင်းရန် ကျွန်ုပ်တို့ရဲ့ အတူတကွဆုံးဖြတ်ချက်ကိုလည်း ပိုမိုခိုင်မာစေရန်ဆောင်ရွက်ရမယ့် အချိန်အခါဖြစ်ပါတယ်။

**သဘာပတိခင်ဗျား၊**

ယနေ့အချိန်အခါရဲ့ အသစ်အသစ်ပေါ်ထွက်လာနေတဲ့ စိန်ခေါ်မှုအသစ်များဟာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ စွမ်းဆောင်ရည်နဲ့ ထိရောက်မှုကို တစ်စထက်တစ်စ ပိုမိုစမ်းသပ်လျက်ရှိပါတယ်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အခြေခံမူကြီးများဟာ ယနေ့ထက်တိုင် ဆီလျော်မှုရှိနေပါတယ်။ သို့သော်လည်း လွန်ခဲ့တဲ့ နှစ်ပေါင်း(၇၀)ကျော်က တည်ထောင်ခဲ့တဲ့ ကမ္ဘာ့အဖွဲ့အစည်းအနေဖြင့်မူ ယနေ့ပြောင်းလဲနေတဲ့ အခြေအနေများနဲ့လည်းကောင်း၊ သိသိသာသာတိုးပွားလာတဲ့ အဖွဲ့ဝင်ဦးရေနဲ့လည်းကောင်း လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲဖွဲ့စည်းရန်လိုအပ်ပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုလည်း ပိုမိုကိုယ်စားပြုနိုင်ရန်၊ ပိုမိုထိရောက်မှုရှိစေရန်၊ ပွင့်လင်းမြင်သာမှုရှိစေရန်နဲ့ ပဋိညာဉ်စာတမ်းမှ အပ်နှင်းထားသည့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်ဆိုတဲ့တာဝန်ကို ပေါက်မြောက်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရန် ပြုပြင်ပြောင်းလဲရမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။

ကုလသမဂ္ဂအား ပြုပြင်ပြောင်းလဲတဲ့ အစိတ်အပိုင်းတစ်ရပ်အနေနဲ့ လူ့အခွင့်အရေးကော်မရှင်ရဲ့ အားနည်းချက်များကို ကုစားနိုင်ရန် လူ့အခွင့်အရေးကောင်စီကို ၂၀၀၆ ခုနှစ်မှာ ထူထောင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း လူ့အခွင့်အရေးကိစ္စရပ်များမှာ နိုင်ငံရေးသွတ်သွင်းမှုနဲ့ အမြတ်ထုတ်မှုများ တိုးပွားနေဆဲဖြစ်ပါတယ်။ အားလုံးတစ်ပြေးညီပါဝင်နိုင်မှု၊ ရည်ရွယ်ချက်မှန်ကန်မှုနဲ့ ခွဲခြားရွေးထုတ်ဆောင်ရွက်မှုမပြုခြင်း စတဲ့အခြေခံမူများဟာလည်း မရေမရာဖြစ်နေပါတယ်။ နိုင်ငံအားလုံးရဲ့လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်တဲ့လုပ်ငန်းစဉ်ဟာ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးအတွက် မျှတဘက်မလိုက်ဘဲ နိုင်ငံအားလုံးအပေါ် တစ်ပြေးညီ ဆွေးနွေးနိုင်တဲ့ အစည်းအဝေးဖြစ်တယ်လို့ မြန်မာနိုင်ငံက ယုံကြည်ပါတယ်။

**သဘာပတိခင်ဗျား၊**

ကုလသမဂ္ဂကြီးသို့ မြန်မာနိုင်ငံက သမိုင်းမှတ်တိုင်အနေနဲ့ အထင်ကရပါဝင်ဆောင်ရွက်ပေးခဲ့တာကတော့ အဖွဲ့အစည်းကြီးကို အတွင်းရေးမှူးချုပ်တစ်ဦး ထောက်ပံ့ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။ ဦးသန့်ဟာ အဖွဲ့ဝင်နိုင်ငံများအကြား မူဝါဒယှဉ်ပြိုင်မှု၊ မယုံကြည်မှုနဲ့ လုံခြုံရေးတင်းမာမှုများရှိနေတဲ့ အကျပ်အတည်းအချိန်တွင် ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ တာဝန်ယူခဲ့ခြင်းဖြစ်ပါတယ်။ သူဟာလုံခြုံရေးတိုးတက်ရရှိစေခြင်းအပြင် ဆင်းရဲတဲ့နိုင်ငံများမှာ စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဖွဲ့ကြီးရဲ့ လုပ်ငန်းများကို ချဲ့ထွင်ခြင်းတို့တွင် အဓိကပါဝင်ခဲ့ပါတယ်။ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်နဲ့ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်တို့ကိုလည်း စတင်နိုင်ခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးဟာ နေရာတိုင်းမှလူများရဲ့ လိုအပ်ချက်များနဲ့ မျှော်လင့်ချက်များကို ဆောင်ကြဉ်းပေးရန်လိုအပ်ကြောင်း အမြော်အမြင်ကြီးစွာ ပြောကြားခဲ့ပါတယ်။ ဒီအမြော်အမြင်ဟာ အဖွဲ့အစည်းကြီးရဲ့ အလုပ်အတွက် ယခင်ကထက်ပင်ပို၍ ဆီလျော်မှုရှိနေပြီး နှစ်(၇၀)အလွန် ကုလသမဂ္ဂကြီးအတွက် လမ်းညွှန်ချက် ဖြစ်သင့်ပါတယ်။

**သဘာပတိခင်ဗျား၊**

လက်ရှိအစိုးရတာဝန်ယူစဉ်ကာလအတွင်း မြန်မာနိုင်ငံဟာ လက်နက်ဖျက်သိမ်းရေးနယ်ပယ်မှာ မြန်မာနိုင်ငံရဲ့အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာ နျူကလီးယားစွမ်းအင်အေဂျင်စီရဲ့ နောက်ဆက်တွဲစာချုပ်ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခြင်းဖြင့် စတင်ခဲ့ပြီး ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြုပါဝင်ခြင်း၊ ဓာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်ကို ယခုနှစ် ဇူလိုင်လတွင် အတည်ပြုပါဝင်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေဟာ မြန်မာနိုင်ငံရဲ့ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ရည်မှန်းချက်အပေါ် ခိုင်မာတဲ့ကတိကဝတ်ကို ကိုယ်စားပြုပြသလိုက်ခြင်းပဲ ဖြစ်ပါတယ်။

နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆိုင်ရာ အဆိုမူကြမ်းတစ်ရပ်ကို မြန်မာနိုင်ငံဟာ နှစ်စဉ်တင်သွင်းလျက်ရှိပြီး အဖွဲ့ဝင်နိုင်ငံအများစုရဲ့ ထောက်ခံမှုဖြင့် အတည်ပြုချမှတ်လျက်ရှိပါတယ်။ ကမ္ဘာကြီးမှာ နျူကလီးယားလက်နက်ကင်းစင်မှသာ ဘေးကင်းလုံခြုံတဲ့ ကမ္ဘာကြီးဖြစ်မယ်ဆိုတဲ့ ခိုင်မာတဲ့ယုံကြည်ချက်ကို ဒီဆုံးဖြတ်ချက်က ထင်ဟပ်နေပါတယ်။ ဒီဆုံးဖြတ်ချက်ကို အဓိကတင်သွင်းတဲ့နိုင်ငံအနေနဲ့ ယခုနှစ်တင်သွင်းမယ့် ဆုံးဖြတ်ချက်ကိုလည်း ဆက်လက်ထောက်ခံပေးဖို့ အဖွဲ့ဝင်နိုင်ငံများအားလုံးကို ပန်ကြားအပ်ပါတယ်။

**သဘာပတိခင်ဗျား၊**

ပဋိပက္ခမှငြိမ်းချမ်းရေးသို့လျှောက်လှမ်းနေတဲ့ နိုင်ငံအများရဲ့ ခက်ခဲစွာရုန်းကန်ကြိုးပမ်းတဲ့လမ်းကြောင်းမှာ ငြိမ်းချမ်းရေးထိန်းသိမ်းမှု ဆောင်ရွက်ပေးခြင်းဟာ ဒီနိုင်ငံများကိုကူညီရန် ကုလသမဂ္ဂအနေနဲ့ လုပ်ဆောင်နိုင်တဲ့ နည်းလမ်းတစ်ရပ်ဖြစ်ပါတယ်။

ပဋိပက္ခများရဲ့ သဘောသဘာဝဟာ ယခုအချိန်အခါမှာ ပြောင်းလဲလာလျက်ရှိပြီး ပိုမိုလည်း ရှုပ်ထွေးလာလျက်ရှိပါတယ်။ ဒါ့ကြောင့် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များကို ပြန်လည်သုံးသပ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့အချိန်ကိုက်ဆောင်ရွက်ချက်များကို မိမိတို့အနေနဲ့ ကြိုဆိုပါတယ်။ တစ်ချိန်တည်းမှာပဲ ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှာပါတဲ့ အခြေခံမူများနဲ့ ကုလသမဂ္ဂရဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းမှု အစဉ်အလာများဆိုင်ရာ အခြေခံမူများကိုလည်း အားလျော့မသွားစေဖို့ များစွာအရေးကြီးပါတယ်။

**သဘာပတိခင်ဗျား၊**

ကျွန်ုပ်တို့ဟာ ဒီနေရာမှာလွန်ခဲ့တဲ့ ၁၅ နှစ်က တွေ့ဆုံခဲ့ပြီး ဆင်းရဲနွမ်းပါးမှုကိုတိုက်ဖျက်ရန် ကတိကဝတ်ပြုခဲ့ကြပါတယ်။ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနဲ့ ဦးတည်ချက်များ ရည်မှန်းချက်ကြီးကြီးနဲ့ ချမှတ်ခဲ့ပါတယ်။ လူသန်းပေါင်း တစ်ထောင်ကျော်ကို အလွန်အမင်းဆင်းရဲခြင်းမှ လွတ်မြောက်နိုင်ခဲ့သော်လည်း လူသန်း ၈၀၀ ခန့်မှာ အလွန်အမင်း ဆင်းရဲနွမ်းပါးလျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ ဆင်းရဲနွမ်းပါးမှုနဲ့ ငတ်မွတ်မှုလျှော့ချရေး၊ အခြေခံပညာအဆင့်တွင် ကျား/မ ကွာဟချက်အား ဖယ်ရှားရေး၊ ကလေးသေဆုံးမှုနှုန်း လျှော့ချရေး၊ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးနဲ့ ဖွံ့ဖြိုးမှုအတွက် ကမ္ဘာ့မိတ်ဖက်များနဲ့ လက်တွဲဆောင်ရွက်ရေးတို့တွင် သိသာတဲ့တိုးတက်မှုများ ရရှိခဲ့ပါတယ်။

ယခုနှစ်တွင် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး အစီအစဉ်အား အတည်ပြုချမှတ်ခဲ့ခြင်းဖြင့် ထောင်စုနှစ်ရည်မှန်းချက်များရဲ့ မပြီးမြောက်သေးတဲ့လုပ်ငန်းများကို လွှဲပြောင်းအကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံရေးကတိကဝတ်ပြုမှု၊ မိတ်ဖက်ဆောင်ရွက်ခြင်း တိုးမြှင့်နိုင်မှု၊ စွမ်းဆောင်ရည်မြှင့်တင်နိုင်မှုနဲ့ အကောင်အထည်ဖော်ရာတွင် လုံလောက်သည့် အရင်းအမြစ်များရရှိရေးတို့ဟာ ရည်မှန်းချက်ကြီးမားတဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ အောင်မြင်ပေါက်မြောက်စေရန် အဓိကကျပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့မှုများဟာ ဖွံ့ဖြိုးဆဲနိုင်ငံများက ၎င်းတို့ရဲ့ ပြည်သူများအတွက် ကြိုးပမ်းအားထုတ်မှုများအပေါ် ဆိုးကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကိုလည်း နှောင့်နှေးစေမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုပါပိတ်ဆို့မှုများကို ဆောလျင်စွာဖယ်ရှားပေးရန် တောင်းဆိုလိုက်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ကမ္ဘာကြီးဟာ မိုးရွာသွန်းမှုနဲ့ ဆီးနှင်းကျဆင်းမှု ပုံစံပြောင်းလဲလာခြင်း၊ အပူချိန်မြင့်တက်လာမှုနဲ့ ပြင်းထန်တဲ့ မိုးသက်မုန်တိုင်းများတို့ကို တွေ့ကြုံရလျက်ရှိပါတယ်။ မိမိတို့ဟာ ရေရှည်တည်တံ့ပြီး ကြံ့ကြံ့ခံနိုင်တဲ့ ကမ္ဘာကြီးပေါ်ပေါက်လာဖို့ မျှော်မှန်းနေတဲ့အချိန်မှာ ရာသီဥတုပြောင်းလဲမှုမှာ လူသားများပါဝင်ပတ်သက်နေတယ်လို့ သိပ္ပံအဖွဲ့အစည်းတွေက တွေ့ရှိသဘောတူကြလျက်ရှိပါတယ်။

ယခုအချိန်အခါဟာ ကတိကဝတ်တွေကို လက်တွေ့ဆောင်ရွက်မှုတွေအဖြစ် အသွင်ပြောင်းလဲရမှာ ဖြစ်ပါတယ်။ အငြင်းပွားနေရမယ့်အချိန်မဟုတ်ပါဘူး။ ၂၀၁၅ ခုနှစ်၊ ပါရီမြို့မှာကျင်းပမယ့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံမှာ ကမ္ဘာကြီးရဲ့ ပူနွေးမှုမြင့်တက်လာခြင်းကို ၂ ဒီဂရီဆဲစီရက်စ်အောက် ထိန်းထားပြီး အဓိပ္ပာယ်ပြည့်ဝလျက် တစ်ကမ္ဘာလုံးလိုက်နာ ကျင့်သုံးနိုင်မယ့် ရာသီဥတုပြောင်းလဲမှု သဘောတူညီချက်တစ်ရပ်ချမှတ်ဖို့ အလွန်အရေးကြီးပါတယ်။ အဲဒီသဘောတူညီချက်မှာ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတွေအတွက် ရာသီဥတုပြောင်းလဲမှုကြောင့် သက်ရောက်မှုတွေကို ကူညီဖြေရှင်းနိုင်မယ့် ပြည့်စုံလုံလောက်တဲ့ ငွေကြေးနဲ့ နည်းပညာပိုင်းဆိုင်ရာ အရင်းအမြစ်များ လုံလုံလောက်လောက်နဲ့ ထပ်လောင်းဖြည့်ဆည်းပေးဖို့ ကတိကဝတ်တွေ ပါဝင်ရမှာဖြစ်ပါတယ်။

**သဘာပတိခင်ဗျား၊**

ရွှေ့ပြောင်းသွားလာခြင်းဟာ ထူးခြားတဲ့အခြင်းအရာတစ်ခု မဟုတ်ပါ။ ဥရောပနဲ့ အာရှဒေသတို့မှာ ဖြစ်ပွားနေတဲ့ ရွှေ့ပြောင်းသွားလာသူများအရေးနဲ့ စပ်လျဉ်းပြီး မြန်မာနိုင်ငံအနေနဲ့ ဒီခန်းမကြီးထဲမှာရှိကြတဲ့ ပုဂ္ဂိုလ်များနည်းတူ စိုးရိမ်ပူပန်မိပါတယ်။ ခရီးစဉ်တစ်လျှောက် လူများအား အသက်ကယ်ခြင်း၊ ပိုမိုကောင်းမွန်တဲ့ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒများ၊ နိုင်ငံအတွင်း ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု၊ လူမှောင်ခိုမှုနဲ့ လူကုန်ကူးမှုတို့အား နှိမ်နင်းခြင်းတို့ဟာ တရားမဝင် ရွှေ့ပြောင်းသွားလာမှုဖြစ်ပွားတဲ့နေရာတိုင်းမှာ ဒီကိစ္စကို စဉ်းစားဖြေရှင်းရာမှာ မရှိမဖြစ် အရေးကြီးပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးရာကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့ပါတယ်။ အစိုးရဟာ ဒီမိုကရေစီအတွက် ခိုင်မာတဲ့ အခြေခံအုတ်မြစ်များကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နေပါတယ်။ ပြုပြင်ပြောင်းလဲမှုများကြောင့် ဒီမိုကရေစီ၊ စီးပွားရေးဖွံ့ဖြိုးမှုရလဒ်များ တိုးတက်စေခဲ့ပြီး၊ အစိုးရမဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့များနဲ့ ကွာဟချက်များကိုလည်း ကျဉ်းမြောင်းစေခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်တဲ့ အစောပိုင်းကာလများကပင် နိုင်ငံရေးအင်အားစုများကို တံခါးဖွင့်ကြိုဆိုခဲ့တဲ့အတွက် နိုင်ငံရေးမှာ ဆွေးနွေးတိုင်ပင်တဲ့ ယဉ်ကျေးမှုအသစ် ပေါ်ပေါက်လာခဲ့ပါတယ်။ နိုင်ငံတော်တည်ဆောက်မှု လုပ်ဆောင်ချက်များမှာ ပါဝင်နိုင်ရန် ယခင်အကျဉ်းသားများကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်များ ပေးခဲ့ပါတယ်။ နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသည့် တက်ကြွလှုပ်ရှားသူများ၊ သတင်းမီဒီယာသမားများ၊ စွန့်ဦးထီထွင်သူများနှင့် ပညာရှင်များသည် မိခင်နိုင်ငံသို့ ပြန်လာကြပြီဖြစ်ပါတယ်။ ယင်းပုဂ္ဂိုလ်များဟာ ငြိမ်းချမ်းသာယာဝပြောသော မြန်မာနိုင်ငံကြီးဖြစ်လာစေရန် ဘုံရည်မှန်းချက်ထားပြီး အစိုးရနဲ့အတူ လက်တွဲလုပ်ကိုင်လျက်ရှိပါတယ်။

အတွေ့အကြုံနုနယ်တဲ့ ဒီမိုကရေစီနိုင်ငံသစ်တစ်နိုင်ငံမှာ တွေ့ကြုံရမြဲဖြစ်တဲ့ စိန်ခေါ်မှုများကိုလည်း မလွဲမရှောင်သာ ကြုံတွေ့ရလျက်ရှိပါတယ်။ ဒါပေမယ့် ဒီစိန်ခေါ်မှုတွေကို ကျော်လွှားသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဟာ အောင်မြင်မှုရရှိကြောင်း သက်သေပြနိုင်ခဲ့ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လေးနှစ်တာကာလမှာ ပျမ်းမျှစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း (၈) ရာခိုင်နှုန်းကို ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ စာရင်းဝင်အဖြစ်မှ ဆောလျင်စွာ လွတ်မြောက်နိုင်ရန် ရည်ရွယ်ထားပါတယ်။ ထိုသို့ ဆောင်ရွက်နိုင်ဖို့ မိမိတို့ဟာ လာမည့်နှစ်များမှာလည်း ဒီနှစ်စဉ် ပျမ်းမျှဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ရမှာ ဖြစ်ပါတယ်။ ရေရှည်တည်တံ့တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချဖို့အတွက် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်ကို ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ယင်းဟာ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံစာရင်းဝင်အဖြစ်မှ လွတ်မြောက်စေရန် ခိုင်မာတဲ့အခြေခံတစ်ရပ်ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံရဲ့ စီးပွားရေး အလားအလာများဟာ ဆက်လက်ကောင်းမွန်နေကြောင်း ခန့်မှန်းထားပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

မြန်မာနိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံနဲ့ ယုံကြည်ကိုးကွယ်မှုပေါင်းစုံတည်ရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို အာမခံထားပါတယ်။ မတူညီတဲ့ ဘာသာရေးအဆောက်အအုံများအား နိုင်ငံတစ်ဝန်း အတူတကွ ဘေးချင်းယှဉ်လျက်တည်ရှိနေပြီး၊ ကိုးကွယ်ယုံကြည်မှု မတူညီကြတဲ့ လူမှုအသိုက်အဝန်းများဟာလည်း တစ်ရပ်ကွက်တည်းမှာပဲ အတူတကွ နေထိုင်လျက်ရှိကြပါတယ်။

ရခိုင်ပြည်နယ်ရဲ့အခြေအနေဟာ ပြောင်းလဲနေပြီဖြစ်ပါတယ်။ အစိုးရဟာ မည်သည့်အကြမ်းဖက်မှုမျှ အသစ်ထပ်မံ မပေါ်ပေါက်စေဖို့အတွက် ဆောင်ရွက်နိုင်ခဲ့သည်သာမက ဘာသာပေါင်းစုံဆွေးနွေးပွဲများဖြင့် ငြိမ်းချမ်းရေး လိုလားသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွက်လာရန် ဆောင်ရွက်ခဲ့ပါတယ်။ လူ့အသိုက်အဝန်းများနဲ့သူတို့ရဲ့ ခေါင်းဆောင်များအကြား တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်လျက်ရှိပါတယ်။ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး ပြန်လည်ရရှိနေပြီဖြစ်ပါတယ်။

မိမိပြောကြားနေတဲ့အချိန်မှာပဲ ရခိုင်ပြည်နယ်မှာ အကူအညီပေးရေးအဖွဲ့ပေါင်း ၂၀ ကျော်က လူသားချင်းစာနာထောက်ထားမှု အကူအညီနဲ့ အခြားအကူအညီတွေ ပေးအပ်နေကြပါတယ်။ အဲဒါနဲ့ ဆက်စပ်ပြီး မိမိတို့အနေနဲ့ လူသားချင်းစာနာထောက်ထားရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ပေါင်းစည်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အကူအညီတွေပေးအပ်နေတဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာမိတ်ဖက်တွေကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို နိုင်ငံတစ်ဝန်းတည်ထောင်ထားပြီး ကိုးကွယ်ယုံကြည်မှုအားလုံးမှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားပါတယ်။ ယင်းအဖွဲ့ဟာ လစဉ်အစည်းအဝေးများ ပြုလုပ်လျက်ရှိပြီး ငြိမ်းချမ်းရေးနဲ့ သဟဇာတဖြစ်မယ့် သတင်းစကားများကို ပြည်သူများထံသို့ ဖြန့်ဖြူးလျက်ရှိပါတယ်။ ၎င်းတို့သည် ဘာသာရေးဆိုင်ရာနေရာများသို့ သွားရောက်ခြင်း၊ လိုအပ်သည့်နေရာများ၌ အရေးပေါ်အကူအညီများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ပေးအပ်လျက်ရှိပါတယ်။ လူမှုအဖွဲ့အစည်းအများအပြားဟာလည်း ကွဲပြားခြားနားတဲ့ လူမှုအသိုက်အဝန်းများအကြား ပေါင်းကူးဆောင်ရွက်ပေးလျက် ရှိကြပါတယ်။

အမျိုးသားပြန်လည်ညီညွတ်ရေးအတွက် ငြိမ်းချမ်းရေးဟာ ကနဦးလိုအပ်ချက်တစ်ရပ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ခုအဖြစ် တည်ထောင်ရာမှာလည်း မှတ်တိုင်တစ်ခုဖြစ်ပါတယ်။ ငြိမ်းချမ်းမှု မရှိပါက ဒီမိုကရေစီထွန်းကားမှု မရှိနိုင်ပါဘူး။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း ရေရှည်တည်တံ့နိုင်မှာ မဟုတ်ပါ။

ဒီလိုယုံကြည်မျှော်မှန်းချက်နဲ့အညီ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဟာ နိုင်ငံတော်တာဝန်ယူပြီး မကြာခင်မှာပဲ မြန်မာနိုင်ငံမှာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့ပါတယ်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် အချိန်နဲ့လိုအပ်ချက်များကို ဖော်ထုတ်နိုင်ရန် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့တော့ လက်မှတ်ရေးထိုးရန် အဆင်သင့်ရှိပြီး ရေးထိုးမယ့်အချိန်ကို စိတ်ရှည်လက်ရှည်နဲ့ စောင့်ဆိုင်းနေပါတယ်။ မကြာခင်မှာပဲ ဒီသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီနောက်မှာတော့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ မူဘောင်တစ်ရပ်ကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်အတွက် နိုင်ငံတကာအသိုက်အဝန်းမှ စိတ်ဝင်စားမှုရှိပြီး အားပေးကူညီတာကို အသိအမှတ်ပြုအပ်ပါတယ်။

လူ့အခွင့်အရေးတိုးမြှင့်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးဟာ ကျွန်ုပ်တို့အတွက် အမြဲတမ်းအရေးကြီးတဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မကြာသေးခင်က ပြုပြင်ပြောင်းလဲမှုများဟာ မြန်မာပြည်သူများကို အခြေခံလူ့အခွင့်အရေးများနဲ့ လွတ်လပ်ခွင့်များ တိုးတက်ရရှိခံစားစေနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပြဋ္ဌာန်းပြီးနောက် ပါရီအခြေခံ မူများနှင့် ညီညွတ်အောင် ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။

ပြည်သူများရဲ့ သဘောထားနှင့် အမြင်များ ပိုမိုတိုးတက်ဖော်ပြလာနိုင်ခြင်းဟာ မြန်မာနိုင်ငံမှာ သိသာမြင်လွယ်သော တိုးတက်မှုတစ်ရပ်ဖြစ်ပါတယ်။ ပုံနှိပ်ထုတ်ဝေသူများ စိစစ်ခြင်းကို ပယ်ဖျက်ခဲ့ပြီးနောက် သတင်းမီဒီယာလောက လွတ်လပ်ခွင့်ပိုမိုရရှိခဲ့သလို နေ့စဉ်သတင်းစာများနဲ့ အပတ်စဉ်ဂျာနယ်များလည်း ပိုမိုထုတ်ဝေလာကြပါတယ်။

လွတ်လပ်ငြိမ်းချမ်းစွာ သင်းပင်းဖွဲ့စည်းခွင့်နဲ့ စုရုံးခွင့်တွေမှာလည်း အခွင့်အရေးများ သိသာစွာတိုးတက်ရရှိလျက် ရှိပါတယ်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွင်း စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ စာချုပ်ကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှာ လက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ်ကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ခြင်းဟာ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးဆိုင်ရာ အဆင့်အတန်း ပိုမိုမြင့်မားလာလျက်ရှိကြောင်း အထင်အရှား သက်သေပြလျက်ရှိပါတယ်။

**သဘာပတိခင်ဗျား၊**

ဆိုင်ကလုန်းကိုမန်ကျရောက်ပြီးနောက် မြန်မာနိုင်ငံဟာ အပျက်အစီးများတဲ့ သဘာဝဘေးအန္တရာယ်တစ်ရပ်ကို ဇူလိုင်လနဲ့ ဩဂုတ်လအတွင်းက ခံစားခဲ့ရပါတယ်။ မိုးကြီးမှုကြောင့် ရေလွှမ်းမိုးမှုနဲ့ မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ပေါ်ပေါက်လာတဲ့ ပျက်စီးဆုံးရှုံးမှုများဟာ လွန်ခဲ့တဲ့ (၇)နှစ်က ကြုံတွေ့ခဲ့ရတဲ့ ဆိုင်ကလုန်းနာဂစ်ထက် ပိုမိုပြင်းထန်ကျယ်ပြန့်ပါတယ်။ ရေဘေးသင့်ပြည်သူများကို အကူအညီပေးတဲ့ ရပ်နီးရပ်ဝေးမှ ချစ်ကြည်ရင်းနှီးသော နိုင်ငံများ၊ ကုသလမဂ္ဂနဲ့ နိုင်ငံတကာအသိုက်အဝန်းကို ကျေးဇူးတင်ရှိပါတယ်။

**သဘာပတိခင်ဗျား၊**

အထွေထွေရွေးကောက်ပွဲတွေကို နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပတော့မှာဖြစ်တဲ့အတွက် ဒီနှစ်ဖြစ်တဲ့ ၂၀၁၅ ခုနှစ်ဟာ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးပါတယ်။ လာမယ့်ရွေးကောက်ပွဲများဟာ ပွင့်လင်းမြင်သာပြီးလွတ်လပ်၊ တရားမျှတမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်တွင်းသက်ဆိုင်သူများ၊ နိုင်ငံတကာ မိတ်ဖက်များနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**သဘာပတိ၊ အတွင်းရေးမှူးချုပ်၊ ကိုယ်စားလှယ်တော်များနဲ့ ဧည့်သည်များခင်ဗျား၊**

ပြီးခဲ့တဲ့ တစ်နှစ်ခွဲအတွင်းမှာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျွန်ုပ်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုရဲ့ နှုန်းထားကို လူတိုင်းအားရကျေနပ်မှု ရှိချင်မှရှိမှာဖြစ်ပါတယ်။ ဒါပေမယ့် ပိုမိုကောင်းမွန်သော နိုင်ငံရေးနဲ့ လူမှုစီးပွားရေးအခြေအနေများ၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ဆွေးနွေးတိုင်ပင်တဲ့ အလေ့အထ ပျိုးထောင်မှုများ၊ နိုင်ငံတော်တည်ဆောက်ရေးမှာ လူမှုအဖွဲ့အစည်းများ ပိုမိုပါဝင်လာမှု စတာတွေကို ဆောင်ကြဉ်းပေးနိုင်ခဲ့တယ်ဆိုတာ မငြင်းနိုင်ပါဘူး။

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်ဟာ အရှိန်အဟုန်ရနေပြီး မှန်ကန်တဲ့လမ်းကြောင်းဘက်သို့လည်း ဦးတည်လျက်ရှိပါတယ်။ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ မြန်မာနိုင်ငံအပေါ် ရည်ရွယ်ချက်မှန်မှန်နဲ့ အပြုသဘောဖြင့် ဆက်လက်ပံ့ပိုးကူညီသွားသင့်ပါတယ်။ ကျွန်ုပ်တို့အနေနဲ့ကတော့ မြန်မာပြည်သူများရဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနဲ့ အားလုံးပါဝင်တဲ့ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် မဆုတ်မနစ်နဲ့ ကတိကဝတ်ရှိရှိ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# မဲခေါင်ဒေသတွင်းသာမက ပြင်ပနိုင်ငံများနှင့်ပါ လူကုန်ကူးမှုတိုက်ဖျက်ရေး ချိတ်ဆက်နိုင်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကုလသမဂ္ဂစီမံချက်ဒေသတွင်း စီမံကိန်းမန်နေဂျာ Ms. Kaori Kauarabayachi ၊ နည်းပညာပိုင်းဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Paul Buckley နှင့် ဒေါ်အေးမာကျော် (စီမံကိန်းညှိနှိုင်းရေးမှူး)တို့သည် အောက်တိုဘာ ၂ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရဲချုပ်က အင်ဒိုနီးရှားနိုင်ငံတွင် မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများ ရောက်ရှိနေသဖြင့် မဲခေါင်ဒေသတွင်း နိုင်ငံများတွင်သာမက မဲခေါင်ဒေသပြင်ပနိုင်ငံများနှင့်ပါ လူကုန်ကူးမှုတိုက်ဖျက်ရေးကို ချိတ်ဆက်တိုက်ဖျက်နိုင်ရေး၊ ပြည်တွင်းလူကုန်ကူးမှု တိုက်ဖျက်ရေးတွင် အရပ်ဘက်အဖွဲ့အစည်းများပါ စွမ်းရည်မြှင့်တင်ပေးကာ ပူးပေါင်းဆောင်ရွက်လာနိုင်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအား လေ့လာစောင့်ကြည့် အကဲဖြတ်ရေးစနစ်ထူထောင်ရေး၊ သုတေသနလုပ်ငန်းများမှတစ်ဆင့် ရရှိလာသည့် အချက်လက်များသည် တတိယအဆင့် ငါးနှစ်စီမံကိန်း (၂၀၁၇-၂၀၂၁)ရေးဆွဲရာတွင် အထောက်အကူပြုရေးတို့ကို ဆွေးနွေးသည်။

UN-ACT သည် UNIAP ၏ မဲခေါင်ဒေသတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း၏ နောက်ဆက်တွဲ စီမံကိန်းဖြစ်သည်။ မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံဖြစ်သည့်



ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် နှင့် တရုတ်နိုင်ငံတို့၏ COMMIT Process တွင် အတွင်းရေး မှူး တာဝန်ယူဆောင်ရွက်နေသည့် စီမံကိန်းလည်းဖြစ်သည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံဘုရင့်သမီးတော် ထားဝယ်မြို့သို့ ရောက်ရှိလေ့လာ

ထားဝယ် အောက်တိုဘာ ၃

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒုံသည် ယနေ့နံနက် ၇ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိသည်။**

မဟာချက်ကရီသီရိဒုံမင်းသမီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာ ဝင်းအောင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီစနုစူဗန်နကျတာနှင့်ဇနီး၊ တာဝန်ရှိသူများက ထားဝယ်လေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် မဟာချက်ကရီသီရိဒုံမင်းသမီးနှင့်အဖွဲ့သည် ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘုလယ်ဒေသ၌ မြန်မာ-ထိုင်း- ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နေသည့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ထားဝယ်အထူးစီးပွားစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအာခွန်းနှင့် အီတာလျံ-ထိုင်း ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ပရမ်ချိုင်တို့က ကနဦးစီမံကိန်း စတင်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘုလယ်ဒေသ၌ မြန်မာ-ထိုင်း-ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နေသည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများကို စတင်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်တွင် ဒေသခံပြည်သူသုံးသိန်းခန့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအခါ တန်ချိန် တစ်သောင်းခွဲခန့်ရှိသည့် သင်္ဘောများဆိုက်ကပ်နိုင်သော ဆိပ်ကမ်းငယ်တစ်ခု တည်ဆောက်ပြီးဖြစ်ကာ ကုန်လှောင်ရုံများနှင့် ဆိပ်ကမ်း၊ အဝင်အထွက်သောင်တူးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ်သို့ ဆက်သွယ်မည့် မိုင် ၉၀ ခန့်ရှိ နှစ်လမ်းသွား မော်တော်ကားလမ်းကို မြေသားလမ်းအဆင့် ဖောက်လုပ်ထားပြီး လမ်းအဆင့်မြှင့်တင်ရန် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကနဦးစီမံကိန်းတွင် စက်မှုဇုန်ဧက ၇၀၀၀ ခန့်ကို အပိုင်းလိုက်တည်ဆောက်သွားမည်ဖြစ်ပြီး အထောက်အကူပြုလုပ်ငန်းများဖြစ်သည့် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ ရေပေးဝေရေးလုပ်ငန်း၊ မြို့ပြလုပ်ငန်းနှင့် တယ်လီဖုန်းလိုင်းတည်ဆောက်ရေးလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် မဟာချက်ကရီသီရိဒုံမင်းသမီးသည် တိုင်းဒေသကြီး ဧည့်ရိပ်သာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေးကိစ္စများကို ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ထားဝယ်မြို့ ဘုရားကြီးလမ်းပေါ်ရှိ နှစ်ပေါင်း၂၅၀ ကျော်သက်တမ်းရှိသည့် ထားဝယ်ဘုရားကြီးသို့ သွားရောက်ပြီး ရွှေတောင်စားစေတီနှင့် လောကမာရဇိန် ကြေးဆင်းတုတော်ကြီးတို့ကို ဖူးမြော်ကြည်ညိုရာ ဘုရားကြီးဂေါပက အဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် မဟာချက်ကရီသီရိဒုံမင်းသမီးသည် ထားဝယ်မြို့မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာရာ တာဝန်ရှိသူများက ထားဝယ်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံသည် ထားဝယ်မြို့သို့ ပထမဆုံးအကြိမ် ရောက်ရှိခြင်းဖြစ်သည်။ ၄င်းသည် မြန်မာနိုင်ငံသို့ ၁၉၈၆၊ ၁၉၉၄၊ ၂၀၀၃၊ ၂၀၁၀ နှင့် ၂၀၁၃ ခုနှစ်များအတွင်း (၅)ကြိမ် လာရောက်ခဲ့ပြီးဖြစ်ရာ ယခုနှစ်အတွင်း လာရောက်မှုသည် ဆဋ္ဌမအကြိမ်မြောက် ခရီးစဉ်ဖြစ်သည်။ **(သတင်းစဉ်)**



**ထိုင်းနိုင်ငံဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒုံနှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုတို့ တွေ့ဆုံဆွေးနွေးစဉ်။**




**ထိုင်းနိုင်ငံဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒုံ ထားဝယ်အထူးစီးပွားရေးဇုန် ပုံစံငယ်ကို ကြည့်ရှုစဉ်။**

# ကမ္ဘာ့အကြီးဆုံးစာအုပ်သင်္ဘောကြီးဖွင့်ပွဲအပြီး စာပေဝါသနာရှင် ကြည့်ရှုလေ့လာသူများဖြင့် စည်ကား

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်မြို့ အလုံမြို့နယ် အပြည်ပြည်ဆိုင်ရာသင်္ဘောဆိပ်ကမ်းသို့ အောက်တိုဘာ ၂ ရက် (ယမန်နေ့ နံနက်က) ဆိုက်ရောက်လာသည့် ကမ္ဘာ့အကြီးဆုံးစာအုပ်သင်္ဘောကြီး MV Logos Hope ပေါ်ရှိ စာအုပ်အရောင်းခန်းမကို ယနေ့ နံနက် ၁၀ နာရီတွင် စတင်ဖွင့်လှစ်ပြီးနောက် စာအုပ်များကို သက်သာသောဈေးနှုန်းဖြင့် စတင်ရောင်းချပေးရာ လာရောက်ကြည့်ရှုလေ့လာဝယ်ယူသူ စာပေဝါသနာရှင်များ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ကမ္ဘာ့အကြီးဆုံးစာအုပ်သင်္ဘောကြီးတွင် သုတ၊ ရသ၊ နည်းပညာဆိုင်ရာ စာအုပ်များ၊ အတတ်ပညာ၊ ဆေးပညာ၊ အားကစားနှင့် ကလေးစာပေအပါအဝင် ဘာသာရပ်ဆိုင်ရာ စာအုပ်ပေါင်း ၅၀၀၀ ကျော်ပါရှိပြီး ယနေ့မှ အောက်တိုဘာ ၁၄ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအတွင်း စာပေဝါသနာရှင်ပြည်သူများ ကြည့်ရှုဝယ်ယူလေ့လာနိုင်ရန် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး တနင်္ဂနွေနေ့ တစ်ရက်တည်းသာ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့အကြီးဆုံးစာအုပ်သင်္ဘောကြီး ယခုကဲ့သို့ဆိုက်ကပ်လာမှုအပေါ် ရန်ကုန်မြို့ခံပြည်သူများနှင့် စာပေဝါသနာရှင်များက အထူးစိတ်ဝင်စားလျက်ရှိပြီး အသင်းအဖွဲ့များနှင့် ကျောင်းသားကျောင်းသူတို့ကလည်း လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူကြမည်ဟု သိရှိရသည်။ **သတင်း - သတင်းစဉ်(ရန်ကုန်)၊ ဓာတ်ပုံ - စိုင်းဟန်**



*စာမျက်နှာ ၆ မှ*

လည်း လွယ်ကူတယ်။ လူမှုရေးအရလည်း အဆင်ပြေတယ်။ ချစ်ကြည်ရင်းနှီးမှုလည်းရတာပေါ့။ ဒါက အကျိုးအမြတ်တွေ ဖြစ်ပါတယ်။

**ဦးထိန်ရီ**
**(လောင်းလုံးမြို့နယ်မှ တောင်သူ)**

ထားဝယ်အထူးစီးပွားရေးဇုန်ကြီးအကောင်အထည်ပေါ်လာရင် ကျွန်တော်တို့ တနင်္သာရီတိုင်းတစ်ခုလုံးစီးပွားရေးတွေကောင်းလာမယ်၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်လာတဲ့အတွက် အလုပ်လက်မဲ့တွေ အလုပ်ရလာမယ်၊ တိုးတက်လာမယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ဆီမှာ အလုပ်သမားတွေရှိပေမယ့် အလုပ်မရှိတော့ အလုပ်လက်မဲ့လို ဖြစ်နေတယ်။ နောင်အထူးစီးပွားရေးဇုန် ဖြစ်ပေါ်လာခဲ့ရင် ကျွန်တော်တို့ ရွာသူ၊ ရွာသားတွေ တစ်ဖက်နိုင်ငံကိုသွားပြီး အလုပ်သွားလုပ်စရာ မလိုတော့ဘဲ ကိုယ့်မိသားစု၊ ကိုယ့်တိုင်းပြည်မှာမိသားစုသိုက်သိုက်ဝန်းဝန်းနဲ့ အေးအေးချမ်းချမ်းအလုပ်လုပ်မှာဖြစ်ပါတယ်။



**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**

ထားဝယ် အထူးစီးပွားရေးဇုန်က စတင်အကောင်အထည်ဖော်ကတည်းက ထိုင်းနဲ့ မြန်မာ နှစ်နိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းကြီးဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်ကတည်းက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပေမယ့် မအောင်မြင်ဘဲ ရပ်တန့်ခဲ့ရပါတယ်။ အဲဒါကြောင့် ၂၀၁၂ ခုနှစ်ကစပြီး မြန်မာ နဲ့ ထိုင်းအစိုးရတို့ နှစ်ဖက်ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လမှာတော့ ကနဦးစီမံကိန်းတွေ အကောင်အထည်ဖော်ဖို့ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနဲ့ ဆောင်ရွက်မယ့် အီတာလျံ - ထိုင်းကုမ္ပဏီတို့ လက်မှတ်ရေးထိုးပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။



အခုလို လုပ်ငန်းတွေ စတင်ဆောင်ရွက်နေချိန်မှာ အခုလို မင်းသမီးကိုယ်တိုင် အထူးစီးပွားရေးဇုန်စီမံကိန်းကို လာရောက်ကြည့်ရှုတယ်ဆိုတာ ကောင်းတဲ့ လက္ခဏာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ အခြေပြုတဲ့ ထိုင်းစီးပွားရေးလုပ်ငန်းရှင်တွေ၊ နိုင်ငံခြားအထူးသဖြင့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်တွေကလည်း ဘုရင့်သမီးတော် ဒီလို လာရောက်အားပေးကြည့်ရှုတယ်ဆိုရင် ဒီလုပ်ငန်းကြီးအပေါ်ပိုပြီး ယုံကြည်စိတ်ချမှု ရှိလာမယ်၊ စီမံကိန်းကြီး အကောင်အထည်ဖော်ရာမှာလည်း ပိုပြီး သွက်သွက်လက်လက်ဖြစ်လာမယ်၊ ရင်းနှီးမြှုပ်နှံသူတွေကို ပိုပြီးဆွဲဆောင်နိုင်လာမှာဖြစ်တယ်လို့ ကျွန်တော်အနေနဲ့ ယုံကြည်မိပါတယ်။

အထူးစီးပွားရေးဇုန်တွေထဲမှာ ထားဝယ်အထူးစီးပွားရေးဇုန်က အင်မတန် ကြီးမားတဲ့ အထူးစီးပွားရေးဇုန် စီမံကိန်းဖြစ်ပါတယ်။ ရေနက်ဆိပ်ကမ်းလည်းပါတယ်၊ နှစ်နိုင်ငံပူးတွဲပြီး နယ်စပ်အထိ ဖောက်လုပ်နိုင်မယ့် လမ်းကြီးတွေလည်းပါတယ်၊ ထိုင်းနိုင်ငံတင်မက မဟာမဲခေါင်ဒေသမှာပါတဲ့ နိုင်ငံတွေအကုန်လုံးကို ဖြတ်သန်းသွားမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့အတွက်သာမက ဒေသတစ်ခုလုံးမှာရှိတဲ့ နိုင်ငံတွေအတွက်ပါ စီးပွားရေးအရလည်း ဖွံ့ဖြိုးမယ်၊ စီမံကိန်းကြီးကလည်း ကြီးမားတဲ့အတွက် အားလုံးကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရင်စီမံကိန်း အောင်မြင်မှုက ပိုမိုမြန်ဆန်မယ်လို့ ကျွန်တော်အနေနဲ့ ယူဆပါတယ်။

**တွေ့ဆုံမေးမြန်း - သူရဇော်နှင့် မြင့်လှိုင်**

# လှိုင်လင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား သုံးသောင်းကျော်ဖမ်းဆီးရမိ


ပြစ်မှုကျူးလွန်သူ ခွန်တင်အောင်မိုးနှင့် မရဲလာဝင်းတို့နှစ်ဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂ ရက်က နမ့်စန်မြို့ဘက်မှ လှိုင်လင်မြို့ဘက်သို့ ခွန်တင်အောင်မိုး မောင်းနှင်ပြီး မရဲလာဝင်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၄၀၀ သိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၁ ရက်က တောင်ကြီး-ဇလဲကျေးရွာသွားကားလမ်းတွင် မင်းမင်းဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၅ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့တိုက်မိ

**နေပြည်တော် အောက်တိုဘာ ၃**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် လှဖြူပြာလမ်းမကြီးနှင့် အထက(၁၁) ကျောင်းရှေ့၌ လိုက်ထရပ်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တို့ တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁ ရက် ည ၇ နာရီခန့်က ယာဉ်မောင်း ဦးမင်းလွင် (၄၉ နှစ်) မောင်းနှင်လာသော လိုက်ထရပ်ယာဉ်သည် လှဖြူပြာလမ်းမကြီး အနောက်ဘက်မှ အရှေ့ဘက်သို့ အထက(၁၁) ကျောင်းရှေ့ အရှိန်ထိန်းခုံးကိုရှောင်တိမ်း၍ မောင်းနှင်လာစဉ် လှဖြူပြာ(၂)လမ်းကြားမှ လှဖြူပြာလမ်းမကြီးပေါ်သို့ ဖြတ်ကွေ့မောင်းနှင်လာသော ဦးအောင်ကျော်ဝင်း၏ ဆိုင်ကယ်ကို တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဦးအောင်ကျော်ဝင်း၌ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ပြီး ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူနေကြောင်း သိရသည်။ **ကိုပေါက်(ဥတ္တရမြေ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ပုသိမ်ကြီး အောက်တိုဘာ ၃**

အောက်တိုဘာ ၁ ရက်က ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကျောက်ချောကွက်သစ်နေ ခင်ဇော်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၊ အလေးချိန် ၁၄ ဂရမ်ခန့်နှင့် ဆင်းကတ်နှစ်ခုပါ HUAWEI 730 အမျိုးအစားလက်ကိုင်ဖုန်း တစ်လုံးတို့ကိုတွေ့ရှိသဖြင့် ဒုရဲအုပ် လင်းလင်းဦးက သက်သေများရှေ့ ရှာဖွေပုံစံရေးသွင်း သိမ်းဆည်းခဲ့သည်။

ခင်ဇော်အားစစ်မေးရာ ဖမ်းဆီးရမိဆေးပြားများအား စက်တင် ဘာ ၃၀ ရက်က ဆိုင်ကယ်နှင့် ဈေးလှည့်လည်ရောင်းချသူ မအေးသီတာဝင်းဆို သူထံမှ ဆေးပြား ၂၀၀ ပါ တစ်ထုပ်ကို ငွေကျပ်သုံးသိန်းဖြင့် ပြန်လည်ရောင်းချရန်ဝယ်ယူခဲ့ကြောင်း သိရသဖြင့် စိတ်ကြွရူးသွပ်ဆေးပြား လက်ဝယ်တွေ့ရှိသူ ခင်ဇော် (၄၆ နှစ်)နှင့် ဆေးပြားများရောင်းချပေးသူ မအေးသီတာဝင်း(ဖမ်းမမိသေး) (၂၀ နှစ်) ခန့် တို့နှစ်ဦးကို အုန်းချောနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မန္တလေး(ကိုယ်ပွား)**

# တူမီးသေနတ်နှင့်သားကောင်ကိုပစ်ခတ်ရာမှ အမျိုးသမီးတစ်ဦး ထိမှန်သေဆုံး

**ဆော အောက်တိုဘာ ၃**

ဆောမြို့နယ်၌ အမျိုးသားတစ်ဦးက သားကောင်ကို တူမီးသေနတ်ဖြင့် ပစ်ခတ်ရာမှ အမျိုးသမီးတစ်ဦး ထိမှန်သေဆုံးခဲ့မှု အောက်တိုဘာ ၁ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ကြောင်း ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁ ရက် ညနေ ၅ နာရီက ဆောမြို့နယ် ငလယ်ခုံကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ ယာတောအတွင်း၌ စံမင်း(၄၄ နှစ်)သည် တူမီးသေနတ်ဖြင့် တောလည်စဉ် သားကောင်ကို ပစ်ခတ်ခဲ့ရာ ကိုက် ၁၀၀ ခန့်အကွာရှိ ယာခင်းအတွင်းအလုပ်လုပ်နေသည့် တစ်ရွာတည်းနေ ဒေါ်ခင်မြင့်အေး(၃၅နှစ်)အား ထိမှန်ခဲ့သဖြင့် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စံမင်းကို သေဆုံးသူ၏ခင်ပွန်းဖြစ်သူ ဦးခင်မောင်လွင်က အောက်တိုဘာ ၂ ရက်တွင် တရားလိုပြု တိုင်ကြားခဲ့သဖြင့် ဆောမြို့နယ် လောင်းရှည်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်းသိရသည်။ **ကျော်ဇေယျ**

# ဆဲဆိုခြိမ်းခြောက်ပြီး ဓားဖြင့်ခုတ်မှုဖြစ်ပွား

**မြင်းမူ အောက်တိုဘာ ၃**

အောက်တိုဘာ ၂ ရက်က မြင်းမူမြို့နယ် ဆပ္ပကုန်းကျေးရွာနေ ဦးမျိုးနိုင် (၃၉ နှစ်)ကို တစ်ရွာတည်းနေ ၎င်း၏ယောက်ဖဖြစ်သူ ဦးသောင်းသောင်းဝင်း (၄၀)နှစ်က မြေရောင်းသည့်ကိစ္စနှင့်ပတ်သက်၍ မကျေနပ်သဖြင့် ဆဲဆိုခြိမ်းခြောက်ပြီး အရိုးအသွား လက်မ ၂၀ ခန့်ရှိ ဓားမဖြင့်ခုတ်ရာ ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးထံအကြောင်းကြားပြီး ညှိနှိုင်းရာ ပြေလည်မှုမရရှိသဖြင့် မြင်းမူမြို့မရဲစခန်းသို့ အရေးယူပေးရန် တိုင်တန်းထားကြောင်း သိရသည်။ **(၀၇၉)**

# ဇနီးဖြစ်သူကို ပြန်ခေါ်သည့်ကိစ္စနှင့်ပတ်သက်၍ ယောက္ခမနှစ်ဦးကို ဓားဖြင့်ခုတ်

**ကံမ အောက်တိုဘာ ၃**

သရက်ခရိုင် ကံမမြို့နယ် ပုသိမ်-မုံရွာ ကားလမ်းအနီး လမ်းပြင်ရန် တဲထိုးနေသော လမ်းလုပ်သား မိသားစုဝင်များ မိသားစုဝင်ကိစ္စနှင့်ပတ်သက်၍ ဓားခုတ်မှုဖြစ်ပွားခဲ့ရာမှ အမျိုးသားတစ်ဦး သေဆုံးမှု အောက်တိုဘာ ၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ ရက် နံနက် ၁ နာရီခွဲက ဒေါ်စန်းဝင်း (၃၈နှစ်)သည် ပုသိမ်-မုံရွာ ကားလမ်းပြုပြင်ရန် မိုင်တိုင်အမှတ် (၁၉၅/၃) အနီးတဲထိုးနေထိုင်သော အဆိုပါနေအိမ်တဲပေါ်၌ သမက်ဖြစ်သူ ထက်ရှိုင်းဝေ(ခ) ပေါက်ကလေး (၂၃ နှစ်) ရောက်လာကြောင်း၊ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးဇော်မိုး (၃၉ နှစ်)သည် တဲအရှေ့လမ်းဘေး၌ အိပ်နေစဉ် သမက်ဖြစ်သူ ထက်ရှိုင်း ဝေ(ခ) ပေါက်ကလေးက အရိုး ၁၀ လက်မ ရှည် ၁၈ လက်မ၊ ဗျက်နှစ်လက်မ ခန့်ရှိဓားကိုကိုင်ပြီး ၎င်း၏ဇနီးဖြစ်သူကို လာရောက်ခေါ်စဉ် ယောက္ခမဖြစ်သူ ဦးဇော်မိုးက ရင့်သီးစွာပြောဆိုသည့်အပြင် ဓားဖြင့်ပါထိုးမည်ဟု ကြုံးဝါးသည်ကိုမကျေနပ်၍ ဦးဇော်မိုးကို ဓားနှင့်ခုတ်နေသည်ကို မြင်တွေ့ရသဖြင့် ဝင်ရောက်တားမြစ်စဉ် ဒေါ်စန်းဝင်းကိုထပ်မံ၍ ဓားဖြင့် ခုတ်ခဲ့သောကြောင့် ဒေါ်စန်းဝင်းတွင် ဒဏ်ရာများရရှိပြီး ဦးဇော်မိုးသည် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓားဖြင့်ခုတ်သူ ထက်ရှိုင်းဝေ(ခ) ပေါက်ကလေးကို အရေးယူပေးပါရန် ဒေါ်စန်းဝင်းက တိုင်ကြားခဲ့သဖြင့် ကံမမြို့နယ် ကြို့ပင်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်းသိရသည်။ **ကျော်ဇေယျ**



# မလှိုင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းမိ

**မိတ္ထီလာ အောက်တိုဘာ ၃**

မိတ္ထီလာခရိုင် မလှိုင်မြို့၌ စက်တင်ဘာလနောက်ဆုံးပတ်က မလှိုင်မြို့မရဲစခန်းမှူး ဒုရဲမှူး တင်မောင်သန်းနှင့်အဖွဲ့သည် သတင်းအရ မလှိုင်မြို့မဈေးအနီး၌ စောင့်ဆိုင်းနေစဉ် မလှိုင်မြို့နေ မျိုးသက်နိုင်(ခ)မျိုးသန့်(၃၆ နှစ်) စီးနင်းလာသည့် ဆိုင်ကယ်ကိုမသင်္ကာသဖြင့်ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်တူးဘောက်စ်အတွင်း ထည့်ထားသည့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၉ ပြားကို ရှာဖွေတွေ့ရှိခဲ့သည်။

ထို့နောက် ဆက်လက်ရှာဖွေရာ ဖုန်းတစ်လုံးနှင့် ငွေကျပ် ၃၀၂၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး မလှိုင်မြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ချင်းပြည်နယ်၊ လမ်းဦးစီးဌာန၊ ဟားခါးခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဒီဇယ်ဆီကို မြို့နယ်အလိုက်၊ လမ်းအလိုက်လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၅-၁၀-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၁၀-၂၀၁၅ရက်(ညနေ ၄း၃၀နာရီ)
**တင်ဒါဖွင့်မည့်ရက်** - ၁၄-၁၀-၂၀၁၅ရက်

(၂) တင်ဒါလျှောက်လွှာပုံစံ၊စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးခရိုင်တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၇၀-၂၁၁၄၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၃၉၄၉၁ WSE Moto 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဖြိုးဝေ ၉/မဟမ(နိုင်)၀၂၈၅၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၇၄၁၆၄၊ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းအောင် ၉/နထက(နိုင်)၁၂၄၅၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေ/တောင် ရပ်ကွက်၊ ဝေဠုဝန် (၅) လမ်း၊ တိုက် (၉)၊ အခန်း (၃/အေ)နှင့် အဆောက်အအုံတည်ရှိရာ ရေိယာ (၁၄ ပေ x ၄၈ ပေ) ရှိသော မြေအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွေးကြည် (၁၂/စခန (နိုင်) ၀၁၈၅၅၅) မှ ပိုင်ဆိုင်ပြီး ရောင်းချရန် စရံငွေယူထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်အတွက် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၅) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ထွေးကြည် ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်နိုင် (အထက်တန်းရှေ့နေ)**
အမှတ် (၈၀)၊ ၆-လွှာ (ဘီ)၊ ဝေဠုဝန်လမ်းကျယ်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (D)မှ မကြည်ဖြူမိုး၏ဖခင်အမည်မှန်မှာ ဦးဇော်မြင့် ၉/မလန(နိုင်)၀၀၇၆၈၅ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/3495 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းဇာနည်ဝင်း ၅/ရဥန(နိုင်)၀၅၆၂၇၆က အင်္ဂလိပ်အက္ခရာဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ရွှေဘိုမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၃၇၀၅ Honda wave ∝ 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှစိန်၁၀/သဖရ(နိုင်)၀၁၆၁၉၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၉၉၀၇၄၊ Yes Sumbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရမင်းထွန်း ၈/ပခက(နိုင်)၂၇၉၇၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၁၀၃၀၅ Honda Dream 125 ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဒေါ်သီတာအေး ၁၀/သဖရ(နိုင်)၁၀၀၃၃၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၇၃၃၃၇၊ ဟွန်ဒါ ဝေ့(ဗ်) 110S/ ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးအောင်ကျော်သူ ၁၀/မလမ(နိုင်) ၂၂၉၄၆၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

# Miss Universe Myanmar ၂၀၁၅ နှင့် ၂၀၁၆ အတွက် ဆန်ခါတင်အလှမယ် နှစ်ဦးရွေးချယ် ၂၀၁၅ အလှမယ် မေဘရဏီသော် နှင့် ၂၀၁၆ အလှမယ် ထက်ထက်ထွန်း ပေါ်ထွက်လာ

**ရန်ကုန် အောက်တိုဘာ ၃**

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

**မြန်မာနိုင်ငံတွင် တတိယအကြိမ်ကျင်းပသည့် Miss Universe Myanmar ၏ ၂၀၁၅ နှင့် ၂၀၁၆ အတွက် နိုင်ငံတစ်ဝန်းမှ ရွေးချယ်ထားသည့် လှပျိုဖြူ ဆန်ခါတင် ၂၀ ထဲမှ နောက်ဆုံးအဆင့် ပြည်ပသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရမည့် ၂၀၁၅ နှင့် ၂၀၁၆ အတွက် အလှမယ်နှစ်ဦးရွေးချယ်မှုကို ရန်ကုန်မြို့ Gandamar Wholesale ရှိ Gandamar Grand Ballroom ၌ ယနေ့ည ၆ နာရီတွင် Miss Universe Myanmar Organization က ကြီးမှူးပြီးကျင်းပခဲ့ရာ ၂၀၁၅ အတွက် အလှမယ် မေဘရဏီသော်နှင့် ၂၀၁၆ ခုနှစ်အတွက် အလှမယ် ထက်ထက်ထွန်းတို့ ပေါ်ထွက်လာခဲ့သည်။**

ယနေ့ နောက်ဆုံးအဆင့် ပြည်ပနိုင်ငံသို့ နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရမည့် ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်အတွက် ရွေးချယ်ခဲ့သည့် ပြိုင်ပွဲတွင် ၂၀၁၅ ခုနှစ်အတွက် Winner ဆုကို မေဘရဏီသော်က လည်းကောင်း၊ ၂၀၁၆ ခုနှစ်အတွက် Winner ဆုကို ထက်ထက်ထွန်းကလည်းကောင်း၊ 1st Runner ဆုကို ဟန်လေးကလည်းကောင်း၊ 2nd Runner ဆုကို ချိုချိုထွန်းကလည်းကောင်း အသီးသီးရရှိခဲ့ပြီး အခြား Title ဆုများ ထပ်မံယှဉ်ပြိုင်ရွေးချယ်ခဲ့ရာ Miss Famous ဆုကို ချိုချိုထွန်းကလည်းကောင်း၊ Miss Congeniality ဆုကို ငွေနှင်းမှုံကလည်းကောင်း၊ Miss Photogenic ဆုကို ထက်ထက်ထွန်းကလည်းကောင်း၊ Miss Health Skin ဆုကို ဟန်လေးကလည်းကောင်း၊ Miss Body Perfect ဆုကို ထက်ထက်ထွန်းကလည်းကောင်း၊ Miss Beautiful Hair ဆုကို ဟန်လေး၊ Miss Gorgeous ဆုကို ထက်ထက်ထွန်းကလည်းကောင်း အသီးသီးဆွတ်ခူးခဲ့ကြသည်။

Miss Universe Myanmar Organization အနေဖြင့် Winner ဆုရရှိသည့်အလှမယ် နှစ်ဦးကို ဆုကြေးငွေအဖြစ် သိန်း ၁၀၀စီ၊ 1st Runner ဆုရရှိသူကို ငွေကျပ်သိန်း ၅၀၊ 2nd Runner ဆုရရှိသူကို ငွေကျပ် ၂၅ သိန်းနှင့် အခြား Title ဆုများရရှိသည့် National Costume ဆုရရှိသည့် အလှမယ်ကို ငွေကျပ် ခုနစ်သိန်း၊ Miss Famous ဆုကို ငွေကျပ် ၁၀ သိန်း၊ Miss Congeniality ဆုကို ငွေကျပ် ငါးသိန်းနှင့် Gandamar Wholesale Gift Voucher ငါးသိန်းဖိုး၊ Miss Photogenic ဆုကို ငွေကျပ် ၁၀ သိန်း၊ Miss Health Skin နှင့် Miss Body Perfect ဆုကို ငွေကျပ် ၁၀ သိန်းစီနှင့် BSC မှ Gift Voucher နှစ်သိန်းဖိုးတစ်စောင်စီ၊ Miss Beautiful Hair ဆုရရှိသူကို ငွေကျပ် ၁၀ သိန်း တို့ကို ထိုက်တန်စွာချီးမြှင့်ပေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် Miss Universe Myanmar ပြိုင်ပွဲကြီးကို Miss Universe Myanmar Organization မှ ဦးဆောင်ပြီး ၂၀၁၃ ခုနှစ်မှစတင်ကျင်းပခဲ့ရာ ယခုအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်ပြီး Miss Universe Myanmar ၂၀၁၃ အလှမယ် မိုးစက်ဝိုင်း၊




**Miss Universe Myanmar ၂၀၁၄ အလှမယ် သျှားထွဋ်အိန္ဒြာက Miss Universe Myanmar ၂၀၁၅ အလှမယ် မေဘရဏီသော်အား သရဖူနှင်းအပ်စဉ်။**

Miss Universe Myanmar ၂၀၁၄ အလှမယ် သျှားထွဋ်အိန္ဒြာတို့ကို နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရန် စေလွှတ်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင်လည်း နိုင်ငံကိုယ်စားပြုစေလွှတ်နိုင်ရန် အလှမယ်နှစ်ဦးကို ယခုလို ထပ်မံရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

❍ *ကျောဖုံးမှ*

နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ခရစ္စတယ်ပဲလေ့တို့က ၁၅ မှတ်ရရှိနေပြီး ဝက်စ်ဘရွန်းက ရှစ်မှတ်ရရှိသည်။

အခြားပွဲများတွင် မန်စီးတီးက နယူးကာဆယ်ကို ခြောက်ဂိုး-တစ်ဂိုး၊ စတုတ်က ဗီလာကို တစ်ဂိုး-ဂိုးမရှိ၊ လက်စတာက နော့ဝှစ်ချ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး ဆန်းဒါးလန်းနှင့် ဝက်စ်ဟမ်း နှစ်ဂိုးစီသရေ၊ ဘုန်းမောက်နှင့် ဝုဗ် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ **သီဟ–ရေးသည်**

# အာရှ ယူ-၁၉ ခြေစစ်ပွဲ စတုတ္ထနေ့တွင် မြန်မာနှင့် ဟောင်ကောင်တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၁၉ ခြေစစ်ပွဲအုပ်စု (G) စတုတ္ထနေ့ပွဲစဉ်များကို အောက်တိုဘာ ၄ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ စတုတ္ထနေ့ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် တီမောအသင်း၊ ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲတွင် တီမောအသင်းကို သရေကျခဲ့သောကြောင့် လက်ကျန်ပွဲစဉ်များတွင် အမှားလုပ်၍ရတော့မည်မဟုတ်ပေ။ မြန်မာအသင်းနှင့်ကစားရမည့် ဟောင်ကောင်အသင်းသည် နှစ်ပွဲကစားတစ်မှတ်သာရရှိသေးသော်လည်း မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရေး မျှော်လင့်ချက်အတွက် မဖြစ်မနေ အနိုင်ရရန်လိုအပ်လျက်ရှိပြီး ဂိုးများများသွင်းယူနိုင်မှသာ အခြေအနေကောင်းဖွယ်ရှိနေသည်။

မြန်မာအသင်းအနေဖြင့် ဗီယက်နမ်-တီမောပွဲရလဒ်မှာ အရေးပါနေပြီး ဗီယက်နမ်အသင်းသာအနိုင်ရခဲ့ပါက တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရန် လက်ကျန်နှစ်ပွဲစလုံး အနိုင်ကစားရမည်ဖြစ်ကာ တီမောအသင်း အမှတ်ယူနိုင်ခဲ့ပါက ဖိအားအနည်းငယ်လျော့နိုင်ပေသည်။

တီမောနှင့်ပွဲတွင် ဒဏ်ရာရခဲ့သည့် မြန်မာဂိုးသမား ဘုန်းသစ္စာမင်းသည် ယနေ့ပွဲတွင် ပြန်လည်ပါဝင်နိုင်ဖွယ်ရှိနေပြီး ဟောင်ကောင်အသင်းကို လူစုံယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရေး မျှော်လင့်ချက်အတွက် မြန်မာအသင်းသည် ဟောင်ကောင်အသင်းကို အနိုင်ကစားရန် လိုအပ်နေသည်။ **ဖိုးသော်ဇင်**

# အလုံမြို့နယ် အုပ်ချုပ်ရေးမှူးဖလားပိုက်ကျော်ခြင်းပြိုင်

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီတို့ ပူးပေါင်းကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပထမအကြိမ် လူသစ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်ရပ်ကွက် အသင်းများက အုပ်စုပတ်လည် ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

**Ponnami Language Centre**

18 Aung Zeya Road, Kyauk Kone, Yankin
Ph: 01-566061, 09-254193088, 09-795525393
email. ponnamilgcentre @ gmail.com
Facebook page. Ponnami Language Centre

**Preparation Classes for**
**Starters, Movers, Flyers, KET & PET**

**Daw Ponnami Kyaw**
MA (American University)
BA (Eng) Hons
Certificate in
TESOL (American University)
Specialist Certificate in
Language Curriculum and
Materials Development
(RELC, S'pore)

**Assessment Dates**
12th & 13th Oct 2015
9:00 am to 11:30am
12:30 pm to 4:30 pm

**Starting Date: 9th Nov 2015**

## ရွှေမင်းကံဆရာတော်တရားစခန်းပွဲများ

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယက၊ သဒ္ဓမ္မဇောတိကဓ‌ေ၊ မိုးကုတ်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရ(ရွှေမင်းကံဆရာတော်)မှ ငါးရက်မီးငြိမ်းစခန်းပွဲများကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ သာသနဟိတကာရီဓမ္မာရုံတော်၌ ၆-၁၀-၂၀၁၅ ရက်မှ ၁၀-၁၀-၂၀၁၅ ရက်အထိ လည်းကောင်း၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ (နဝဒေးရပ်ရှင်ရုံရှေ့)၊ တံတားလေးလမ်း၀၊ ဇမ္ဗူသီရိဗိမာန်တော်၌ ၁၂-၁၀-၂၀၁၅ ရက်မှ ၁၆-၁၀-၂၀၁၅ ရက်အထိလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို လာရောက်နာကြားအားထုတ်နိုင်ကြပြီး အချိန်ပြည့် ခုနစ်ရက်စခန်းပွဲကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဩဇာလမ်း၊ ရွှေမင်းကံကျောင်း မိုးကုတ်ဓမ္မရိပ်သာ၌ ၂၂-၁၀-၂၀၁၅ ရက်မှ ၂၈-၁၀-၂၀၁၅ ရက်အထိ ပဋ္ဌိစ္စသမုပ္ပာဒ်၊ ဒိဋ္ဌိဖြုတ် အလုပ်စဉ်၊ သစ္စာလေးပါးတရားတော်များကို ဟောကြားတော်မူမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသောယောဂီများသည် ဖုန်း-၀၉-၄၂၀၀၅၃၆၈၈ သို့ ကြိုတင်ဆက်သွယ်ကြရန်နှင့် ၂၁-၁၀-၂၀၁၅ ရက် ညနေ ၅ နာရီထက် နောက်မကျစေဘဲ အရောက်လာကြရန်ဖြစ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**
**ရွှေမင်းကံမိုးကုတ်ဓမ္မရိပ်သာ**

## မိခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၁)ဒဂုံ တက္ကသိုလ်ဝင်တန်း(K)မှ မောင်မျိုးလွင်၏ မိခင် ဒေါ်ဆာလေယာဘေဂေါမ်(ခ) ဒေါ်သန်းနု ၁၂/မဂတ(နိုင်)၁၀၇၅၉၀၏ အမည်မှန်မှာ ဒေါ်ဆာလေယာဘေဂေါမ် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၂) အဋ္ဌမတန်း(D)မှ မောင်သက်ထွန်းဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၅/မရန(နိုင်)၁၉၄၅၁၁ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းထွန်း**

## ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက(ခွဲ)၊ မကျီးပင်တက္ကသိုလ်ဝင်တန်းမှ မောင်သူထူးအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဦး ၇/အဖန(နိုင်)၀၁၉၇၀၀ဖြစ်ပါသည်။

**ဦးဝင်းဦး**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်နှင်းဝေ ၁၂/မဂဒ(နိုင်)၁၁၀၇၃၇ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**မခင်နှင်းဝေ ဖုန်း-၀၉-၇၈၆၅၀၁၇၃၇**

## ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက(ခွဲ)၊ မကျီးပင်တက္ကသိုလ်ဝင်တန်းမှ မအေးစန္ဒာမိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆင့်(ခ) ဦးဆင့် ၇/အဖန(နိုင်)၀၁၉၉၁၆သည် တစ်ဦးတည်း ဖြစ်ပါသည်။

**ဦးမောင်ဆင့်(ခ)ဦးဆင့်**

## ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက(ခွဲ)၊ မကျီးပင်တက္ကသိုလ်ဝင်တန်းမှ မခိုင်နှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဌေး(ခ)ဦးမောင်ညွန့် ၇/အဖန(နိုင်)၀၁၉၆၉၇သည် တစ်ဦးတည်း ဖြစ်ပါသည်။ **ဦးညွန့်ဌေး(ခ)ဦးမောင်ညွန့်**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့ အထက(၁၀)၊ နဝမတန်းမှ မောင်ဟိန်းထက်၏ ဖခင်အမည်မှန်မှာ ဦးပြည့်ဖြိုးမောင် ဖြစ်ပါကြောင်း။

**ဦးပြည့်ဖြိုးမောင် ၁၀/မလမ(နိုင်)၁၈၁၂၉၀**

## ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက(ခွဲ)၊ မကျီးပင်တက္ကသိုလ်ဝင်တန်းမှ မထက်ထက်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းလင်း(ခ)ဦးလင်း၇/အဖန(နိုင်) ၀၅၀၇၇၃ သည် တစ်ဦးတည်းဖြစ်ပါသည်။ **ဦးထွန်းလင်း(ခ)ဦးလင်း**

၅-လပြတ်နောက်ဆုံးတန်းခွဲသစ်လက်ခံပြီ။
၂၀၁၅
၁၀တန်းဘာသာစုံ
(၅)လပြတ်
YC စာသင်ဝိုင်း
မြန်မာ ➡ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ➡ ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် ➡ ဦးတင်ကို
သင်္ချာ ➡ ဆရာပိုင်(ပိုင်သင်္ချာ)
ဓာတု ➡ ဆရာသုတ
ရူပ ➡ ဦးဆက်မွန်
ဇီဝ ➡ ဒေါက်တာမြသိန်း
ဘောဂ ➡ စိုင်းထွန်းအောင်
(၈)တန်းသင်္ချာ သီးသန့်လက်ခံပြီ
Air-con စာသင်ခန်းမ၊ အောက်တိုဘာလဆန်းစမည်။
ဝိုင်း(၆၀၀၀၀-ကျပ်) ရှယ်(၉၀၀၀၀-ကျပ်)
၁၆၅၊ ပ-ထပ်(ထောင့်စွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

## အမည်မှန်

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ရွှေတောင်ဘိုကျေးရွာအုပ်စု ရွှေလအင်းကျေးရွာနေ ဦးဟမဲ့၏သမီး မရီပွန်၏ အမည်မှန်မှာ မိရည်ရည်မွန် ဖြစ်ပါကြောင်း။ **မိရည်ရည်မွန်**

## ပျောက်ဆုံး

ကျွန်မ မဝါဝါနိုင် ၇/ပခန(နိုင်)၃၂၂၂၅၂၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၁၆၂၁၅၁**

## ပြည်နယ်အစိုးရအဖွဲ့ရုံး
## မွန်ပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်ရေအားလျှပ်စစ်စက်ရုံ မြေဧရိယာ ၀ ဒသမ ၃၁ ဧက မပါ၊ လျှပ်ထုတ်စက်အဟောင်းများ၊ ရေအားတာဘိုင်စက်ပစ္စည်းများနှင့် ပုံသေပိုင် အဆောက်အအုံများ လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၁၀-၂၀၁၅ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၄-၁၁-၂၀၁၅ ရက်
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၅:၀၀နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၅၇-၂၇၃၀၃၊ ၀၅၇-၂၅၉၁၄၊ ၀၅၇-၂၄၈၃၄**

# ထည်ဝါသည့်ဂုဏ်သိန်နှင့် ရန်ကုန်မြို့လယ်၏ စိန်တစ်ပွင့် သို့မဟုတ် ဝဇီရာ

သတင်းဆောင်းပါး-ခင်ရတနာ၊
ဓာတ်ပုံ- YHT

**ရှေးဟောင်းအဆောက်အအုံများသည် ခေတ်တစ်ခေတ်၏ ရုပ်သွင်ကို ထင်ဟပ်ပြသနိုင်သည့် သမိုင်းစာမျက်နှာများဟုဆိုရလျှင် ရန်ကုန်မြို့ ကိုလိုနီခေတ်၏ သမိုင်းစာမျက်နှာကို ယနေ့မြင်လိုပါက ရန်ကုန်မြို့လယ်သို့ လမ်းလျှောက်လေ့လာခွင့်ရရန် လိုအပ်ပါလိမ့်မည်။ ကိုလိုနီခေတ်လက်ရာများသည် ခမ်းနားသပ်ရပ်သည့်အပြင် ခိုင်ခံ့သည့် ထုထည်များနှင့် ဆန်းကြယ်သည့် ဗိသုကာလက်ရာများကြောင့် ယနေ့တိုင် ရန်ကုန်သူရန်ကုန်သားတို့ ဂုဏ်ယူဖွယ်ရာအဖြစ် သမိုင်းသုတေသီတို့ အသိအမှတ်ပြုကြပါလိမ့်မည်။**

ကိုလိုနီခေတ်က နိုင်ငံ၏ရုံးစိုက်ရာ အခြေပြုမြို့တော်ဖြစ်သည့်အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးတွင် အသွေးစုံအရောင်စုံ လူမျိုးစုံတို့ မှီတင်းနေထိုင်ရာ မြို့တော်ရန်ကုန်သည် ယခုအချိန်အထိပင် စီးပွားရေးအချက်အချာအဖြစ် ရပ်တည်နေဆဲ။ တိုးပွားလာသော မြို့နယ်သစ်များသည် ဧရိယာမည်မျှပင် ကျယ်လာသည် ဆိုဦးတော့ ဆူးလေစေတီတော်မြတ်ကြီးကို အခြေပြုကာ မြို့လယ်ကောင်တစ်ဝိုက်တွင် စနစ်တကျ အကွက်ချစီစဉ်တည်ဆောက်ထားသည့် ကိုလိုနီခေတ် မြို့တော်ရန်ကုန်၏ အမွေအနှစ်အဆောက်အအုံများမှာ ဟောင်းနွမ်းနေသော်လည်း ယနေ့တိုင် ရပ်တည်ရှင်သန်ဆဲ၊ တာဝန်ကျေပွန်ဆဲပင်ဖြစ်သည်။

၂၀ရာစု ပထမနှစ်ပေါင်း ၅၀ အတွင်း မြန်မာနိုင်ငံ၏ ရုပ်ရှင်လုပ်ငန်းသည် အာရှတွင် အတိုးတက်ဆုံးနှင့် အသက်ဝင်ဆုံးဖြစ်ခဲ့ဖူးသည်။ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်တွင် ပျော်ပွဲစားရုံများ၊ ကပွဲရုံများနှင့် ပြဇာတ်ရုံများသည် ကိုလိုနီခေတ်၏ ရှေးအကျဆုံးဖျော်ဖြေရေး အချက်အချာရပ်ဝန်းကြီးပင်ဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပြီး မြန်မာ့ရုပ်ရှင်သည် နိုင်ငံတကာမှ တင်သွင်းသည့် ရုပ်ရှင်များနှင့် နှစ်ပေါင်းများစွာ အရည်အချင်းယှဉ် ရင်ပေါင်တန်းနိုင်ခဲ့ချိန်တွင် ရုပ်ရှင်ရုံတန်းများသည် ဗိုလ်ချုပ်လမ်းမကြီးအား ပိုမိုပင်စည်ကားစေပါလိမ့်မည်။

ယနေ့တစ်ဖန်လှပခံ့ညားစွာ ပြန်လည်ထင်ပေါ်လာခဲ့သည့် အဆောက်အအုံအဟောင်းကြီးတစ်ခုက ပြည်သူလူထုအတွက် ဖျော်ဖြေမှုအနုပညာကို ဆန်းသစ်သည့် ဝန်ဆောင်မှုဖြင့် ပေးအပ်နိုင်ခဲ့ပြီဖြစ်သည်။

ထိုရုပ်ရှင်ရုံမှာ ယခင်က ရုပ်ရှင်ရုံတန်း (Cinema Row) ခေတ်၏ ၁၉၅၀ ပြည့်နှစ်မှသည် ယနေ့အထိ ပြည်သူ့ဝန်ဆောင်မှုကို ကျေပွန်သည့် ဝဇီရာရုပ်ရှင်ရုံပင်ဖြစ်ပြီး ရှေးဟောင်းမြို့ပြအမွေအနှစ် ထိန်းသိမ်းသူများနှင့် ရုပ်ရှင်ချစ်သူများ၏ ကြိုးပမ်းမှုကြောင့် အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာခဲ့ပြီဖြစ်ကြောင်း ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရှိရသည်။

မြန်မာ့ရုပ်ရှင်သည် တစ်ခေတ်တစ်ခါကအလွန်ပင် အဆင့်အတန်းမြင့်မားခဲ့ပြီး ရုပ်ရှင်ရုံများသည်လည်း ပြည်သူအများစည်ကားသည့်နေရာအဖြစ် တည်ရှိခဲ့ကြသည်။ ဆူးလေရှန်ဂရီလာဟိုတယ်နေရာတွင် ဂုဏ်ရုံဟုအမည်ရသည့် Globe ရုပ်ရှင်ရုံ၊ ပပဝင်းဟုအမည်ရသည့် Palladium ရုံ၊ ဆာကူရာတာဝါနေရာတွင် ရဲရင့်ရုံခေါ် Ritz ရုပ်ရှင်ရုံတို့နှင့်အပြိုင် သွင်ရုံ၊ မြို့မနှင့် ဆုထူးပန် ရုပ်ရှင်ရုံတို့လည်း ရှိခဲ့ကြပြီး ထိုအထဲတွင် လက်တင်ဘာသာစကားဖြင့် The Excelsior ရုပ်ရှင်ရုံသည်လည်း အပါအဝင်ဖြစ်သည်။

မြန်မာဘာသာအရ ထည်ဝါခြင်း၊ ဟိတ်ဟန်ကြီးခြင်းဟူသည့် အဓိပ္ပာယ်ကိုဆောင်သော ယင်း The Excelsior ရုံကို နောင်တွင် ဝဇီရာရုံဟု ပြောင်းလဲခဲ့သည်။ ဝဇီရာရုပ်ရှင်ရုံသည် အရှေ့တောင်အာရှနိုင်ငံများထဲမှ သမိုင်းဝင်ထိန်းသိမ်းရမည့် ရုပ်ရှင်ရုံများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ သူနှင့် တစ်တန်းတည်းတည်ရှိခဲ့ကြသည့် ဒုတိယကမ္ဘာစစ်မတိုင်မီလက်ရာ ရုပ်ရှင်ရုံငါးရုံတို့သည် အဆင့်မြင့်တိုက်တာအဆောက်အအုံကြီးများအဖြစ်သို့ ဘဝပြောင်းသွားခဲ့ပြီဖြစ်သည်။




ရုပ်ရှင်ရုံများအစုကို ပြည်သူပိုင်သိမ်းခံရသည့်ကာလကျော်လွန်သည့်အခါ ပုဂ္ဂလိကလုပ်ငန်းရှင်များထံ ရောင်းချခြင်းခံရပြီး နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံပေါင်း ၃၀၀ကျော်တို့မှာ ဖွံ့ဖြိုးတိုးတက်မှု၏ နောက်ကွယ်မှ စတေးခံ အဆောက်အအုံများအဖြစ် ကွယ်ပျောက်ခဲ့ရပြီဖြစ်ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့မှ ထုတ်ပြန်ထားသည်။

ယင်းတို့အနက် ဝဇီရာရုပ်ရှင်ရုံမှာမူ ပြန်ကြားရေးဝန်ကြီးဌာနမှ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်းမပြုသည့် ထိန်းသိမ်းစောင့်ရှောက်ပေးထားသော ရန်ကုန်မြို့မှ သက်တမ်းအရင့်ဆုံး ရုပ်ရှင်ရုံကြီးပင်ဖြစ်ကြောင်းလည်း သိရှိရသည်။

အေးစိမ့်သော လေအေးပေးစက်ကြောင့် ဖြတ်သန်းသွားလာသူအပေါင်းက ရုပ်ရှင်ရုံထဲသို့ လှမ်းကြည့်မိသည်။ ထိုအခါ အသစ်တစ်ဖန်မွေးဖွားလာသည့် ထုထည်ကြီးမားသည့် အမိုးမျက်နှာကြက်နှင့် ပေါ်တီကိုထောက်တိုင်လုံးကြီးများ၏ ရှေးလက်ရာများကို ပြန်လည်သတိထားမိလာကာ ရုပ်ရှင်ကြည့်ရင်း အပန်းဖြေလိုစိတ်များ ပေါ်ပေါက်လာနိုင်သည်ဟု ဝဇီရာရုပ်ရှင်ရုံမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

များပြားလာသည့် သရီးဒီ၊ ဖိုးဒီရုပ်ရှင်ရုံများကို အလွယ်တကူနေရာမရွေး ကြည့်ရှုနိုင်ပြီဖြစ်သော်လည်း ခံ့ညားသည့် အသွင်အပြင်၊ လေဝင်လေထွက်နှင့် အလင်းရောင်ကောင်းမွန်ကာ ပန်းကနုတ်များဖြင့် တန်ဆာဆင်ထားသည့် ရုပ်ရှင်ရုံဟောင်းကြီးတွင် အဆင့်အတန်းမီစွာ ကြည့်ရှုနိုင်ခြင်းမှာ အလွန်ပင် အပန်းပြေကာ ရုပ်ရှင်ရသကို အပြည့်အဝခံစားခွင့်ရစေကြောင်း ရုပ်ရှင်ချစ်သူအချို့က ဆိုသည်။

ကျွန်းတံခါးကြီးများကို ရှေးမူမပျက် ပြုပြင်ထားပြီး အနောက်တိုင်း လက်ရာနှင့် အရှေ့တိုင်းဗိသုကာကို ပေါင်းစပ်ဖွဲ့စည်းထားသည့် ဝဇီရာသည် နာမည်နှင့်လိုက်အောင်ပင် ဟိတ်ကြီးဟန်ကြီး ရှိလှသည်ကို မြင်တွေ့ရသည်။

"အရင်ကပြဇာတ်ရုံတစ်ခုဖြစ်ပြီး ထင်ရှားတဲ့ အနုပညာ ရှင်တွေရေးသားတဲ့ ပြဇာတ်တွေ တင်ဆက်ရာနေရာတစ်ခု ဖြစ်ခဲ့ပါတယ်။ ပြဇာတ်ရုံကနေ ရုပ်ရှင်ရုံဖြစ်ခဲ့ပြီး ၁၉၆၈ ခုနှစ်အရောက်မှာ ပြည်သူပိုင်သိမ်းခဲ့ပါတယ်။ ၁၉၈၅ ခုနှစ်မှာ ပြဇာတ်ရုံပြန်ဖြစ်ခဲ့သေးပါတယ်။ ၁၉၉၉ အရောက်မှာ ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို ငှားရမ်းခဲ့ပြီး အခုတော့ ရှေးမူမပျက် ပြန်ပြုပြင်နိုင်ခဲ့တာ အလွန်ဂုဏ်ယူပါတယ်"ဟု ဝဇီရာရုပ်ရှင်ရုံမှ တာဝန်ရှိသူက ပြောကြားသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်းတွင် ဝဇီရာ အပါအဝင် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ရုပ်ရှင်ရုံတန်းမှာ ကျဆင်းခဲ့သည့် ရုပ်ရှင်လုပ်ငန်းနည်းတူ ရှိန်းကန်ရပ်တည်လာခဲ့ရာမှ ပြောင်းလဲဆန်းသစ်လာသည့် ဝဇီရာကြောင့် ပတ်ဝန်းကျင်နေရာတစ်ဝိုက်ပင် သန့်ရှင်းလှပလာသည်ကို မြင်တွေ့ရသည်။

ဝဇီရာ ရှေးဟောင်းရုပ်ရှင်ရုံကြီးအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ရုပ်ရှင်ရုံကြီး၏ အတွင်းအပြင် ပြင်ဆင်မှုများနှင့် ရုပ်ရှင်ပြသမှုဆိုင်ရာ ဒီဂျစ်တယ်နည်းပညာများ၊ အသံပိုင်းဆိုင်ရာစနစ်များကိုလည်း မြှင့်တင်နိုင်ပြီဖြစ်သည့်အပြင် မြန်မာရုပ်ရှင် သမိုင်းဝင်လက်ရာများကိုလည်း စနစ်တကျ ပြသထားနိုင်ခဲ့ပြီး ရုပ်ရှင်ပွဲတော်ကဲ့သို့သော ပွဲတော်ကြီးများကိုပင် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီဖြစ်သည်။

**ကျွန်းတံခါးကြီးများကို ရှေးမူမပျက်ပြုပြင်ထားပြီး အနောက်တိုင်း လက်ရာနှင့် အရှေ့တိုင်း ဗိသုကာကို ပေါင်းစပ်ဖွဲ့စည်းထားသည့် ဝဇီရာသည် နာမည်နှင့် လိုက်အောင်ပင် ဟိတ်ကြီး ဟန်ကြီး ရှိလှသည်ကို မြင်တွေ့ရ. . .**



ခရီးသွားဆောင်းပါး



# ပဲခူးရိုးမတောင်ကြောဆီမှ ခံစားမှုအသစ်အဆန်းများပေးမည့်

# ဖိုးကျားသဘာဝဆင်စခန်း

**မိုးအကုန် ဆောင်းအကူးမို့လားမသိ၊ ပဲခူးရိုးမတောင်တန်းတောင်စွယ်များပေါ်တွင် မြူနှင်းတို့ဝေနေသည်။ ငွေနှင်းဖြူဖြူတို့ ရစ်သိုင်းဝေသီနေသောကြောင့် စိမ်းနေသည့် တောင်တန်းတောင်စွယ်များက အစိမ်းတစ်ရစ်၊ အဖြူတစ်ရစ်ဖြင့် ပန်းချီကားတစ်ချပ်သဖွယ်။ နံနက်စောစော ရန်ကုန်က မော်တော်ကားဖြင့်ထွက်ခဲ့ရာ တောင်ငူကိုကျော်ဖြတ်ချိန်တွင် နံနက် ၈ နာရီပင်မထိုးသေး၊ နောက်ထပ်တစ်နာရီကျော်ကျော်ခန့်မောင်းလျှင် ပဲခူးရိုးမရှိ ဖိုးကျားသဘာဝဆင်စခန်းသို့ရောက်မည်ဟု တွေးမိသည်။**

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်**

ရန်ကုန်-မန္တလေးလမ်းအတိုင်း မောင်းနှင်လာသောကားပေါ်လိုက်ပါရင်း လမ်းဘေးဝဲယာကိုကြည့်လိုက်ရာ ဘယ်ဘက်ခြမ်းတွင် ပဲခူးရိုးမတောင်တန်းတောင်စွယ်များ၊ ရော်ဘာပင်များ၊ ရွာငယ်အချို့နှင့် တဲအိမ်သေးသေးအချို့ကို မြင်တွေ့ရသည်။ စိမ်းစိုနေသော တောင်များတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိနေသော်လည်း တောတောင်သဘာဝအတိုင်း မြင်တွေ့နေရဆဲ။

သာဂရမြို့ကိုရောက်ပြီး ကားလမ်းဘယ်ဘက်သို့ ချိုးကွေ့ကာ ပဲခူးရိုးမဘက်သို့ ကားကိုဦးတည်မောင်းနေသည့် ယာဉ်မောင်းက "မကြာခင်မှာ ဖိုးကျားဆင်စခန်းကို ရောက်တော့မယ်"ဟု ပြောသည်။ သာဂရမြို့မှ ဖိုးကျားဆင်စခန်းသည် ၁၀ မိုင်ခန့်သာဝေးသဖြင့် မိနစ်ပိုင်းအတွင်းရောက်ရှိမည်ဟု ပြောခြင်းဖြစ်သည်။ တကယ်တော့ ဖိုးကျားဆင်စခန်းသည် ရန်ကုန်မှ ၂၀၄ မိုင်ခန့်ဝေးပြီး မန္တလေးမြို့မှ မိုင် ၂၄၀ ခန့်ဝေးသည်။ ရန်ကုန်-မန္တလေးကားလမ်းဘေးတွင်ရှိသဖြင့် သွားလာရသည်မှာ အဆင်ပြေသဖြင့် နောက်ပိုင်းဖွံ့ဖြိုးတိုးတက်လာလျှင် ခရီးသွားများလေ့လာသူများနှင့် စည်ကားလာမည့်နေရာတစ်နေရာဖြစ်လာမည်မှာ အမှန်ပင်။

ဖိုးကျားဆင်စခန်းနယ်မြေအစပ်၌ပင် ကားပေါ်မှ ဆင်းကာ လမ်းလျှောက်လာခဲ့သည်။ တိတ်ဆိတ်သော သဘာဝပတ်ဝန်းကျင်ကြောင့် စိတ်အေးချမ်းသွားသည်။ စိမ်းလန်းစိုပြည်သော သစ်ပင်ပန်းမန်များ၊ ခပ်လှမ်းလှမ်းသစ်ပင်များ၊ ချုံနွယ်များပေါ်မှ ထွက်ပေါ်လာသော ကျေးငှက်တို့၏အသံများကြောင့် ကြည်နူးချမ်းမြေ့စိတ်ဖြစ်ရသည်။ ပတ်ဝန်းကျင်အနေအထားကြောင့် သီးခြားကမ္ဘာလေးတစ်ခုအတွင်း ရောက်ရှိနေသကဲ့သို့ ခံစားစိတ်ဖြစ်ပေါ်နေမိသည်။

အတန်ကြာလျှောက်လာခဲ့ရာ ချောင်းငယ်တစ်ခုကို တွေ့ရသည်။ တသွင်သွင်စီးဆင်းနေသော ချောင်းငယ်က စမ်းချောင်းငယ်ပုံသဏ္ဌာန်ဖြစ်နေသော်လည်း မိုးရာသီ၌ တောင်ကျရေများကြောင့် ရေပြည့်နေတတ်ကြောင်း သိရသည်။ ဖိုးကျားသဘာဝဆင်စခန်းနယ်မြေအတွင်း ၌ချောင်းငယ်က အကွေ့အကောက်များစွာဖြင့် ရစ်ခွေဖြတ်သန်းစီးဆင်းနေရာ ဒေသခံများအတွက် သောက်သုံးရေအသုံးပြုသလို ဆင်များရေချိုးရာတွင်လည်း အသုံးပြုကြောင်း သိရသည်။

ဖိုးကျားဆင်စခန်းအတွင်း ဆင်ရေချိုးခြင်း၊ ဆင်သရုပ်ပြခြင်း၊ ဓာတ်ပုံမှတ်တမ်းတင်ခြင်းနှင့် ဝန်ဆောင်မှုများအတွက် ပြည်တွင်းပြည်ပဧည့်သည်တစ်ဦးချင်းစီကို သက်သာသောငွေကြေး သတ်မှတ်ထားသည်။ သာမန်ပြည်သူတစ်ဦးအနေဖြင့် ပေးဆောင်ရသည်ဟု ထင်မှတ်စရာဖြစ်သော်လည်း အများပြည်သူတို့ အလွယ်တကူမမြင်တွေ့နိုင်သော ဆင်တို့သဘာဝနှင့် ပဲခူးရိုးမတောတောင်ရေမြေကို အနီးကပ်မြင်တွေ့လေ့လာနိုင်ကာ ထူးခြားသောခံစားမှုများကိုရရှိစေသဖြင့် ထိုက်တန်မှုရှိသည်ဟု ဆိုရမည်ဖြစ်သည်။

ဖိုးကျားဆင်စခန်းနှင့်ကပ်လျက်ရှိသော အပန်းဖြေစခန်းအတွင်း ခရီးသွားများတည်းခိုစရာ ဘန်ဂလိုခုနစ်လုံးခန့် တည်ဆောက်ထားသည်ကိုတွေ့ရသည်။ အများစုမှာ သစ်သားဘန်ဂလိုများဖြစ်ပြီး မိသားစုအလိုက် တည်းခိုနိုင်သလို နှစ်ယောက်တည်းခိုနိုင်သည့် ဘန်ဂလိုများလည်းရှိနေသည်။ ဘန်ဂလိုတိုင်းတွင် ရေပူ၊ ရေအေး ရရှိနိုင်သလို တောတောင်အတွင်းဖြစ်သော်လည်း လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်အောင်လည်း စီစဉ်ထားသည်။ စားသောက်ဆိုင်လည်းရှိနေရာ ၂၄ နာရီဝန်ဆောင်မှုပေးနိုင်ရန်လည်း ဖြည့်ဆည်းပေးထားသဖြင့် တောတောင်သဘာဝအလှနှင့် ဆင်များ၏အလေ့အထကို တိုက်ရိုက်ထိတွေ့လေ့လာနိုင်သည့် နေရာတစ်ခုပင်ဖြစ်သည်။

"ဆင်များရေချိုးတဲ့နေရာသွားကြည့်ရအောင်" ဟု ဖိုးကျားဆင်စခန်းမှ အမျိုးသားတစ်ဦးက ခေါ်သဖြင့် လိုက်သွားခဲ့သည်။ မြေကြီးလမ်းအတိုင်း လျှောက်သွားခဲ့ရာမှ အတန်ကြာတွင် ချောင်းငယ်တစ်ခု၏ ကမ်းပါးသို့ ရောက်ရှိခဲ့သည်။ ကမ်းပါးပေါ်မှအောက်သို့ ငုံ့ကြည့်လိုက်ရာ ရစ်ခွေစီးဆင်းနေသော ချောင်းငယ်ကိုတွေ့ရသည်။ ချောင်းငယ်အတွင်း အချိုးအကွေ့နေရာများ၌ သဲသောင်ထွန်းနေသည်။ ချောင်းရေက ကြည်လင်နေပြီး အကျယ်ပေ ၂၀ခန့်ရှိသလို ရေအနက်သုံးပေခန့်ရှိမည်ဟု မှန်းဆမိသည်။

မကြာမီချောင်းအကွေ့တောစပ်ဆီမှ လူသံ၊ ဆင်တိုးသံများကြားရသဖြင့် လှမ်းမျှော်ကြည့်လိုက်ရာ ချောင်းငယ်ဆီသို့ ဦးတည်လာနေသောဆင်များကို ဘွားကနဲ တွေ့လိုက်ရသည်။ ဆင်မှာအန္တရာယ်ပေးနိုင်သည့် တိရစ္ဆာန်အဖြစ် ငယ်စဉ်ကတည်းက သိရှိနေရာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ အဆီးအတားများဖြင့် ပြသထားသည့် ဆင်များကိုပင်မြင်တွေ့တိုင်း စိုးရိမ်ထိတ်လန့်စိတ်ဖြစ်နေခဲ့သည်။ ယခုကဲ့သို့ တောတောင်အတွင်း ရုတ်တရက်တွေ့မြင်လိုက်ရသဖြင့် စိုးရိမ်စိတ်ဖြစ်မိသော်လည်း ဆင်တစ်ကောင်စီ၏အပေါ်တွင် ဆင်ဦးစီးများလိုက်ပါလာသဖြင့် စိတ်အေးသွားမိသည်။ ဆင်ဦးစီးများက ဆင်များကို နိုင်နင်းစွာထိန်းကျောင်းနိုင်ကြသည်ကို တွေ့ရသည်။


ဆင်တစ်ကောင်ချင်း ချောင်းငယ်အတွင်း ဆင်းသက်ကာ ဆင်ဦးစီးများက မိမိတို့ဆင်များကို ခန္ဓာကိုယ်ကို ချောင်းရေဖြင့် ပွတ်သပ်ရေချိုးပေးကြသည်။ ဆင်များမှာ ချောင်းရေတိမ်သောကြောင့် မတ်တတ်ရေချိုး၍မရသဖြင့် ဆင်ဦးစီး၏အမိန့်အတိုင်း ရေထဲဝပ်ကာ ရေစိမ်၊ ရေချိုးကြသည်။ ဆင်အကောင်ရေ စုစုပေါင်းခြောက်ကောင်ဖြစ်ပြီး အားလုံးမှာ အမည်းရောင်ဆင်များဖြစ်သည်။ ဆင်ဦးစီးများမှာ အပေါ်အောက်အပြာရောင်ဝတ်စုံ၊ ဘောင်းဘီရှည်များဝတ်ဆင်ထားပြီး ခေါင်းတွင် အပြာရောင်လျှာထိုးဦးထုပ်ကို ကိုယ်စီဆောင်းထားကြသည်။ ချောင်းငယ်အတွင်း ဆင်များကို ရေချိုးပေးချိန်တွင် ဆင်များကိုယ်ပေါ်၌ မတ်တတ်ရပ်ခါးကုန်းပြီး ဆင်ကိုယ်ထည်ကို လက်ဖြင့် ပွတ်သပ်ရေချိုးပေးကြသည်ကို တွေ့ရသည်။ ဆင်အချို့က ချောင်းရေကို နှာမောင်းဖြင့်စုပ်ယူလိုက် လေထဲမှုတ်ထုတ်လိုက်နှင့် ပျော်ရွှင်နေကြသည်။

"ဆင်တွေကို ကိုယ်တိုင်သွားပြီး ရေချိုးပေးလို့ရတယ်၊ ဆင်ထိန်းတွေရှိလို့ စိုးရိမ်စရာမရှိဘူး" ဟု ဆိုသော်လည်း မသွားတော့၊ ကမ်းပါးထိပ်မှ ကြည့်ရှုလေ့လာပြီး ဓာတ်ပုံမှတ်တမ်းရိုက်ကူးနေမိသည်။ အချို့ကမ္ဘာလှည့်ခရီးသွားများက ချောင်းငယ်အတွင်းဆင်းကာ ဆင်ထိန်းများနှင့်အတူ ဆင်များကို ရေချိုးပေးကြကြောင်း သိရသည်။ တောတောင်အတွင်း ဆင်များကို လွတ်လပ်စွာကိုင်တွယ်ထိတွေ့ရေချိုးပေးရသော ခံစားမှုအသစ်ကို ပကတိအတိုင်း ရရှိစေမည်ဖြစ်သည်။

ရေချိုးပြီးနောက် ဆင်များ တစ်ကောင်ချင်းစီတန်းကာ လာလမ်းအတိုင်းပြန်လည်ထွက်ခွာသွားသည်။ လေ့ကျင့်ပေးထားသော ဆင်များဖြစ်ရာ ဆင်ဦးစီးများ၏ ညွှန်ကြားမှုအတိုင်း လိုက်နာဆောင်ရွက်ကြသည်ကို တွေ့ရသည်။ ဖိုးကျားသဘာဝဆင်စခန်းနယ်မြေအတွင်း သစ်လုပ်ငန်းသုံးဆင်များကလည်း အကောင်ရေ ၆၀ ခန့်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၁၇ သို့*

**တောစပ်ကွက်လပ်နေရာတွင် ခရီးသွားများကြည့်ရှုလေ့လာရန်အတွက် လေ့ကျင့်ပေးထားသော ဆင်ခြောက်ကောင်က မြေပြင်တွင် ထောင်ထားသော သစ်တုံးပိုင်းများပေါ် လမ်းလျှောက်ပြခြင်း၊ မြောင်းတစ်ခုပေါ် ကန့်လန့်ဖြတ်တင်ထားသော သစ်လုံးပေါ်မှနေ၍ တစ်ဖက်မှတစ်ဖက်သို့ လမ်းလျှောက်ပြခြင်းတို့အပြင် ဆင်များဘောလုံးကန်သည့် ပြကွက်များကိုလည်း စိတ်ဝင်စားစွာပြသ**



စာမျက်နှာ ၁၆ မှ



အချို့တောလမ်းများအနီးတွင် သွားလာကျက်စားနေသော ဆင်တစ်ကောင်စနှစ်ကောင်စကို မြင်တွေ့ရပြီး ယင်းဆင်များမှာ သစ်လုပ်ငန်းသုံးဆင်များဖြစ်ကြောင်း သိရသည်။

ဆင်ထိန်းများနေထိုင်သော အိမ်များသို့ သွားရောက်ခဲ့ရာ တဲအကြီးစားနေအိမ်တချို့ကို စီတန်းတည်ဆောက်ထားသည်ကို တွေ့ရသည်။ တောတွင်း၌ သဘာဝအတိုင်း လွတ်လပ်စွာတည်ဆောက်ထားသည်ဖြစ်ရာ အိမ်ထောင်ပရိဘောဂများလည်းမရှိ၊ ပကတိရိုးရှင်းစွာဖြင့် မိသားစုဝင်များနှင့် အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိကြသည်။ ဆင်များနှင့်လည်း အားလုံးရင်းနှီးကျွမ်းဝင်ကြရာ အန္တရာယ်တစ်စုံတစ်ရာပေးခြင်းမရှိကြောင်း သိရသည်။

ဆင်ထိန်းများနေထိုင်ရာ တဲအိမ်များမှဆင်များ သရုပ်ပြရာနေရာသို့ ပြန်ထွက်ခဲ့သည်။ တောစပ်ကွက်လပ်နေရာတွင် ခရီးသွားများကြည့်ရှုလေ့လာရန်အတွက် လေ့ကျင့်ပေးထားသော ဆင်ခြောက်ကောင်က မြေပြင်တွင်ထောင်ထားသောသစ်တုံးပိုင်းများပေါ် လမ်းလျှောက်ပြခြင်း၊ မြောင်းတစ်ခုပေါ် ကန့်လန့်ဖြတ်တင်ထားသောသစ်လုံးပေါ်မှနေ၍ တစ်ဖက်မှတစ်ဖက်သို့ လမ်းလျှောက်ပြခြင်းတို့အပြင် ဆင်များဘောလုံးကန်သည့်ပြကွက်များကိုလည်း စိတ်ဝင်စားဖွယ် ပြသကြသည်။

ဘောလုံးဂိုးသွင်းသည့်သရုပ်ပြမှုတွင် သစ်သားတိုင်နှစ်ချောင်းကို ဂိုးအဖြစ်စိုက်ထူထားသည့် အလယ်တွင် ဆင်တစ်ကောင်က ဂိုးသမားတစ်ဦးသဖွယ် တစ်ဖက်တွင်ရပ်လျက် အသင့်ရှိနေသည်။ ဆင်ထိန်းတစ်ဦးက ဂိုးရှေ့ပေ ၂၀ ခန့်အကွာတွင်ရပ်နေသော ဆင်တစ်ကောင်၏ရှေ့တွင် ဘောလုံးကို အသာတည်ပေးလိုက်ပြီး ဆင်ထိန်းက အချက်ပေးလိုက်သည်နှင့် ယင်းဆင်ကပြေးလာကာ ဘောလုံးကို ရှေ့ဘက်ညာခြေဖြင့်ကန်သွင်းလိုက်ရာ ဂိုးပေါက်၌ စောင့်နေသည့်ဆင်က နှာမောင်းဖြင့်ဖမ်းပုံမှာ ပညာပါလှသည်။ အကြိမ်ကြိမ်လေ့ကျင့်ပေးထားသဖြင့် အမှားအယွင်းအလွဲအချော်နည်းသည်။ ကမ္ဘာလှည့်ခရီးသွားများ နှစ်သက်သဘောကျသည့် ပြကွက်ဖြစ်ကြောင်း သိရသည်။

## ဆင်ကျောပေါ်တွင်တင်ထားသော သစ်သားပုခက်အတွင်း ထိုင်လိုက်ကာ တစ်လှမ်းချင်း တရွေ့ရွေ့သွားနေသည့် ဆင်ပေါ်မှနေ၍ တောတွင်း သဘာဝပတ်ဝန်းကျင်အလှအပများကို ကြည့်ရှုရသည်မှာ ထူးခြားသောခံစားမှုကို ဖြစ်ပေါ်စေသည်

ဖိုးကျားသဘာဝဆင်စခန်းသို့ နှစ်စဉ် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၂၀၀၀ ကျော်ခန့် လာရောက်လေ့လာကြရာ အများဆုံးလာရောက်သည့်ကာလမှာ နိုဝင်ဘာနှင့် ဖေဖော်ဝါရီလတို့တွင်ဖြစ်သည်။ လာရောက်ကြသည့် ကမ္ဘာလှည့်ခရီးသွားအများစုမှာ နေ့ချင်းပြန် တစ်ရက်ခရီးဖြစ်ပြီး ညအိပ်လေ့လာသည့်ခရီးသွားနည်းပါးကြောင်း သိရသည်။ ဖိုးကျားသဘာဝဆင်စခန်းတွင် ခရီးသွားများနှစ်သက်သည့် အစီအစဉ်တစ်ခုမှာ တောတွင်း၌ ဆင်စီးပြီး တစ်နာရီခန့်ကြာမျှ လည်ပတ်ခြင်းဖြစ်သည်။ ကျွန်တော်လည်း ဆင်စီးရန် ဆင်တစ်ကောင်ကျောပေါ်တက်ခဲ့သည်။

ဆင်ကျောပေါ်တွင် တင်ထားသော သစ်သားပုခက်အတွင်းထိုင်လိုက်ကာ တစ်လှမ်းချင်း တရွေ့ရွေ့သွားနေသည့် ဆင်ပေါ်မှနေ၍ တောတွင်းသဘာဝပတ်ဝန်းကျင်အလှအပများကို ကြည့်ရှုရသည်မှာ ထူးခြားသော ခံစား မှုကို ဖြစ်ပေါ်စေသည်။ ကင်မရာဖြင့် ဓာတ်ပုံမှတ်တမ်းများကို စိတ်တိုင်းကျရိုက်ယူရသဖြင့် ပီတိဖြစ်ရသည်။ တောတောင်အတွင်း ဆင်စီးပြီး လည်ပတ်ခြင်းမှာ ကျွန်တော့်ဘဝ၌ ပထမဆုံးအတွေ့အကြုံပင်ဖြစ်သည်။ ရင်ခုန်စိတ်လှုပ်ရှားစရာလည်းကောင်းသည်။

ဆင်ပေါ်လိုက်ပါရင်း မြန်မာနိုင်ငံ၏ သဘာဝအခြေခံခရီးသွားလုပ်ငန်းတွင် ဆင်များကို အသုံးပြုနေပြီဖြစ်ကြောင်း တွေးမိသည်။ သစ်လုပ်ငန်းသုံးဆင်များကို သဘာဝအခြေခံခရီးသွားလုပ်ငန်းတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် ခရီးသွားများကို ပိုပြီးဆွဲဆောင်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင် ဆင်ကောင်ရေ ၄၈၀၈ ကောင်ရှိပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ ဆင်ကောင်ရေ ၄၈၂၅ ကောင်ရှိသည်ဟု မှတ်တမ်းများ၌ ဖော်ပြထားကြောင်း ပြန်စဉ်းစားမိသည်။ ဆင်ကောင်ရေ မလျော့ကျစေရန် ဆင်ထိန်းသိမ်းရေး ဘေးမဲ့တောတစ်ခု တည်ထောင်ရန် ပဲခူးရိုးမရှိ သဘာဝဘေးမဲ့တောတစ်ခုဖြစ်သည့် မြောက်ဇာမရီကို သတ်မှတ်ရန်လည်း ကြိုးစားလျက်ရှိကြောင်း သိရသည်။

ဆင်စီးရင်း အတွေးလွန်နေရာမှ ခပ်လှမ်းလှမ်းသစ်ပင်ပေါ်ရှိ ကျေးငှက်တစ်ကောင်၏ သာယာသောအသံကို ကြားရသဖြင့် သတိပြန်ဝင်ကာ ယင်းကျေးငှက်ကို ရှာဖွေကြည့်မိသည်။ မတွေ့ရ။ "တောကျေးအမျိုးအစားပါ" ဟု ဆင်ဦးစီးက ပြောပြသည်။ ဖိုးကျားသဘာဝဆင်စခန်းတွင် ငှက်မျိုးစိတ် ၁၀၄ မျိုးခန့်ရှိကြောင်း သိရသည်။ ဆင်သွားရာလမ်းကြောင်းရှေ့မှဖြတ်ပြီး ပျံသန်းသွားသော ငှက်အချို့ကိုလည်း တွေ့ရသည်။ သက်တမ်း နှစ် ၁၅၀ ခန့်ရှိ ကျွန်းပင်များ၊ တောသစ်ခွပန်းများ၊ ထူးခြားသော အရောင်အဆင်းရှိသည့် လိပ်ပြာများကို မြင်တွေ့ရသည်မှာ စိတ်ဝင်စားစရာကောင်းလှသည်။

တစ်နာရီခန့်ကြာမျှတောတွင်း၌ ဆင်စီးခဲ့ပြီး မူလနေရာသို့ ပြန်ရောက်ခဲ့သည်။ ဆင်ပေါ်မှဆင်းပြီး ခေတ္တနားကာ ဖိုးကျားသဘာဝဆင်စခန်းမှ ပြန်ထွက်ခဲ့သည်။ တိတ်ဆိတ်ငြိမ်းချမ်းသော ဖိုးကျားသဘာဝဆင်စခန်းက ထူးခြားသည့် ဆွဲဆောင်မှုများဖြင့် ပြည့်နှက်လျက်ရှိသည်။ ပဲခူးရိုးမတောတောင်အတွင်း သဘာဝဆန်စွာ လေ့လာခွင့်ရနိုင်သော သီးခြားအပန်းဖြေစခန်းတစ်ခုလည်းဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး ယခုထက်ပိုမိုချောမွေ့ပါက ပွင့်လင်းရာသီတွင် ခရီးသွားများအတွက် လေ့လာစရာကောင်းသော ခရီးစဉ်တစ်ခုအဖြစ် လာရောက်ကြမည်ဟု တွေးနေမိသည်။

# အသံဖလှယ်သည့် အစဉ်အလာ (၃)



မောင်ခင်မင်(ဓနုဖြူ)

"တစ်ခုမေးချင်လို့ပါ ဆရာ"

"မေးလေ"

"အင်္ဂလိပ်ခေတ်က စာအုပ်တစ်အုပ်မှာ အသင်းတစ်ခုအကြောင်းရေးထားတာ ဖတ်ရပါတယ် ဆရာ။ အဲဒီထဲမှာ 'ပြီစီဒင်မင်း' ဆိုတဲ့ ရာထူးနာမည်တွေ့ရလို့ သမီးအဓိပ္ပာယ်မသိလို့ပါ ဆရာ"

"ဩော်. . . ပြီစီဒင်ဆိုတာ President ကို အသံဖလှယ်ထားတဲ့ စကားလုံးလေး။ ခုခေတ်တော့ ဥက္ကဋ္ဌ လို့သုံးတာ သမီးသိမှာပါ။ အသင်းအဖွဲ့ ကြေညာချက်တွေမှာ အောက်ကလက်မှတ်ထိုးပြီး လက်မှတ်အောက်မှာ 'ပြီစီဒင်' လို့ ရေးလေ့ရှိတယ်"

"ဟုတ်ကဲ့. . . သိပါပြီဆရာ။ 'ပရီစီဒင်' လို့ အသံထွက်ရမှာပေါ့နော်"

"ဟုတ်တယ်။ 'ပရီ' လို့ လျှာလိပ်သံနဲ့ ထွက်ရတယ်။ အတွင်းရေးမှူးကျတော့ 'စက္ကရီတေရီ' လို့ အသံဖလှယ်တယ်လေ၊ secretary ကို ဖလှယ်တာပေါ့"

"ဟုတ်ကဲ့ ဆရာ။ အင်္ဂလိပ်ခေတ်က ဝေလမင်းသားဆိုတာ မြန်မာပြည်ကိုလာတဲ့အကြောင်း ဝတ္ထုထဲမှာ ဖတ်ဖူးပါတယ်။ 'ဝေလ' ဆိုတာ ဘာပါလဲဆရာ"

"ကဲ. . . ဝေလမင်းသားနဲ့ ဆက်စပ်နေတဲ့နာမည်တွေပါပြောပြမယ်။ ခုခေတ်မှာတော့ ဒီအသုံးတွေ ခေတ်ကုန်သွားပြီပေါ့။ မြန်မာနိုင်ငံကို အင်္ဂလိပ်က နောက်ဆုံးသိမ်းပိုက်တဲ့ စစ်ပွဲမှာ အင်္ဂလန်မှာ နန်းစံနေတဲ့ မိဖုရားကြီးက Queen Victoria ဟုတ်လား။ အဲဒီနာမည်ကို ဘယ်လိုအသံဖလှယ်သလဲ။ သိကြသလား"

"သိပါတယ် ဆရာ။ ဝိတိုရိယပါ"

"ဟုတ်တယ်။ ခုတော့ ဆေးရုံနာမည်တောင်ဖြစ်နေပြီ။ အဲဒီနောက်အုပ်ချုပ်တဲ့ ပဥ္စမမြောက် ဂျော့ဘုရင်က အသံဖလှယ်ရလွယ်တယ်။ George ကို 'ဂျော့' လို့ဖလှယ်တယ်။ အဲဒီနောက်အုပ်ချုပ်တဲ့ ဘုရင်က Edward တဲ့ ။ ခုခေတ်တော့ 'အက်ဒဝပ်' လို့ ဖလှယ်မှာပေါ့။ အရင်ကတော့ 'ဧဒွပ်ဘုရင်' တဲ့။ ဘုရင်မဖြစ်ခင် အိမ်ရှေ့မင်းသားဘဝက Wales နယ်ကိုစားရတာမို့ Prince Wales လို့ခေါ်တယ်။ အဲဒါကို 'ဝေလမင်းသား' လို့အသံဖလှယ်တာပါ"

"ဟုတ်ကဲ့ပါ"

"မြန်မာနိုင်ငံကို အုပ်ချုပ်တာက ဘုရင်ခံလေ။ Governor ပေါ့။ ဂေါ်ဝါနာမင်းကြီးလို့ အသံဖလှယ်လေ့ရှိတယ်"

"ခုခေတ် မသုံးတော့တဲ့အုပ်ချုပ်ရေးပိုင်းဝေါဟာရတွေထဲမှာ 'စက်ရှင်မင်းကြီး' တို့၊ 'စက်ရှင်ရုံး'တို့၊ 'စက်ရှင်တရားသူကြီး'တို့ ရှိတယ်။ Sessions ကို အသံဖလှယ်ထားတာပါ။ ခုခေတ်တော့ ရာဇဝတ် တရားသူကြီးလို့ ခေါ်တယ်"

"ဟုတ်ကဲ့ပါ"

"တော်တော်တွင်ကျယ်တဲ့ အသုံးတစ်ခုက "အင်စပက်တော်'ပေါ့"

"သမီးကြားဖူးပါတယ်ဆရာ။ Inspector ကို ပြောတာထင်ပါတယ်"

"ဟုတ်တယ်။ 'အင်စပက်တော်ရုံး'တို့၊ 'ပုလိပ်အင်စပက်တော်' တို့ အသုံးတွေ တွေ့ရတယ်။ ငါးဖမ်းတဲ့ အင်းတွေကို ကြီးကြပ်ရတဲ့ 'အင်းအင်စပက်တော်' ဆိုတာလည်းရှိတယ်"

"ဟုတ်ကဲ့ပါ"

"ဩော်. . . တစ်ဆက်တည်း ပြောရဦးမယ်။ 'ဆပ်ကျောင်း' ဆိုတာ ကြားဖူးကြသလား"

"မကြားဖူးပါဘူး ဆရာ"

"အင်္ဂလိပ်ခေတ်က ဆပ်ကျောင်းတက်ပြီး ဆင်းလာရင် ပုလိပ်အရာရှိဖြစ်တာပေါ့။ ဆပ်ကျောင်းဆိုတာ Sub Inspector သင်တန်းကျောင်းကို ခေါ်တာလေ။ ခုခေတ်ဆိုရင်တော့ ရဲသင်တန်းကျောင်းပေါ့။ ရဲအုပ်ကို ဆပ်အင်စပက်တော်လို့ခေါ်တာ။ ရာဇဝတ်အုပ်လို့လည်း ခေါ်တယ်"

"ရဲကို ပုလိပ်လို့ခေါ်တာလည်း Police ကို အသံဖလှယ်တာပေါ့နော် ဆရာ"

"ဟုတ်ပါတယ်။ Police ကို အသံဖလှယ်တဲ့ 'ပုလိပ်' ရယ်၊ Plague ကို အသံဖလှယ်တဲ့ ပလိပ်ရောဂါရယ် အသံထွက်ချင်း အတူတူပဲလေ။ ရေးတော့သာ တစ်ချောင်းငင်ပါတဲ့ 'ပုလိပ်'နဲ့ တစ်ချောင်းငင်မပါတဲ့ 'ပလိပ်' ကွာတာ"

"ဟုတ်ကဲ့ပါ။ ပုလိပ်ဆိုလို့ ပုလိပ်အရာရှိတချို့ကို ဆားပုလင်းလို့လည်း ခေါ်တယ်ဆို ဆရာ"

"သားက၊ ဆရာမင်းသိင်္ခရဲ့ ဆားပုလင်းနှင်းမောင်ကို သတိရတယ်ထင်တယ်"

"ဟုတ်တယ်။ အင်္ဂလိပ်လိုက Surveillence လေ။ မြန်မာဆန်ဆန် 'ဆားပုလင်း' လို့ ခေါ်ကြတာပေါ့ကွယ်။ ဒါ့ထက်မြန်မာဆန်တဲ့ စကားတစ်လုံးရှိသေးတယ်"

"ပြောပြပါ ဆရာ"

"လက်ထောက်ရာထူးကို Deputy လို့ ခေါ်တယ်။ အုပ်ချုပ်ရေးပိုင်းက လက်ထောက်မြို့ပိုင်ရာထူးကို ဘယ်လိုခေါ်ကြတယ်ထင်သလဲ"

"မသိပါဘူး ဆရာ"

" 'သပြေသီးမြို့အုပ်'တဲ့ ဗျ"

"ရှင် ၊ 'သပြေသီး' က ဘာပါလိမ့်"

"ဩော်. . . Deputy ကို 'သပြေသီး'လို့ အသံဖလှယ်လိုက်တာလေ။ ဘယ်လောက်မြန်မာဆန်လိုက်သလဲလို့"

"ဟုတ်ပါရဲ့"

"အရပ်ထဲမှာ ခေါ်ကြတာပါ။ တရားဝင်တော့ မဟုတ်ဘူးပေါ့။ နောက်လွတ်လပ်ရေးရပြီးတဲ့အချိန်အထိ သုံးနေတဲ့ စကားတစ်လုံး ရှိသေးတယ်"

"ဘာပါလဲ ဆရာ"

"မြူနီစီပယ် ဆိုတဲ့ စကားလေ"

"ကျွန်တော်ကြားဖူးပါတယ်။ ကျွန်တော့်အဘိုးက မြူနီစီပယ်လူကြီးလို့ သိရပါတယ်"

"သမီးအဘွားကလည်း မြူနီစီပယ်ကျောင်းမှာ ကျောင်းအုပ်ဆရာမကြီးပါ ဆရာ"

"အေး. . . ခုခေတ်တော့ 'စည်ပင်သာယာ' အဖွဲ့ပေါ့ကွယ်။ မြို့တွေမှာ စည်ပင်သာယာရေးကို စီမံဆောင်ရွက်တဲ့ အဖွဲ့ပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီအဖွဲ့ဝင်လူကြီးတွေကို မြူနီစီပယ်လူကြီးလို့ ခေါ်တယ်။ မြူနီစီပယ်လူကြီးရွေးကောက်ပွဲမှာ ဝင်ပြိုင်တဲ့သူတွေကို မဲဆန္ဒပေးပြီး ရွေးရတာပေါ့"

"ပြီးတော့ ရန်ကုန် မြူနီစီပယ်ပညာရေးအဖွဲ့က မူလတန်းကျောင်းတွေကို ကြီးကြပ်တာမို့ အဲဒီတုန်းက မြူနီစီပယ်ကျောင်းတွေ မြို့နယ်တိုင်းမှာရှိတယ်။ စတုတ္ထတန်းစာမေးပွဲကို အဲဒီပညာရေးအဖွဲ့က စစ်ဆေးတယ်။ အစိုးရစစ်သဘောပေါ့"

"ဟုတ်ကဲ့ပါ"

"နောက်ပြီးတော့ စာလုံးပေါင်းပုံ ထူးခြားလို့ မှတ်မိနေတဲ့စကားလုံးတွေ ရှိသေးတယ်။ တစ်လုံးက 'ဒိစတြိတ်'တဲ့"

"အဲဒါ ဘာပါလဲ ဆရာ"

"ခုခေတ်တော့ 'ခရိုင်' ပေါ့။ district ကို အသံဖလှယ်ထားတာလေ။ မအူပင်ဒိစတြိတ်၊ ပုသိမ်ဒိစတြိတ် ဆိုတာမျိုး ရေးလေ့ရှိတယ်"

"ဒိစတြိတ်ရုံးတို့၊ ဒိစတြိတ်တရားသူကြီးတို့ဆိုတဲ့ စကားတွေ တွေ့ဖူးပါတယ် ဆရာ"

"ပြီးတော့ 'ရီစစ္စတြီ' ဆိုတာလည်းရှိတယ်"

"အဲဒါရော ဘာပါလဲဆရာ"

"ကုန်ပစ္စည်းအမှတ်တံဆိပ်တွေမှာ 'ရီစစ္စတြီလုပ်ပြီး' ဆိုတဲ့ စာတန်းပါလေ့ရှိတယ်။ ခုခေတ်အသုံးနဲ့ဆိုရင်တော့ 'မှတ်ပုံတင်ပြီး' ပေါ့။ registered ကို အသံဖလှယ်တာပါ"

"ဟုတ်ကဲ့ပါ"

"စာတိုက်ကနေပြီး စာပို့ရင် ရီစစ္စတြီလုပ်ပြီး ပို့ရတယ်ဆိုတဲ့ အသုံးတွေ အရင်တုန်းက ဝတ္ထုတွေမှာ တွေ့ရတာပေါ့"

"ဟုတ်ကဲ့ပါ"

စာမျက်နှာ ၂၃ သို့

**"ဟုတ်ပါတယ်။ Police ကို အသံဖလှယ်တဲ့ 'ပုလိပ်' ရယ်၊ Plague ကို အသံဖလှယ်တဲ့ ပလိပ်ရောဂါရယ် အသံထွက်ချင်း အတူတူပဲလေ။ ရေးတော့သာ တစ်ချောင်းငင်ပါတဲ့ 'ပုလိပ်'နဲ့ တစ်ချောင်းငင်မပါတဲ့ 'ပလိပ်' ကွာတာ"**

# ဘက်ပေါင်းစုံအောင်နိုင်ပွဲ ဆင်နွှဲမည့်ကျောင်းတော်

## ယ နေ့ တ က္က သို လ် န ယ် မြေ တ စ် ခွ င်




သတင်းဆောင်းပါး- ကလျာမိုးမြင့်
ဓာတ်ပုံ - ရွှေစာ

ကချင်ပြည်နယ်သည် မျှတကောင်းမွန်သော ရာသီဥတု၊ စိမ်းစိုသောသဘာဝတောတောင် ရေမြေရှုခင်းများ၊ ဇီဝမျိုးကွဲမျိုးစုံနှင့် သယံဇာတများ ထွက်ရှိမှုတို့ကြောင့် ထင်ရှားကျော်ကြားသည့် မြန်မာနိုင်ငံ မြောက်ဖျားဒေသဖြစ်ပါသည်။ ကချင်ပြည်နယ်ဟုဆိုလိုက်သည်နှင့် ကချင်လူမျိုးများ၏ ယဉ်ကျေးမှုအမှတ်လက္ခဏာဖြစ်သည့် မနောတိုင်ကြီးကို ပြေးမြင်ကြသည်။

(၆၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲတော်ကို ဇန်နဝါရီ ၁၀ ရက်က မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်တွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်၍ ရိုးရာဝတ်စုံများဝတ်ဆင်ကာ အခမ်းအနား ဖွင့်လှစ်ပေးခဲ့သည်ကို အမှတ်ရမိပါသည်။ မြို့တော် မြစ်ကြီးနားသည်လည်း အထင်ကရနေရာများဖြစ်သည့် ကရိန်နော်အပန်းဖြေစခန်း၊ မြို့လယ်ရှိ နှစ်ထပ်ဈေးကြီးနှင့် သာသနာ့ဗိမာန်တော်၊ ဧရာဝတီမြစ်ကမ်းပါးပေါ်တွင် ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်စွာတည်ရှိနေသော ဆုတောင်းပြည့်စေတီတော်၊ လျှောင်းတော်မူနှင့် ရပ်တော်မူစေတီတော်၊ ဗလမင်းထင် မြစ်ကူးတံတားတို့ဖြင့် မြို့အင်္ဂါရပ်များနှင့်အညီ သာယာလှပလျက်ရှိသည်။

သဘာဝအလှတရားများဖြင့် တင့်တယ်နေသည့် မြစ်ကြီးနားမြို့တွင် ထက်မြက်ထူးချွန်သော မျိုးဆက်သစ်လူငယ်များစွာကို မွေးထုတ်ပေးနေသည့် လှုစွမ်းအားအရင်းအမြစ်ဌာနကြီးတစ်ခု တည်ရှိနေပါသည်။ ထိုအရာကား မြစ်ကြီးနားတက္ကသိုလ်ကြီးပင် ဖြစ်ပါသည်။

မြစ်ကြီးနားတက္ကသိုလ်သည် မနောကွင်းတည်ရှိရာ စီတာပူရပ်ကွက် နယ်နိမိတ်အတွင်း ရှိနေသည်ဖြစ်ရာ မြို့ပေါ်မှ ပညာသင်ရန် လာရောက်ကြသူများသည် မနောကွင်းဘေးမှ ဖြတ်ကျော်တိုင်း လှပခမ်းနားသော မနောတိုင်ကြီးများကို ငေးမောကြရသည်။ ထိုမှတစ်ဖန် ရှေးရှု၍ ဆက်သွားသော် အမျိုးသမီးပြင်ပဆောင်များ၊ ဖက်ရှင်နှင့် အဝတ်အထည်ဆိုင်၊ ဓာတ်ပုံဆိုင်၊ မိတ္တူဆိုင်များနှင့် ထမင်းဆိုင်တန်းများ၏ အဆုံးတွင် တက္ကသိုလ်အဝင်မုခ်ဦးကြီးက ဆီးကြိုနေသည်။ မုခ်ဦးဆောက်လုပ်ပြီးစီးသည်မှာ မကြာသေးပါ။ မုခ်ဦးကို ဖြတ်ကျော်ဝင်ရောက်လာချိန်တွင် နှစ်အနည်းငယ်အတွင်းများစွာ ပြောင်းလဲနေသည့် မြင်ကွင်းကို တွေ့လိုက်ရသည်။ ယခင်က ဂျာမနီပင်များသာကြီးစိုးခဲ့သည့် မြေလွတ်မြေရိုင်းများတွင် ယခုအခါ ရွှေပယင်း(၁)၊ (၂)၊ (၃)ဟူ၍ ကျောင်းဆောင်သစ်များက နေရာယူလျက်။ ကျောင်းပင်မဆောင်၏ရှေ့မျက်နှာစာ တက္ကသိုလ်လမ်းမကြီး၏ တစ်ဖက်ခြမ်းတွင် ဘွဲ့နှင်းသဘင်ခန်းမသစ်ကြီးနှင့် သုတေသန အဆောက်အအုံကြီးတစ်ခုကို မြင်ရသည်။ ထိုအခါ မိခင်တက္ကသိုလ်၏ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်ကိုပါ လေ့လာမှတ်သားရန် ကျောင်း၏ အုပ်ချုပ်ရေးအကြီးအကဲလည်းဖြစ်၊ ပညာရေးအကြီးအကဲလည်းဖြစ်သည့် ပါမောက္ခချုပ် ဒေါက်တာစိုးဝင်း၏ ရုံးခန်းရှိရာ ပင်မဆောင်သို့ အပြေးနှင်ခဲ့ပါသည်။

မြစ်ကြီးနားတက္ကသိုလ်ဟူ၍ ရပ်တည်နိုင်ရန် အခြေအနေ အခက်အခဲပေါင်းများစွာကို ဖြတ်ကျော်ခဲ့ရသည်။ ၁၉၆၃ ခုနှစ်မတိုင်မီက ကချင်ပြည်နယ်မှ တက္ကသိုလ်ပညာဆည်းပူးလိုသူများသည် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များသို့ သွားရောက်သင်ယူကြရသည်။ ထိုသို့သွားရောက်သင်ယူရန် အခက်အခဲရှိသူများမှာ ပညာရေးနှင့် အလှမ်းဝေးခဲ့ကြရသည်။ ဤအခက်အခဲများကို ကျော်လွှားနိုင်ရန် ကချင်ပြည်နယ်ဦးစီးအဖွဲ့အတွင်းဝန် ဦးဘမော်ဦးဆောင်သော အရာရှိများ၏ အကူအညီဖြင့် ၁၉၅၅ မှ ၁၉၆၂ အထိ မြစ်ကြီးနား၌ သက်ကြီးတက္ကသိုလ်ဖွင့်လှစ်၍ သင်ကြားပို့ချပေးခဲ့သည်။ ထိုမှ ၁၉၆၃ ခုနှစ်တွင် မြစ်ကြီးနားဥပစာကောလိပ်ဟူ၍ ဖွင့်လှစ်ခဲ့သည်။ ထို့နောက် မြစ်ကြီးနားဒေသကောလိပ်၊ ၁၉၆၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် မြစ်ကြီးနားဒီဂရီကောလိပ်အဆင့်သို့ တိုးမြှင့်ခဲ့သည်။ ထိုမှ ၁၉၉၈ ခုနှစ်တွင် မြစ်ကြီးနားတက္ကသိုလ်ဟူ၍ ဖြစ်လာကာ ယနေ့တိုင် ထည်ထည်ဝါဝါ ရပ်တည်လာခဲ့ပါသည်။

မြစ်ကြီးနားတက္ကသိုလ်တွင် ဌာနကြီး ၁၅ ခု ရှိသည့်အနက် ၁၃ ခုကို ဘွဲ့ဒီဂရီများ ပေးအပ်သည်။ အရှေ့တိုင်းပညာဌာနသည် ဆရာ ဆရာမအင်အား အထိုက်အလျောက်ရှိသော်လည်း ကျောင်းသားများ စိတ်ဝင်တစား သင်ယူလိုမှုနည်းပါးသော ဘာသာရပ်အဖြစ် တွေ့မြင်နေရဆဲဖြစ်သည်။ ထို့ကြောင့် အရှေ့တိုင်းပညာဌာနသည် မြန်မာစာကို တွဲဖက်ပို့ချသည့် minor ဌာနအဖြစ်သာ ရှိနေသေးသည်။ ကျောင်းသား ကျောင်းသူအရေအတွက် ၅၈၀၀ ကျော်ရှိပြီး ဆရာ ဆရာမပေါင်း ၄၀၀ နီးပါးရှိသည်ဖြစ်ရာ ဆရာ ဆရာမ အင်အား လုံလောက်မှုရှိသည်ဟု ဆိုနိုင်ပါသည်။ သို့သော် ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒနှင့် ရုက္ခဗေဒကဲ့သို့ အသုံးချဘာသာရပ်များအတွက် သုတေသနပြုလုပ်ရန် သင်ထောက်ကူပစ္စည်းများ လိုအပ်နေသေးသည်။

ထူးချွန်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ဆရာ ဆရာမများ၏ အရည်အသွေးကိုမြှင့်တင်ရန် ဌာနအလိုက် ဝါရင့်ဆရာ ဆရာမကြီးများက ဆရာ ဆရာမငယ်များကို သင်ပြနည်းများ ပို့ချခြင်း၊ ဘာသာရပ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများကို ဌာနအလိုက် အလှည့်ကျ ပို့ချဆွေးနွေးမှုများ ပြုလုပ်နေပါသည်။ ဝန်ထမ်းပိုင်းအရည်အသွေးမြင့်မားရေး အတွက်လည်း ရုံးတွင်းစာမေးပွဲများ ကျင်းပကာ ထူးချွန်သူများကို ကျောင်းရန်ပုံငွေမှ ချီးမြှင့်ပေးသွားရန် စီစဉ်လျက်ရှိသည်။

မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ၊ မဟာသုတေသန ဘွဲ့များအတွက် သုတေသနပြုရာတွင် ပညာရေးအဖွဲ့၏ အစီအစဉ် အကဲဖြတ်မှုများအရ သုတေသနများသည် (၁) ဒေသအကျိုးပြု သုတေသနဖြစ်ရမည်။ (၂) နိုင်ငံအကျိုးပြု သုတေသနဖြစ်ရမည်။ (၃) ဘာသာရပ်အကျိုးပြု သုတေသနဖြစ်ရမည်ဟူသော စံသုံးရပ်ဖြင့် သုတေသနစာတမ်းခေါင်းစဉ်များကို စိစစ်ပါသည်။ ထို့ပြင် သက်ဆိုင်ရာဌာနအလိုက် ဝန်ကြီးဌာနကိုတင်ပြ အသုံးစရိတ်တောင်းခံကာ ဆောင်ရွက်နေသော သုတေသနလုပ်ငန်းများလည်းရှိသည်။ ဥပမာအားဖြင့် အင်းတော်ကြီးဒေသ၏ ရေမြေ သဘာဝပေါက်ပင်များအကြောင်း၊ ရေချိုငါးမျိုးစိတ်များ၊ ငါးမျိုးနွယ်စုများ၏ သက်တမ်းကို လေ့လာခြင်း၊ ဝိုင်းမော်ဒေသကြီးအတွင်း ပေါက်ရောက်နေသော ဆေးဖက်ဝင်အပင်များကို ရှာဖွေဖော်ထုတ်ခြင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပြ လူမှုအဖွဲ့အစည်းရှိ သဘာဝပေါက်ပင်များ ဖြစ်တည်နေပုံနှင့် ၎င်းတို့ကပေးသော အခွင့်အလမ်း အားသာချက်များကို လေ့လာ၍ သုတေသနပြုလျက်ရှိသည်။

ကျောင်းသားလူငယ် မောင်မယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ် အရေးပါလှသည့် မြစ်ကြီးနားတက္ကသိုလ် စာကြည့်တိုက်ကြီးသည် ယခင်က ဖတ်ရှုလေ့လာစရာ စာအုပ်များနည်းပါးခဲ့သဖြင့် လာရောက်သူနည်းပါးခဲ့သည်။ ယခုအခါ စာအုပ် အမယ်မျိုးစုံကို E-library စနစ်ဖြင့် သုတရသစုံလင်စွာ ဖတ်ရှုနိုင်သည့်အပြင် wifi ချိတ်ဆက်၍ အသုံးပြုနိုင်ပြီဖြစ်သည်။ ကျောင်းရှိ စာအုပ်လေးသောင်းကျော်အနက် နှစ်သောင်းကျော်ကို online တင်ခြင်း ပြုလုပ်နိုင်ခဲ့သည်။ E တက္ကသိုလ် ဟုခေါ်ဆိုသော Online Library စနစ်ကို အင်္ဂလန်နိုင်ငံ မန်ချက်စတာတက္ကသိုလ်မှ လာရောက်ချိတ်ဆက်ပေးထားသည့်အပြင် တစ်နှစ်လျှင် နှစ်ကြိမ်ခန့် လာရောက်၍ ဆော့ဖ်ဝဲလ်များပြန်တင်ခြင်း၊ သက်တမ်းပြန်ထည့်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ လူငယ်မောင်မယ်များ စာကြည့်တိုက်၏ တန်ဖိုးကို အမှန်တကယ်သိမြင်လာစေရန်၊ စာကြည့်တိုက်ကို အမှန်တကယ် စိတ်ပါဝင်စားစွာ အသုံးချရန်နှင့် သင်ကြားရေးကဏ္ဍများတွင် ဆက်စပ်အသုံးပြုရန် ရည်ရွယ်ချက်ဖြင့် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နေပါသည်။ အမှန်တကယ် စာကြည့်တိုက်သို့ စိတ်ဝင်တစား လာရောက်လေ့လာသူ များပြားလာသည်ကို တွေ့မြင်ရပါသည်။


ပါမောက္ခချုပ် ဒေါက်တာစိုးဝင်း

မြစ်ကြီးနားတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်သန်စွမ်းရန်၊ ပျော်ရွှင်စွာဖြင့် ပညာလေ့လာသင်ယူနိုင်ရန်၊ အချင်းချင်း ချစ်ခင်ရင်းနှီးရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများ ပေါ်ထွန်းရန်အတွက် အဆင့်မြင့်ပညာဦးစီးဌာနက ချမှတ်ပေးသည့် အချိန်ကာလသတ်မှတ်ချက်အရ နှစ်စဉ်ဌာနပေါင်းစုံ၊ ဘာသာရပ်ပေါင်းစုံအလိုက် ပထမနှစ်ဝက်ပညာသင်ကာလတွင် ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပပေးပြီး လက်ရွေးစင်များ ရွေးချယ်သည်။ ဒုတိယနှစ်ဝက် ပညာသင်ကာလအတွက် ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ စစ်တုရင်ပြိုင်ပွဲ၊ ကာယဗလမောင်၊ ကာယအလှမယ် ပြိုင်ပွဲများကို မကြာသေးမီကပင် ကျင်းပပြီးစီးခဲ့သည်။ ၂၀၁၁-၂၀၁၃ ခုနှစ်များတွင် မြစ်ကြီးနားတက္ကသိုလ်က မန္တလေး၌ ယှဉ်ပြိုင်ခဲ့သော ဇုန်ပေါင်းစုံဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲတွင် ဆွတ်ခူးခဲ့သည့် ဆုတံဆိပ်များစွာကို ပြသခဲ့ပါသည်။ လာမည့် ၂၀၁၅ အောက်တိုဘာလတွင် ပြုလုပ်မည့် ဇုန်ပေါင်းစုံ ဘောလုံးပြိုင်ပွဲအတွက် မြစ်ကြီးနားဇုန်အနေဖြင့် သက်ဆိုင်ရာနည်းပြများ အနီးကပ်ကြီးကြပ်၍ အားတက်သရော လေ့ကျင့်ကြသည့်အတွက် ပြိုင်ပွဲ မတိုင်မီကပင် တက္ကသိုလ်ဘောလုံးကွင်းမှာ စည်ကားသက်ဝင်နေပါသည်။

မြစ်ကြီးနားတက္ကသိုလ်သို့ တစ်ကျော့ပြန်ရောက်ရှိလာချိန်သည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တိုင်းရင်းသားရိုးရာ ပဒေသာကပွဲနှင့် ဂီတဆည်းဆာဖျော်ဖြေပွဲ ကျင်းပချိန်နှင့် ကြုံကြိုက်နေပါသည်။ တက္ကသိုလ် တည်ထောင်လာသည့် သက်တမ်းတစ်လျှောက် တစ်ကြိမ်တစ်ခါမျှ ပြုလုပ်ခဲ့ခြင်းမရှိသေးသည့် ထူးခြားသောပွဲဟု ဆိုရပေမည်။ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ ချစ်ခင်ညီညွတ်စွာ တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်မှု၏ ပြယုဂ်ကို စက်တင်ဘာ ၁၀ ရက်က ကျင်းပသည့် တိုင်းရင်းသားရိုးရာပဒေသာကပွဲနှင့် ဂီတဆည်းဆာဖျော်ဖြေပွဲတွင် မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါသည်။ အခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ တိုင်းရင်းသားရိုးရာ ကချင်အက၊ ရဝမ်အက၊ လီဆူအက၊ ယိမ်းအက၊ ပုဂံအက၊ ကာယအလှမယ်လေးများ၏ တင်ဆက်မှုနှင့် အဆို၊ အတီး၊ အမှုတ်မျိုးစုံဖြင့် စိတ်လှုပ်ရှားဖွယ်ရာများကို ပေးစွမ်းခဲ့ပါသည်။

"ဒီဒေသက တိုင်းရင်းသားတော်တော်များများဟာ ဂီတအနုပညာမှာ တော်တော်လေးဓာတ်ခံပါရမီကောင်းကြတယ်။ ဒီအခမ်းအနားကို ဒီနှစ်ကစသန္ဓေတည်ပြီး လုပ်ပေးလိုက်မယ်ဆိုရင် ဒီပွဲကြီးကနေတစ်ဆင့် နိုင်ငံတော်အဆင့်ပွဲကြီးတွေမှာ တိုင်းရင်းသား အဆိုပညာရှင်တွေ၊ အကပညာရှင်တွေ ပေါ်ထွက်မလာဘူးလို့မပြောနိုင်ပါဘူး။ တက္ကသိုလ်ဆိုတာ ပညာတတ်တွေ စုဝေးနေတဲ့နေရာဖြစ်လို့ ဒီဒေသမှာရှိတဲ့ ရွက်ပုန်းသီးလေးတွေကို ဒီလိုနည်းနဲ့ ဖော်ထုတ်ပေးရင် တစ်ဖက်တစ်လမ်းကနေ ကျောင်းပြင်ပပညာရေးကို ပေးတယ်လို့ ဆိုနိုင်ပါတယ်" ဟု ဆိုသောအခါ တက္ကသိုလ်မှာပင် အနုပညာစတင်ကာ နိုင်ငံကျော်သွားခဲ့သူ အဆိုတော် စိုင်းထီးဆိုင်၊ တက္ကသိုလ်သီချင်းများ သီဆိုရင်း ဓာတ်ပြားရသွားခဲ့သူ တက္ကသိုလ်လဲ့လဲ့တို့ကို မြင်ယောင် မိပါသည်။ "ကျောင်းနေပျော်၍ စာတော်ရမည်" ဟူသော လမ်းစဉ်ကို အလေးအနက်ထားကာ ကျောင်းသား ကျောင်းသူများအား ပညာရေးဘက်ဆီသို့ရောက်အောင် ပျော်ပွဲရွှင်ပွဲများဖြင့် လက်တွဲခေါ်ယူလိုက်ခြင်းပင်ဖြစ်သည်။

လီဆူရိုးရာဝတ်စုံဖြင့် တေးသီချင်းသီဆိုဖျော်ဖြေရန် စောင့်ဆိုင်းနေသည့် ရုက္ခဗေဒနောက်ဆုံးနှစ်ကျောင်းသူ တိုင်းရင်းသူမလေး ဆိုဖီယာက "နောက်ဆုံးနှစ်မှာမှ ခုလိုပွဲကြီးကို ပါဝင်ခွင့်ရလို့ အလွန်ဝမ်းသာပါတယ်။ စာမေးပွဲကြီးနီးကပ်နေချိန်မှာ အခုလိုပြုလုပ်ပေးတော့ စာမေးပွဲအတွက်ရော၊ သီချင်းဆိုဖို့ပါ နှစ်မျိုးလုံးကို ရင်ခုန်ပါတယ်" ဟု ၎င်း၏စိတ်လှုပ်ရှားမှုကိုပြောပြသည်။

ဂီတဆည်းဆာ ပွဲပြီးမြောက်အောင် ပါဝင်လှုပ်ရှားနေသူ သမိုင်းဌာနမှ လက်ထောက်ကထိက ဦးကျော်ဆွေညွန့်က "လူ့ယဉ်ကျေးမှုတစ်ခုရဲ့ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်တဲ့ တက္ကသိုလ်မှာ ဆရာတစ်ယောက်ဖြစ်ရတာဟာ အင်မတန်မြင့်မြတ်ပါတယ်။ ဆရာဖြစ်တဲ့သူကလည်း မြင့်မြတ်အောင်နေဖို့ အရေးကြီးပါတယ်" ဟု တက္ကသိုလ်ဆရာအဖြစ် ခံယူထားမှုအပေါ် ဖွင့်ဟပြောဆိုခဲ့သည်။ စာသင်နှစ်တစ်ခု၏ ရင်ခုန်ကြည်နူးဖွယ်၊ စိတ်လှုပ်ရှားဖွယ်၊ အားတက်သရောဖြစ်ဖွယ် အချိန်များပြီးဆုံးခဲ့ချေပြီ။

ဤသို့ဖြင့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများတစ်နှစ်ပြီးတစ်နှစ် မြစ်ကြီးနားတက္ကသိုလ်ကြီးသို့ တက်ရောက်ကာ ပညာစုံခဲ့ကြသည်။ လုပ်ငန်းခွင်စုံသို့ ဝင်ရောက်သွားကြသည်။ ဖူးပွင့်သီးချိန် လွန်မြောက်၍ အချို့အရွယ်လွန်ရင့်ကျက်ချိန်ပင်ရောက်ခဲ့ချေပြီ။ သို့သော် ဇရာအောင်သော မိခင်တက္ကသိုလ်ကြီးကတော့ အစဉ်နုပျိုနေဆဲ၊ မျိုးဆက်သစ်ပညာတတ်များ၊ လူရည်ချွန်များကို အင်အားစိုက်ထုတ်ကာ မွေးဖွားပေးနေဆဲပင်ဖြစ်ပါကြောင်း. . .။



ကာလတိုအတွင်း ပြည်တွင်းကသာမက ပြည်ပနိုင်ငံအချို့ပါ စိတ်ဝင်တစားထိုးဖောက်လာနိုင်သည့် မြန်မာ့ရိုးရာလက်ဝှေ့လောက၌ ယခုပရိသတ်ရင်ထဲစွဲကျန်ရစ်စေမည့် သုံးပွင့်ဆိုင် မြန်မာ၊ နယူးဇီလန်နှင့် ထိုင်းနိုင်ငံတို့မှ လက်ဝှေ့ကျော်များ လာရောက်ယှဉ်ပြိုင်ထိုးသတ်မည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယခုလာမည့် အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာ လက်ဝှေ့အားကစားရုံကြီး၌ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

မြန်မာ့ရိုးရာအားကစား

# ပရိသတ်ရင်ထဲ စွဲကျန်ရစ်စေမည့် သုံးပွင့်ဆိုင် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး

သတင်းဆောင်းပါး
မောင်စိန်လွင် (မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

နယူးဇီလန်မှ မြန်မာနိုင်ငံသို့ လာရောက်ယှဉ်ပြိုင်ထိုးသတ်မည့် လက်ဝှေ့ကျော် Daniel KERR JAMEZ သည် ပွဲစဉ်ပေါင်း ၁၁၀ တွင် နိုင်ပွဲ ၇၈ ပွဲ၊ ရှုံးပွဲ ၃၀ နှင့် သရေပွဲ နှစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ထားပြီး နယူးဇီလန် ၇၉ ကီလိုတန်းတွင် ချန်ပီယံနှင့် South Pacific WKA တွင် ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်ပိုင်ဆိုင်ထားသူဖြစ်သည်။ ကမ္ဘာ့နိုင်ငံအများစုသို့ လှည့်လည်ထိုးသတ်နေသည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံသို့ ယခုလာရောက်ယှဉ်ပြိုင်ထိုးသတ်မှုသည် ပထမဦးဆုံးအကြိမ်ဖြစ်သည်။ ၎င်းနှင့်အတူ ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာနိုင်ငံမှ ပထမတန်းလက်ဝှေ့ကျော် ထွန်းထွန်းမင်းသည် ပွဲပေါင်း ၆၀ တွင် နိုင်ပွဲ ၄၇ ပွဲ၊ သရေ ၁၂ ပွဲနှင့် ရှုံးပွဲ တစ်ပွဲရရှိထားသည့် ပြည်တွင်းပြည်ပမှ ချန်ပီယံဆုအပါအဝင် ဆုခါးပတ်ပေါင်းများစွာ ပိုင်ဆိုင်ထားသူဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် မြန်မာ့ရိုးရာကျားနှင့် မွေထိုင်း ဘောက်ဆင်သံဆန်ခါကြားမှ နယ်လွန်ကျော်ဖြတ်သည့် ကျားတို့ ဘယ်သူအောင်ပွဲခံနိုင်မလဲဆိုတာ စောင့်ကြည့်ရမည့် ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်သည်။

ယင်းနေ့မှာပင် ရိုးရာလက်ဝှေ့ချစ်ပြည်သူများ သဲထိတ်ရင်ဖို စောင့်မျှော်ကြည့်ရှုရမည့် ပွဲကြီးပွဲကောင်းတစ်ပွဲမှာ ယခုတိုင် ပထမတန်းလက်ဝှေ့ကျော်များပင် အလဲထိုးပွဲပြတ်အနိုင်ယူ ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်း မရှိသေးသည့် လက်ဝှေ့ကျော် စိုးလင်းဦးနှင့် ထိုင်းနိုင်ငံ မွေထိုင်းလောက၌ နာမည်ကျော်လက်ဝှေ့သမားတစ်ဦးဖြစ်သည့် နိဝိဆိုရမ်တို့ ယှဉ်ပြိုင်ထိုးသတ်မည့်ပွဲပင်ဖြစ်သည်။ ယခု ရိုးရာလက်ဝှေ့လောက၌ ပထမတန်း လက်ဝှေ့ကျော်များနှင့်ပင် မကြာခဏ ရင်ပေါင်တန်း ယှဉ်ပြိုင် ထိုးသတ်နေသည့် လက်ဝှေ့ကျော် စိုးလင်းဦးသည် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲပေါင်း ၆၈ ပွဲတွင် ၃၆ ပွဲနိုင်၊ သရေ ၃၁ ပွဲနှင့် ရှုံးပွဲတစ်ပွဲ ထိုးသတ်ထားကာ ပွဲကွာနေသည်မှာ ကြာပြီဆိုသော်လည်း ပြီးခဲ့သည့် စက်တင်ဘာ ၂၇ ရက်ကပင် တက်သစ်စ လက်ဝှေ့ကျော် သွေးသစ်အောင်နှင့် လက်ရည်စမ်းပွဲပမာ သိမ်ဖြူကွင်း၌ အစီးသရေဖြင့် ယှဉ်ပြိုင်ထိုးသတ်ထားသည်။ စိုးလင်းဦးသည် ကိုယ်လုံးကိုယ်ထည် သေးသော်လည်း ထိုးလုံး သတ်ကွက်စုံလင်လှသည့်အပြင် လိမ္မာပါးနပ်မှုရှိပြီး မာဂုဏ်မြင့်သည့် လက်ဝှေ့သမားကောင်းတစ်ဦး ဖြစ်သည်။ ၎င်းနဲ့ အတူ ယှဉ်ပြိုင်


ထွန်းထွန်းမင်း(မြန်မာ)

ထိုးသတ်မည့် မွေထိုင်းလက်ဝှေ့ကျော် နိဝိဆိုရမ်သည် ကိုယ်အလေးချိန် ၆၅ ကီလို၊ အရပ် ၁၇၂စင်တီမီတာ ယှဉ်ပြိုင် ထိုးသတ်ခဲ့သည့် ၈၅ ပွဲတွင် နိုင်ပွဲ ၆၈ ပွဲ၊ ရှုံးပွဲ ၁၅ ပွဲနှင့် သရေနှစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ထားကာ ယခင် စိုးလင်းဦးနှင့် ရေးမြို့၌ ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ခဲ့သော်လည်း ပွဲပျက်ခဲ့ပြီး မြန်မာ့လက်ဝှေ့ကျော် စောလှကြည်ထူးနှင့် ပထမအကြိမ်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အလဲထိုးဖြင့် အနိုင်ရရှိထားသူ တစ်ဦးဖြစ်သည်။ ပထမတန်း လက်ဝှေ့ကျော် တူးတူးကိုပင် ယှဉ်ပြိုင်ထိုးသတ်ရန် စိန်ခေါ်ထားသူဖြစ်သည်။ မြန်မာ့ရိုးရာ လက်ဝှေ့လောကသို့ ဒုတိယ အကြိမ် တစ်ကျော့ပြန်လည် ဝင်ရောက်လာခြင်း ဖြစ်သည်။


နိဝိဆိုရမ်(ထိုင်း)

အောက်တိုဘာ ၁၁ ရက်မှာ ယှဉ်ပြိုင် ထိုး သတ် မယ့် မြန်မာ၊ နယူးဇီလန်နဲ့ ထိုင်းတို့ ယှဉ်ပြိုင်ထိုးသတ်မယ့် နှစ်ပွဲစလုံးက တော့ ကြည့်ကောင်းမယ်လို့ ထင်တယ်။ ဘာလို့လဲဆိုတော့ နယူးဇီလန်မှ ဒယ်နီကလည်း အရပ်အမောင်းမြင့်သလို၊ ကိုယ်ထည်လည်း တောင့်တင်းမှုရှိတဲ့အပြင် ရိုးရာလက်ဝှေ့နဲ့ နီးစပ်တဲ့ မွေထိုင်းကိုလည်း နိုင်ငံအများစုကို လှည့်လည်ထိုးသတ်နေတာ ဖြစ်တယ်။ နိဝိဆိုရမ်ကလည်း အရင် စောလှကြည်ထူးကို အနိုင်ယူ ယှဉ်ပြိုင်ထိုးသတ်ထားတာဆိုတော့ ပထမအကြိမ် အောင်ပန်း ဆွတ်ခူး ထားသူ အနေနဲ့ ဒုတိယ အကြိမ် လာရောက် ယှဉ်ပြိုင်တာဆိုတော့ ပြောရရင် မြန်မာ့ရိုးရာလက်ဝှေ့နဲ့ ရင်းနှီးနေသူဖြစ်နေတယ်။ ကျွန်တော့်အမြင်ပြောရရင် အဲဒီနှစ်ပွဲစလုံးကျွန်တော်ကြိုက်တယ်။ အခြား ပြည်တွင်းပွဲတွေထဲကတော့ အရင် လက်ဝှေ့လောကထဲက ခဏတာနားခိုသွားတဲ့ နေနေ(သားအသည်းတစ်ပွင့်) နဲ့ ရာမာဉ် (ရွှေဒေါ်ပုံ)ပွဲ အကြိတ်အနယ်ရှိမယ်လို့ မြင်တယ်”ဟု ရိုးရာလက်ဝှေ့ဝါသနာရှင် ဦးခွန်စောနောင်က သုံးသပ်ပြောဆိုသည်။

အဆိုပါ Who is the Best မြန်မာ၊ ဥရောပနှင့် ထိုင်းရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးကို မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး H & S Group က စီစဉ်ကာ ပြည်တွင်းပြည်ပ ငါးချီပွဲ ငါးပွဲနှင့် လေးချီပွဲငါးပွဲ စုစုပေါင်း ၁၀ ပွဲ ယှဉ်ပြိုင် ထိုးသတ်မည် ဖြစ်သည်။ ငါးချီပွဲ ငါးပွဲ တွဲဆိုင်းများတွင် ထွန်းထွန်းမင်း(မြန်မာ)နှင့် ဒယ်နီရယ်(နယူးဇီလန်)၊ စိုးလင်းဦး(မြန်မာ)နှင့် နိဝိဆိုရမ်(ထိုင်း)၊ ရဲသွေးနီ(တောင်ကလေး)နှင့် တိမ်တိုက် (ထွန်းသွင်)၊ အဖေ့သွေး (တောင်ကလေး)နှင့် စောလဒိုး (မြိုင်ကလေးဘီလပ်မြေစက်ရုံ)၊ ရာမာဉ် (ရွှေဒေါ်ပုံ)နှင့် နေနေ(သားအသည်းတစ်ပွင့်)တို့ဖြစ်ပြီး လေးချီပွဲငါးပွဲမှာ ရဲမာန်ဟိန်း (ထွန်းထွန်းမင်း)နှင့် ကြယ်စင်(မြိုင်ကလေးဘီလပ်မြေစက်ရုံ)၊ မိုးမခ (ထွန်းသွင်)နှင့် မင်းမောင်မောင် (တောင်ကလေး)၊ ဥဒေါင်းမင်း (ထွန်းထွန်းမင်း)နှင့် ဇော်ချစ်အောင် (စွမ်းကေကေ)၊ စောထူးအောင် (ဒို့ရိုးရာ)နှင့် ရှိုင်းထက်အောင် (အဖြူရောင်သွေးသစ်)၊ စွမ်းထက်နိုင် (စွမ်းကေကေ)နှင့် ရွှေဖားစည် (မြိုင်ကလေးဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။



ဒယ်နီရယ်(နယူးဇီလန်)

ယင်း မြန်မာ၊ ဥရောပနှင့် ထိုင်းရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် ရုံဝင်ကြေးအဖြစ် ရိုးရိုးတန်း ငွေကျပ် ၁၀၀၀၀၊ ၂၅၀၀၀၊ ၃၅၀၀၀ နှင့် အထူးတန်း ငွေကျပ် တစ်သိန်း သတ်မှတ်ထား ပြီး ရိုးရာလက်ဝှေ့ အဆင့်မြင့်တင်ကူညီ လိုသူများနှင့် ကြိုတင်လက်မှတ်မှာယူလိုသူများ ဖုန်း- ၀၉-၇၃၀၀၉၆၈၆ သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။


စိုးလင်းဦး(မြန်မာ)

“အခုနောက်ပိုင်း ရိုးရာလက်ဝှေ့ပွဲတွေ အနေနဲ့ ပြည်တွင်းရော ပြည်ပပွဲတွေပါ တော်တော် ခပ်စိပ်စိပ်ဖြစ်လာတယ်။ ဖြည်းဖြည်းချင်း Miss ပြိုင်ပွဲတွေလို ဖြစ်လာပေမယ့် Miss ပွဲတွေလို စပွန်ဆာကတော့ လိုက်မလာဘူးဖြစ်နေတယ်။ ဒါကလည်း ဘယ်လိုပြောရလဲ။ အမျိုးသားရေးလက္ခဏာဖြစ်တဲ့ ဒီရိုးရာပွဲတွေကျတော့ ပြည်သူတွေအနေနဲ့ လာတော့ကြည့်ကြတယ်။ အားလည်းပေးကြတာ တွေ့ရတယ်။ ဒါပေမယ့် လုပ်ငန်းရှင်တွေအနေနဲ့က စိတ်ဝင်စားမှု အားနည်းနေသေးတာကို တွေ့ရတယ်။ ကျွန်တော့်အမြင်ပြောရရင် ဒီလိုအမျိုးသားရေး အားကစားတစ်ခုဟာ အခြားနိုင်ငံတွေလို လုပ်ငန်းရှင်တွေက မျက်စိကျအားပေးပြီး စပွန်ဆာရှိမှ ကမ္ဘာကို ဒီထက်မက ပိုမိုထိုးဖောက်လာနိုင်မယ်လို့ မြင်တယ်၊ အခုဟာက နိုင်ငံတော်ရော ပြည်သူကပါအားပေးတယ်။ ဒါပေမယ့် ထိရောက်မှု မရှိဘူးလို့ ကျွန်တော်မြင်တယ်”ဟု ပြည်တွင်းရိုးရာလက်ဝှေ့ကလပ်မှ နည်းပြပညာရှင်တစ်ဦးက ဆိုသည်။

(မြန်မာ့အလင်း)

■

## အာရှ ယူ-၁၉ ခြေစစ်ပွဲ မြန်မာနှင့် ဟောင်ကောင် ယနေ့ယှဉ်ပြိုင်မည်

AFC U-19 CHAMPIONSHIP BAHRAIN 2016 QUALIFIERS

**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စု (G) ပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိရာ အောက်တိုဘာ ၄ ရက်**(ယနေ့)** တွင် ပထမပွဲအဖြစ် ဗီယက်နမ်နှင့် တီမော၊ ဒုတိယပွဲအဖြစ် မြန်မာနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အုပ်စု (G) တတိယနေ့ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်၊ တီမောအသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်၊ မြန်မာအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ ဟောင်ကောင်အသင်းက နှစ်ပွဲကစား တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်ရရှိထားကာ ဘရူနိုင်းအသင်းမှာ သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

ညီမြတ်သော်တာ

# ဂုတ်ထိပ် တံတားပေါ်သို့

မောင်သာ(ရှေးဟောင်းသုတေသန)

**မန္တလေးဘူတာကြီးမှ နံနက် လေးနာရီ ၅၂ မိနစ်တွင် ထွက်ခွာလာခဲ့သည့် မန္တလေး-လားရှိုး ၁၃၁ အဆန် ရထားသည် လင်းလုဆဲ အမှောင်ရိပ်ကို ဖြိုခွင်းလျက် ပုံမှန် မောင်းနှင်လာခဲ့ရာ ဇီးပင်ကြီးဘူတာ မရောက်မီ မိုးလင်းခဲ့သည်။ တောင်ပေါ်ဒေသ၏ အေးမြသော အပူချိန်အောက်ဝယ် လှပသော ရှမ်းပြည်နယ်၏ နံနက်ပိုင်း ရှုခင်းများကို ကြည့်ရှုငေးမောရင်း ကျွန်တော်လိုက်ပါလာခဲ့သည့် မီးရထားကြီးသည် နံနက် ရှစ်နာရီတွင် ပြင်ဦးလွင်ဘူတာသို့ ဆိုက်ရောက်ခဲ့သည်။**

နံနက်ခင်းဖြစ်သောကြောင့် မီးရထားစီးခရီးသည်များကို လက်ဖက်ရည်၊ ကော်ဖီနှင့် ရှမ်းအစားအစာ၊ မုန့်မျိုးစုံများ လာရောက်ရောင်းချသည့် ဈေးသည်များဖြင့် စည်ကားနေသည့် ပြင်ဦးလွင်ဘူတာမှ နိုင်ငံခြားသားများ ရထားတွဲများပေါ်သို့ တက်လာကြသည်။ အုပ်စုလိုက်လာကြသူများတွင် ဧည့်လမ်းညွှန်များပါလာကြပြီး လမ်းညွှန်မပါဘဲ တစ်ယောက်တည်းနှင့် နှစ် ယောက်၊သုံးယောက်လာကြသူများလည်းရှိသည်။ သူတို့အများစုသည် ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးကိုကြည့်ရှုရန် ရထားဖြင့် လိုက်ပါလာကြသူများဖြစ်ပေသည်။

ပြင်ဦးလွင်ဘူတာတွင် မီးရထားက အချိန်အတန်ကြာရပ်သဖြင့် ကျွန်တော် ရထားပေါ်မှဆင်းကာ ဘူတာအတွင်း လျှောက်ကြည့်ခဲ့သည်။ ဘူတာအချိန်စာရင်းတွင် ၁၃၁ အဆန် ရောက်ချိန် ၀၇ း ၅၂၊ ထွက်ချိန် ၀၈း၂၂ ဟုရေးထားသည်ကို တွေ့ရသည်။

နံနက် ရှစ်နာရီ ၂၂ မိနစ်တိတိတွင် မီးရထားကြီးသည် ပြင်ဦးလွင်ဘူတာမှ ထွက်ခွာလာခဲ့ပြီး ပွဲကောက်၊ ဝက်ဝံစသော ဘူတာများတွင်ရပ်နားကာ နောင်ချိုသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိခဲ့သည်။ နိုင်ငံခြားသားများက လမ်းတစ်လျှောက်တောတောင်များအတွင်း ဖြတ်သန်းမောင်းနှင်လာသော မီးရထားကြီး၏ဘေးနှစ်ဖက်ရှုခင်းများအား ဓာတ်ပုံများရိုက်ကြသည်ကိုတွေ့ရပေသည်။ တစ်ချက်တစ်ချက်တွင် ရထားပေါ်မှ လှမ်းမြင်ရသော တောင်ဆင်း တောင်တက်လမ်းအကွေ့အကောက်လမ်းများပေါ်တွင် မောင်းနှင်သွားလာနေကြသည့် မော်တော်ကားများကို မြင်ရသည်မှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။

နောင်ချိုမှ ဆက်လက်ထွက်ခွာလာပြီး မကြာမီမှာပင် မီးရထားပေါ်တွင် လိုက်ပါလာကြသူများသည် လှုပ်လှုပ်ရွရွဖြစ်လာကြသည်။

နောင်ချိုဘူတာမှ ခုနစ်မိုင်အလွန်၊ မိုင်တိုင်အမှတ် (၄၆၃/၀၉) ရောက်လျှင် ရင်သပ်ရှုမောဖွယ်ကောင်းလှသည့် ဂုတ်ထိပ် မီးရထားသံလမ်းတံတားကြီးကို စတင်မြင်တွေ့ဖြတ်သန်းကြရတော့သည်။ လှပသော တောတောင် ဝန်းကျင်များအကြားတွင် လေထဲတွင် လွင့်နေသည့် အလားတည်ရှိနေသည့် ဂုတ်ထိပ်တံတားကြီးပေါ်မှ ဖြတ်သန်းသွားချိန်သည် အချိန်မကြာလှသော်လည်း မီးရထားပေါ်တွင် လိုက်ပါလာကြသူတိုင်း စိတ်လှုပ်ရှားကာ ပတ်ဝန်းကျင် အလှနှင့်အတူ ဂုတ်ထိပ်တံတားကြီး၏ အနီးကပ် မြင်ကွင်းကို ကြည်နူးသာယာစွာ ငေးမောကြည့်ရှုလျက် ဓာတ်ပုံများကို ရိုက်ကူးကြသည်။ ရထားကြီးပြုတ်ကျ သွားလေမည်လားဟု ရင်တထိတ်ထိတ်ခံစားကြရသည်။ ခရီးသည်များသည် တံတားကြီးအောက်ရှိ မြင့်မားသော ချောက်ကြီးကို မြင်ရသဖြင့်လည်း ရင်ခုန်စိတ်လှုပ်ရှားကြရပေသည်။အချို့သော နိုင်ငံခြားသားများသည် ဗီဒီယိုကင်မရာဖြင့် မှတ်တမ်းတင်ရိုက်ကူးနေသည်ကို တွေ့ရသည်။

ရထားစီးခရီးသည်များသည် ရထားပြတင်းပေါက်များမှ ခေါင်းများထွက်ကာ ကြည့်မဝနိုင်သည့် ဂုတ်ထိပ်တံတားကြီးကို သမင်လည်ပြန်ကြည့်ခဲ့ကြပြီးနောက် မီးရထားက တံတားအဆုံးရှိ ကျောက်ဂူအတွင်းသို့ ဝင်ရောက် ဖြတ်သန်းချိန်တွင် ခရီးသည်များ၏ ပျော်ရွှင်စွာ အော်ဟစ်သံများကို ကြားရပေသည်။ လားရှိုး အဆန်ရထားသည် နောင်ပိန်ဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဆိုက်ရောက်ခဲ့ပြီး နောင်ပိန်ဘူတာတွင် ကျွန်တော် ရထားပေါ်မှ ဆင်းခဲ့သည်။ နိုင်ငံခြားသားများလည်း အားလုံးနီးပါး နောင်ပိန်တွင် ဆင်းလာကြသည်။ နောင်ပိန်ဘူတာ၏ ရှမ်းပြည်နယ်ကျေးလက်မြင်ကွင်းများကို နိုင်ငံခြားသားများ ဓာတ်ပုံများ ရိုက်ကြပြန်သည်။

နောင်ပိန်ဘူတာတွင် ကျွန်တော်တို့ စီးလာသော ရထား၏ ဘေး၌ရထားတစ်စင်းရပ်ထားသည်ကို တွေ့ရသည်။ ထိုရထားသည် လားရှိုးမှ မန္တလေးသို့ ဆင်းလာသည့် ၁၃၂ အစုန်ရထားဖြစ်သည်။ ဂုတ်ထိပ်တံတားသို့ လာရောက်ကြည့်ရှုကြသူများသည် နောင်ပိန်ဘူတာတွင် ဆင်းကာ ပြင်ဦးလွင်နှင့်မန္တလေးမြို့များသို့ ပြန်လေ့ရှိကြသဖြင့် ထိုရထားက အပြန်ခရီးသည်များကို စောင့်ပေးလေ့ထိုနေရာတွင် မြစ်ချောင်းများ ငုပ်လျှိုး ကွယ်ပျောက်၍ သွားသည်ကို အစွဲပြု၍ခေါ်ခြင်းဖြစ်သည်ဟု မြန်မာ့စွယ်စုံကျမ်း အတွဲ(၃) တွင် ရေးသားထားသည်။ ထိုရွာအနီးတွင် နမ်းပဆေးမြစ်သည် မြေကြီးထဲသို့ ငုပ်လျှိုးသွားပြီး အခြားတစ်နေရာရောက်မှ မြစ်ကြောင်း ပြန်ပေါ်လာသဖြင့် နမ်းပဆေးမြစ် ငုပ်သွားသည့် ထိပ်နေရာဟု ရည်ညွှန်းကာ ယင်းနေရာကို ငုပ်ထိပ်ကျေးရွာဟု ခေါ်ခဲ့ကြသည်။ ကာလ ရွေ့လျားလာသောအခါ ငုပ်ထိပ်မှ ဂုတ်ထိပ်ဖြစ်လာခဲ့သည်။

ဗြိတိသျှ အစိုးရသည် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ၁၈၉၇ ခုနှစ်တွင် မန္တလေးမှ ဗန်းမော်သို့ မီးရထားလမ်း ဖောက်လုပ်ခဲ့ပြီး မန္တလေးနှင့် ကွမ်းလုံကိုဂုတ်ထိပ်ကျေးရွာရှိ ကျောက်ဂူကြီးနှစ်ခုကို ဖြတ်သန်းလျက် တောင်ထိပ် နှစ်ခုကို သွယ်တန်းဖောက်လုပ်ခဲ့ရသည်။ တံတားကြီး ဆောက်လုပ်မှု လုပ်ငန်းများကို ၁၈၉၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၀၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြီးစီးခဲ့ကာ ထိုခေတ်က ငွေကျပ် (၁၆၉၈၂၀၀) ကုန်ကျခဲ့သည်။ ၁၉၀၃ ခုနှစ်တွင် တံတားကြီးကို စတင်အသုံးပြုခဲ့သည်။

ဂုတ်ထိပ်တံတားကြီးသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း မဟာမိတ်တို့၏ မြေလှန်စနစ်ကြောင့် ဖျက်ဆီးခြင်းကို ခံခဲ့ရသဖြင့် တိုင်အမှတ် (၂)နှင့် (၅)တို့ ပျက်စီးခဲ့ရသည်။ မြန်မာနိုင်ငံမှ ဂျပန်တို့ ပြန်လည်ဆုတ်ခွာချိန်တွင်လည်း ဂုတ်ထိပ်တံတား၏ အမြင့်ဆုံးတိုင်များဖြစ်သည့် တံတားအလယ်တိုင် လေးတိုင်ကို ဗုံးခွဲဖျက်ဆီးခဲ့သဖြင့် တိုင်အမှတ် (၁၁) သည် အောက်ခြေပြတ်ခဲ့ပြီး တိုင်အမှတ် (၁၀) နှင့် (၁၂) တို့မှာ လဲကျပျက်စီးခဲ့ကြသည်။ ထိုတိုင်များပေါ်တွင် တပ်ဆင်ထားသော ပေ ၁၂၀ စီ ရှည်သည့် ပေါင်းကူး သံပေါင်လေးခုသည်လည်း မြေကြီးပေါ်သို့ ပြုတ်ကျခဲ့ကြသည်။

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက်တွင် ပျက်စီးနေသော ဂုတ်ထိပ်တံတားကြီးကို မြန်မာနိုင်ငံ မီးရထားဌာနက ပြင်ဆင်ခဲ့သည်။ ဂုတ်ထိပ်




ရှိသည်ဟု သိရှိရပေသည်။ မန္တလေး-လားရှိုး အစုန်အဆန် ရထားနှစ်စင်းသည် နောင်ပိန်ဘူတာတွင် နေ့စဉ် ဆုံလေ့ရှိသဖြင့် ဂုတ်ထိပ်သွားခရီးသည်များသည် နောင်ပိန်တွင် ဆင်းကာ ပြင်ဦးလွင်နှင့် မန္တလေးသို့ နေ့ချင်းပြန် နိုင်ကြသည်။ အချို့နိုင်ငံခြားသားများက ကျောက်မဲ၊သီပေါ၊ လားရှိုးမြို့များအထိ ဆက်လက်လိုက်ပါသွားကြသည်။

လားရှိုးမှ နံနက် ၅ နာရီအချိန်ထွက်လာခဲ့သည့် ၁၃၂ အစုန်ရထားသည် ပြင်ဦးလွင်ဘူတာသို့ ညနေပိုင်းတွင် ရောက်ရှိပြီး မန္တလေး ဘူတာကြီးသို့ ညပိုင်းတွင်ပြန်လည်ရောက်ရှိသဖြင့် ဂုတ်ထိပ်ခရီးသွားများ အလွန်အဆင်ပြေကြသည်။ နောင်ပိန်တွင် ကျွန်တော်တို့ အားလုံးလက်မှတ်များဝယ်ကာ ရထားပေါ်ပြန်တက်ပြီးချိန်တွင် အစုန်ရထားကြီးက မန္တလေးသို့ စုန်ဆင်းခဲ့သည်။ ဂုတ်ထိပ်တံတားကြီးပေါ်မှ နောက်တစ်ကြိမ် ထပ်မံဖြတ်သန်းကြရပြန်ရာ ထိုအချိန်တွင်လည်း လူတိုင်းနီးပါး ရင်ခုန်စွာ စိတ်ဝင်တစားဓာတ်ပုံများရိုက်ကြပြန်သည်။ မီးရထားကြီးက ဂုတ်ထိပ်တံတားပေါ်တွင် အရှိန်ဖြည်းညင်းစွာ မောင်းနှင်ပေးသဖြင့် အားလုံးကျေနပ် ပျော်ရွှင်မိကြပေသည်။

ပြည်ပနိုင်ငံများက ဂုတ်ထိပ်တောင်ကြားဖြတ်ရထားလမ်း (Goteik viaduct) ဟု သိရှိထားကြသည့် ဂုတ်ထိပ်တံတားသည် ကမ္ဘာပေါ်တွင် အရှည်လျားဆုံးသော တောင်ကြားဖြတ် မီးရထားလမ်းဖြစ်သည်။ တံတားတည်ဆောက်ထားသည့် နည်းပညာ အဆင့်မြင့်မားမှုနှင့် သဘာဝပတ်ဝန်းကျင် လှပမှုများကြောင့် ခေတ်အဆက်ဆက်ထင်ရှားကျော်ကြားလျက်ရှိသော ဂုတ်ထိပ်တံတားသည် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း၏ ထင်ရှားသောနေရာများတွင် တစ်ခုအပါအဝင်ဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ အမြင့်ဆုံး ဂုတ်ထိပ်တံတားကြီးသည် ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတား (မြင်းခုံတံတား) အဖြစ်လည်း ထင်ရှားလှပေသည်။ မြန်မာတို့က trestle ဆိုသည့် စကားလုံးကို မြင်းခုံဟု မြန်မာဝေါဟာရ ဖလှယ်ကာ ဂုတ်ထိပ်တံတားကို မြင်းခုံတံတားဟု ခေါ်ကြသည်။

ဂုတ်ထိပ်တံတားသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုနှင့် ကျောက်မဲအကြား မန္တလေး၊ လားရှိုး မီးရထားလမ်းပေါ်တွင် တည်ရှိသည်။ သီပေါမြို့နယ်တွင် ဟိုကွတ်အမည်ဖြင့် ရွာတစ်ရွာရှိရာ ဟိုကွတ်ဟူသော အမည်သည်လည်း ရထားလမ်းဖောက်လုပ်ရန် စီစဉ်ခဲ့ကာ ယင်းလမ်းပေါ်တွင် မီးရထားဖြတ်သန်းသွားနိုင်မည့် ဂုတ်ထိပ်တံတားကို ဆောက်လုပ်ခဲ့ကြသည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံး ရထားလမ်းဖြစ်လာမည့် ဂုတ်ထိပ်တံတားကို တာဝန်ယူ တည်ဆောက်ရန် ဗြိတိသျှအစိုးရက မြန်မာ့မီးရထားကုမ္ပဏီကို တာဝန်ပေးခဲ့သည်။ ထို့ကြောင့် ၁၈၉၉ ခုနှစ်တွင် မြန်မာ့မီးရထားကုမ္ပဏီက ဂုတ်ထိပ်တံတားကြီး ဆောက်လုပ်ရန် အမေရိကန်နိုင်ငံ ပင်ဆဲလ်ဗေးနီးယားနှင့် မေရီလန်းစတီးကုမ္ပဏီတို့ကို ငှားရမ်းခဲ့သည်။ သို့သော် တံတားကြီးကို ဦးစီးတည်ဆောက်သူမှာ မြန်မာ့မီးရထားဌာနမှ အင်ဂျင်နီယာ Sir Arthur Rendel နှင့် ဗြိတိသျှ၊ မြန်မာအင်ဂျင်နီယာများဖြစ်ကြသည်။ တံတားအတွက် အသုံးပြုသော ပစ္စည်းများကို အမေရိကန်နိုင်ငံမှ တိုက်ရိုက် မှာယူတင်သွင်းခဲ့သည်။

ဂုတ်ထိပ်တံတားကြီး၏ ဒီဇိုင်းပုံစံကို ဗြိတိန်နိုင်ငံမှ ဆာ အေအမ်ရင်းဒဲလ်အင်ကုမ္ပဏီက ရေးဆွဲခဲ့သည်။ တံတားကြီးကို ထောက်ပင့်ထားသော သံတိုင်များအနက် အမြင့်ဆုံးတိုင်သည် ပေ ၃၂၀ မြင့်၍ အနိမ့်ဆုံး သံတိုင်မှာ ၄၅ ပေမြင့်သည်။ ဂုတ်ထိပ်တံတား၏ ထူးခြားချက်မှာ အခြားသော တံတားကြီးများကဲ့သို့ မြစ်ချောင်းများကို ဖြတ်ကျော် ဆောက်လုပ်ထားခြင်း မဟုတ်ဘဲ ပေ ၃၀၀ ကျော်မတ်စောက်သည့် လျှိုကြီးနှစ်ခုကို ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်ပေသည်။

ဂုတ်ထိပ်တံတားသည် ပေ ၂၂၆၀ ရှည်လျားပြီး တံတား၏ အောက်ခြေသံတိုင် အချို့ကို အနိမ့်ဆုံး ချိုင့်ဝှမ်း မြေပြင်မှ ပေ ၁၁၀၀ ခန့်အမြင့်တွင် စိုက်ထူထားသည်။ တံတား၏ပျမ်းမျှအမြင့်သည် တံတားအောက်ရှိ လိုဏ်ဂူအောက်တွင် ဖြတ်သန်းစီးဆင်းနေသော မြစ်ရေပြင်မှ အထက် ပေ ၈၂၀ ဖြစ်ပြီး အမြင့်ဆုံး ထောက်တိုင်နေရာရှိ မီးရထားသံလမ်းသည် တံတားအောက်မြေပြင် မှ ၃၃၅ ပေ အမြင့်တွင် တည်ရှိသည်။ တံတားတစ်ခုလုံးအတွက် သံနှင့် သံမဏိ ၄၃၁၁ တန်၊ သံမှိုပေါင်းတစ်သန်း အသုံးပြုခဲ့ရသည်။ တံတားတိုင်ပေါင်း ၁၆ တိုင်ရှိရာ တံတားကြီး၏ အလယ်တိုင်များဖြစ်ကြသည့် တိုင်အမှတ် ရှစ်နှင့် ကိုးသည် အမြင့်ဆုံးဖြစ်ကြသည်။

ရထားလမ်းဖြတ်သန်းသွားမည့် ဂုတ်ထိပ်တံတားကို တံတား ပြင်ဆင်ခြင်း လုပ်ငန်းများကို ၁၉၄၈ ခုနှစ် မေလတွင် စတင်လုပ်ဆောင်ခဲ့သော်လည်း ပစ္စည်းများရှားပါးမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့ကြောင့် သုံးနှစ်ကျော်အချိန်ကြာမြင့်ခဲ့ကာ ၁၉၅၁ ခုနှစ်ဩဂုတ်လတွင် ပြီးစီးခဲ့သည်။ ထိုအချိန်က ဂုတ်ထိပ်တံတားကြီး ပြင်ဆင်မှုကုန်ကျစရိတ်ငွေမှာ ငွေကျပ် ၃၂ သိန်း ဖြစ်သည်။

မီးရထားပေါ်မှမြင်ရသည့် ဂုတ်ထိပ်တံတားကြီး၏ အနီးကပ်မြင်ကွင်းကို တံတားကြီးပေါ်မှ ဖြတ်သန်းသွားဖူးကြသူတိုင်း မမေ့နိုင်အောင် အမှတ်တရ ဖြစ်ကြရပေသည်။ ယခုအခါ သက်တမ်း ၁၁၅ နှစ်ကျော်ခဲ့ပြီဖြစ်သည့် ဂုတ်ထိပ်တံတားသို့ သွားရောက် ကြည့်ရှုလိုသူ ကမ္ဘာလှည့် ခရီးသည်များအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက သီးသန့်ရထားတွဲ RGC ၁၁၀ ကို ငှားရမ်းစီးနင်းနိုင်ရန် စီစဉ်ပေးထားသည်။ ယင်းသီးသန့်ရထားတွဲသည် ခရီးသည် ၂၀ လိုက်ပါနိုင်ကာ ပြင်ဦးလွင်ဘူတာမှ နောင်ပိန်ဘူတာ အသွားအပြန် ခရီးစဉ်အတွက် မြန်မာကျပ်ငွေ နှစ်သိန်း ပေးသွင်းရသည်ဟု သိရှိရပေသည်။ ရထားတွဲငှားရမ်းလိုသူများသည် မြန်မာ့မီးရထား၊ မန္တလေးတိုင်းရုံးတွင် ကြိုတင်လျှောက်ထားရသည်။

ဂုတ်ထိပ်တံတားအဆင်းရှိ မော်တော်ကားလမ်းသည် ဂုတ်ထိပ်တံတား၏ အနောက်ဘက်တွင်ရှိသဖြင့် ကားလမ်းမှ ဂုတ်ထိပ်တံတားကို မမြင်နိုင်ကြဘဲ မီးရထားစီးမှသာ ဂုတ်ထိပ်တံတားကြီးကိုမြင်နိုင်သည်။ ဂုတ်ထိပ် တံတားကို အနီးကပ်မြင်တွေ့နိုင်ရန် ဂုတ်ထိပ်ကြည့် ခရီးသည်များသည် မီးရထားဖြင့်သာ ဂုတ်ထိပ်တံတားရှိရာသို့ သွားကြရပေသည်။ နေ့စဉ်နိုင်ငံခြားသားခရီးသည် ၂၀ မှ ၃၀ ကျော်အထိ မီးရထားဖြင့် လာကြကြောင်း သိရှိရပေသည်။

ယခုအခါတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကားလမ်းဆက်သွယ်ရေးသည် အထူးကောင်းမွန်နေပြီဖြစ်သဖြင့် မီးရထားစီးခရီးသည် အရေအတွက်သည် ယခင်ကထက်များစွာ လျော့နည်းသွားခဲ့သော်လည်း မိမိတို့တစ်သက်တာတွင် မမေ့နိုင်ဖွယ် အမှတ်တရ ဖြစ်စေနိုင်သည့် ဂုတ်ထိပ်တံတားမြင်ကွင်းများကို ကြည့်ရှုလိုကြသော ပြည်တွင်းပြည်ပမှ ခရီးသည်များသည်ကား ကျွန်တော်စီးနင်းလိုက်ပါခဲ့သည့် မီးရထားခရီးကိုပင် နေ့စဉ်လိုက်ပါစီးနင်းလျက်ရှိနေပါပေသည်။

**ဂုတ်ထိပ်တံတား၏ ထူးခြားချက်မှာ အခြားသော တံတားကြီးများကဲ့သို့ မြစ်ချောင်းများကို ဖြတ်ကျော် ဆောက်လုပ်ထားခြင်းမဟုတ်ဘဲ ပေ ၃၀၀ ကျော် မတ်စောက်သည့် လျှိုကြီးနှစ်ခုကို ဖြတ်သန်းတည် ဆောက်ထားခြင်း ဖြစ်. . .**

## နိုင်ငံတကာရေးရာသတင်းဆောင်းပါး

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# ပြည်တွင်းစစ်ဘေးဒဏ်သင့်နေရသည့်နိုင်ငံ သို့မဟုတ် ဆီးရီးယား

**သုခ**

ယခုအခါ ဆီးရီးယားပြည်တွင်းစစ်ဖြစ်ပွားလာခဲ့သည်မှာ လေးနှစ်ကျော်ရှိလာပြီဖြစ်သည်။ ပြည်တွင်းစစ်ဘေးဒဏ်ကြောင့် ဆီးရီးယားနိုင်ငံတွင် လူပေါင်း ၂၅၀၀၀၀ ကျော်သေဆုံးခဲ့ရပြီး သေဆုံးသူများအနက် ထက်ဝက်ခန့်မှာ အပြစ်မဲ့အရပ်သားများဖြစ်ကြသည်။ ထို့ပြင် ကုလသမဂ္ဂ၏ ခန့်မှန်းချက်များအရ ဆီးရီးယားနိုင်ငံသားရှစ်သန်းနီးပါးမှာ အိုးအိမ်များကိုစွန့်ခွာထွက်ပြေးသွားခဲ့ကြပြီး လေးသန်းခန့်မှာ အိမ်နီးချင်းနိုင်ငံများသို့ စစ်ပြေးဒုက္ခသည်များအဖြစ် ထွက်ပြေးတိမ်းရှောင်နေကြရသည်။ အိုးမဲ့အိမ်မဲ့နှင့် စစ်ပြေးဒုက္ခသည် စုစုပေါင်းမှာ ၁၂ သန်းခန့်ရှိနေသည့်အတွက် စစ်မဖြစ်ပွားမီက ဆီးရီးယားနိုင်ငံလူဦးရေ ၂၃ သန်း၏ တစ်ဝက်ကျော်ရှိနေသည်။ ထို့ကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်ရေးအတွက်လည်း အခက်အခဲဖြစ်နေသည်။

ဆီးရီးယား ပဋိပက္ခသည် ဆီးရီးယားလူ့အဖွဲ့အစည်း၊ အခြေခံအဆောက်အအုံများ၊ သမိုင်းအစဉ်အလာကြီးမားသည့် ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ၊ စီးပွားရေး စသည့်ကဏ္ဍအတော်များများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ပြင်းပြင်းထန်ထန်ထိခိုက်နစ်နာခဲ့ရသည်။ ပြည်တွင်းစစ်မဖြစ်ပွားမီက ဆီးရီးယားနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် ဝင်ငွေအလယ်အလတ်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပြီး စက်မှုလက်မှုလုပ်ငန်းများ၊ ရေနံတင်ပို့ရောင်းချမှု၊ ကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်း၊ ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးအဆင့်အတန်းမြင့်မားသည့် နိုင်ငံဖြစ်ခဲ့သည်။

သို့သော်လည်း ယခုအခါ လေးနှစ်ကျော်ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ဘေးဒဏ်ကြောင့် အစစအရာရာပြောင်းလဲသွားခဲ့ရပြီဖြစ်သည်။ စစ်ဘေးဒုက္ခကြောင့် ဆီးရီးယားပြည်သူတို့မှာ ဝင်ငွေများကျဆင်းပြီး အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးအတွက် မိသားစုဝင်များ၏ အခြေခံလိုအပ်များရရှိရေးကိုပင် ရုန်းကန်လှုပ်ရှားနေကြရသည်။ ပြည်တွင်းစစ်၏ အကျိုးဆက်အဖြစ် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဆုံးရှုံးနစ်နာမှုများကို လေ့လာကြည့်ရလျှင်-

**စီးပွားရေး**

ပြည်တွင်းစစ်စတင်ဖြစ်ပွားကတည်းက ဆီးရီးယားနိုင်ငံ၏ စီးပွားရေးကဏ္ဍထုတ်လုပ်နိုင်စွမ်းမှာ ၈၀ ရာခိုင်နှုန်းနီးပါး ဆုံးရှုံးနစ်နာခဲ့ရပြီးဖြစ်သည်။ ယခုလောလောဆယ် ပြည်တွင်းစစ်ရပ်စဲသွားပြီး နှစ်စဉ်ဂျီဒီပီ ပျမ်းမျှငါးရာခိုင်နှုန်း ပုံမှန်တိုးတက်သွားလျှင်ပင် ဆီးရီးယားနိုင်ငံအနေဖြင့် ၂၀၁၀ ပြည့်နှစ်က စီးပွားရေးအဆင့်အတန်းအနေအထားအတိုင်း ပြန်လည်ရောက်ရှိနိုင်ရန် နှစ်ပေါင်း ၃၀ ခန့် အချိန်ယူရဦးမည်ဖြစ်သည်။ ဆီးရီးယားနိုင်ငံ၏ စီးပွားရေးမှာ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကြီးကြီးမားမား ဖြစ်ပွားခဲ့ရသည့်အတွက် ရလဒ်အနေဖြင့် လုပ်ငန်းများပိတ်သိမ်းခြင်း၊ ဒေဝါလီခံခြင်း၊လေကြောင်းလိုင်းများ ရပ်နားထားရခြင်း၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုက်ခိုက်ခံရခြင်းနှင့် ဖျက်ဆီးခံရခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ ယခင်က ဆီးရီးယားနိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သော်လည်း ပြည်တွင်းစစ် စတင်ဖြစ်ပွားကတည်းက ထုတ်လုပ်မှုများ သိသိသာသာ ကျဆင်းခဲ့သည်။



ဆီးရီးယားနိုင်ငံသည် ရေနံတင်ပို့ရောင်းချနိုင်ခြင်း မရှိတော့သည့်အတွက် ရလဒ်အနေဖြင့် ဆီးရီးယားအစိုးရသည် စွမ်းအင်ကဏ္ဍမှရရှိသည့် ဘဏ္ဍာငွေများ သိသိသာသာကျဆင်းသွားခဲ့ရသည်။ စိုက်ပျိုးရေးကဏ္ဍတွင်လည်း ဆုတ်ယုတ်ကျဆင်းလျက်ရှိပြီး စားကုန်သောက်ကုန်များ အထူးသဖြင့် ဂျုံအပေါ် မှီခိုအားထားနေရမှုမြင့်တက်လာလျက်ရှိသည်။

ယခုအခါ စီးပွားရေးလုပ်ငန်းအများစုမှာ တန်ဖိုးကြီးမားသည့် နိုင်ငံခြားသွင်းကုန်ပစ္စည်းများအပေါ် မှီခိုအားထားနေရသည်။ ဆီးရီးယားငွေကြေးတန်ဖိုးမှာ ဆက်လက်လျော့ကျနေပြီး အမေရိကန်ဒေါ်လာငွေကြေးမှာ မြင့်တက်နေသည့်အတွက် အချို့ကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များက ဆီးရီးယားငွေကြေးပေါင်ကို လက်မခံလိုဘဲ ငြင်းဆန်နေကြသည်။ စီးပွားရေးတွင် အဆိုးရွားဆုံးမှာ အလုပ်သမားအင်အား ၄၈ ဒသမ ၈ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့ဖြစ်နေခြင်းပင်ဖြစ်သည်။ ဆီးရီးယားလူဦးရေ ထက်ဝက်ကျော်မှာ ဆင်းရဲချို့တဲ့စွာ နေထိုင်နေကြရပြီး လူဦးရေ ၄ ဒသမ ၄ သန်းမှာ (ဆီးရီးယားလူဦးရေ ငါးပုံတစ်ပုံ) အဖတ်ဆယ်မရလောက်အောင် ချွတ်ခြုံကျဆင်းရဲတွင်းနက်လျက်ရှိကြသည်။

**အခြေခံအဆောက်အအုံများ**

ပြည်တွင်းစစ်၏ ဒဏ်ရာဒဏ်ချက်များမှာ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်းဖြစ်သည်။ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အစည်းများက ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့်လည်း အခြေခံအဆောက်အအုံများ ပျက်စီးရသည်။ အများဆုံးပျက်စီးသည့် ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားလိုင်းများ၊ ရေပိုက်လိုင်းများ၊ ဆည်မြောင်းတာတမံများ၊ ရေနံချက်စက်ရုံများ၊ ပညာရေးအဆောက်အအုံများနှင့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည်။ ဆီးရီးယားကလေးငယ်များမှာလည်း စာသင်ကျောင်းများနှင့် နှစ်အတန်ကြာဝေးကွာခဲ့ရပြီးဖြစ်သည်။ ဆီးရီးယားနိုင်ငံရှိ ဆေးရုံဆေးခန်း ၃၇ ရာခိုင်နှုန်းမှာ ဖျက်ဆီးခံခဲ့ရပြီးနောက်ထပ် ၂၀ ရာခိုင်နှုန်းမှာ ပြည်တွင်းစစ်ကာလအတွင်း ပျက်စီးသွားခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု ဆိုးရွားလျက်ရှိပြီး အများစုမှာ ဆေးဝါးကုသနည်းအခြေခံလောက်သာ တတ်မြောက်ထားသည့် ဒေသခံစေတနာ့ဝန်ထမ်းများဖြင့်သာ ကုသမှုခံယူနေကြရသည်။

ဆီးရီးယားအစိုးရတပ်နှင့် သူပုန်များ၊ အိုင်အက်စ်အဖွဲ့များကြား တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားနေမှုကြောင့် လျှပ်စစ်မီးနှင့် ရေမှာမကြာခဏ ပြတ်တောက်လျက်ရှိသည်။ ထို့ပြင် ဆီးရီးယားနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ စူးစမ်းရှာဖွေရေးလုပ်ငန်းများကိုလည်း အကန့်အသတ်မရှိ ရပ်ဆိုင်းထားသည်။ တိုက်ပွဲများရပ်စဲသွားသည့်တိုင်အောင် ဆီးရီးယားနိုင်ငံ၏ စွမ်းအင်ကဏ္ဍမှာ ပြည်တွင်းစစ်မဖြစ်ပွားမီက အခြေအနေမျိုး ပြန်လည်ရောက်ရှိအောင် နှစ်ပေါင်းများစွာ အချိန်ယူပြင်ဆင်ရဦးမည်ဖြစ်သည်။ ဆီးရီးယားနိုင်ငံ၏ ပြည်တွင်းရေနံပိုက်လိုင်းကွန်ရက်မှာ ကောင်းမွန်စွာတည်ဆောက်ထားပြီး အကောင်းဆုံးအသုံးချနိုင်ခဲ့သော်လည်း ယခုအခါ ပြည်တွင်းစစ်နှင့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် ဆိုးဆိုးရွားရွားပျက်စီးသွားခဲ့ရပြီဖြစ်သည်။

**ယဉ်ကျေးမှုနှင့် လူမှုရေး**

ဆီးရီးယားနိုင်ငံ၏ သမိုင်းတန်ဖိုးကြီးမားလှသည့် ရှေးဟောင်းအဆောက်အအုံများ၊ နေရာများကို အိုင်အက်စ်စသွေးကြွများက ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ဖျက်ဆီးလျက်ရှိသည်။ ဆီးရီးယားနိုင်ငံရှိ ပြတိုက်များ ပျက်စီးဆုံးရှုံးရခြင်းသည်လည်း စိုးရိမ်ရသည့် အကြောင်းတစ်ခုဖြစ်ပြီး ယဉ်ကျေးမှုတန်ဖိုးပမာဏကြီးကြီးမားမား ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများကြားတွင် ပြတိုက်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများလည်းရှိခဲ့သည်။ ဆီးရီးယားနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများမှာ မှောင်ခိုဈေးကွက်နှင့် ပုဂ္ဂလိကစုဆောင်းသူများထံတွင် ပျောက်ဆုံးသွားခဲ့ရပြီဖြစ်သည်။ ဖြစ်ပွားလျက်ရှိသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများကို ထိန်းချုပ်တားဆီးနိုင်ခြင်းမရှိလျှင် ဆီးရီးယားလူ့အဖွဲ့အစည်းသည် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးသွားပြီး ကွဲပြားခြားနားသည့် ကမ္ဘာတစ်ခု ဖန်တီးပေးလိုက်သလိုဖြစ်ဖွယ်ရှိသည်။

အရာရာပြောင်းလဲသွားပြီး ဆီးရီးယားပြည်သူများအတွက် စိတ်ဝေဒနာဒဏ်ရာဒဏ်ချက်များမှာ နက်နက်ရှိုင်းရှိုင်းကျန်ရစ်နေမည်ဖြစ်သည်။ တစ်ချိန်က တက်တက်ကြွကြွဖြင့် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသည့် လူ့အဖွဲ့အစည်းတွင် ယခုအခါ အမုန်းတရားနာကြည်းစိတ်များပြည့်နေပြီး ကွဲပြားသည့် လူမျိုးစုများကြားတွင်လည်း သံသယစိတ်များကြောင့် အတူယှဉ်တွဲနေထိုင်ရန် မျှော်လင့်နိုင်မည် မဟုတ်တော့ပေ။

ယင်းတို့မှာ ထင်သာမြင်သာသော ဆုံးရှုံးနစ်နာမှုများဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ တိုးတက်စည်ပင်လာခဲ့သည့် ဆီးရီးယားနိုင်ငံ၏ ဖွံ့ဖြိုးမှုအညွှန်းကိန်းများနှင့် အရာအားလုံးမှာ ဆုံးရှုံးပျက်စီးသွားခဲ့ရသည်။ နိုင်ငံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အံ့သြရလောက်အောင် စွမ်းဆောင်နိုင်ခဲ့လျှင်ပင် ယခင်ဖွံ့ဖြိုးမှုအညွှန်းကိန်းများသို့ ပြန်လည်ရောက်ရှိအောင် နှစ်များစွာ အချိန်ယူဆောင်ရွက်ရမည်ဖြစ်သည်။ သို့သော်လည်း ယခင်ကဲ့သို့ တက်ကြွသည့် စိတ်ဓာတ်များ၊ အားမာန်များ ဆီးရီးယားတွင် မရှိတော့ပေ။

ယခုဖြစ်ပွားနေသည့် ပြည်တွင်းစစ်ကို အချိန်ကာလသာ အနိုင်၊ အရှုံး ဆုံးဖြတ်ပေးသွားမည်ဖြစ်သည်။ သို့သော် သေချာမှုတစ်ခုမှာ ဆီးရီးယားနိုင်ငံသည် ရှင်သန်ရပ်တည်နိုင်ရေးအတွက် ရုန်းကန်နေရခြင်းကိုပင် ဆုံးရှုံးသွားခဲ့ပြီးဖြစ်သည်။ နောင်လာမည့် ဆီးရီးယားမျိုးဆက်သစ်များအနေဖြင့် တစ်ချိန်က ဆီးရီးယားဟုခေါ်သည့် နိုင်ငံတစ်နိုင်ငံ ဤကမ္ဘာပေါ်တွင် တည်ရှိခဲ့ဖူးသည်ဟူသော ပုံပြင်များကိုသာ နားထောင်ရလိမ့်မည်ဖြစ်သည်။

> "ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများကို ထိန်းချုပ်တားဆီးနိုင်ခြင်းမရှိလျှင် ဆီးရီးယား လူ့အဖွဲ့အစည်းသည် အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲပျက်စီးသွားပြီး ကွဲပြားခြားနားသည့် ကမ္ဘာတစ်ခု ဖန်တီးပေးလိုက်သလို ဖြစ်ဖွယ်ရှိသည်"

## အရပ်ရှည်သူများ ကင်ဆာရောဂါ ပို၍ဖြစ်ပွားနိုင်

စပိန်နိုင်ငံ ဘာစီလိုနာ၌ပြုလုပ်သော ကလေးသူငယ်ရောဂါများဆိုင်ရာ ဆေးပညာရပ်ခွဲ အစည်းအဝေးအတွက် ကျင်းပသော (၅၄)ကြိမ်မြောက် ဥရောပတိုက်သားများစုဝေးပွဲ၌ တင်ပြခဲ့သည့် လေ့လာတွေ့ရှိမှုတစ်ခုအရ အရပ်ရှည်သူများတွင် ကင်ဆာဖြစ်ပွားမှုနှုန်း ပို၍များနိုင်ကြောင်း တွေ့ရှိရသည်။ သုတေသီများက အရပ်ပို၍ရှည်လေ ကင်ဆာဖြစ်ပွားမှုနှုန်း ပို၍မြင့်နိုင်ကြောင်း အကြံပြုပြောကြားသည်။

ကာရိုလင်စကာ အင်စတီကျုနှင့် စတော့ဟုမ်းတက္ကသိုလ်မှ ပူးပေါင်းအဖွဲ့သည် ဆွီဒင်အမျိုးသားနှင့် အမျိုးသမီး ၅ ဒသမ ၅ သန်းကိုလေ့လာမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ လေ့လာတွေ့ရှိမှု၏ခေါင်းဆောင်ဖြစ်သူ ကာရိုလင်စကာ အင်စတီကျုက Ph.D ကျောင်းသား ဒေါက်တာအမ်မလီဘန်ရီက အရပ်ရှည်ခြင်းနှင့် ကင်ဆာဖြစ်ပွားခြင်းဆက်စပ်မှုကို အခြားသော လေ့လာဆန်းစစ်မှုများပြုလုပ်ခဲ့သော်လည်း ယခုတစ်ကြိမ်တွင် အမျိုးသား အမျိုးသမီးအများဆုံးကို ပထမဦးဆုံးအကြိမ်အဖြစ် လေ့လာမှုပြုခြင်းဖြစ်သည်ဟု ယူဆကြောင်း ပြောကြားသည်။

၄င်းတို့အားလုံးသည် ၁၉၃၈ ခုနှစ်နှင့် ၁၉၉၁ ခုနှစ်ကြား မွေးဖွားသူများ ဖြစ်သည်။ အဆိုပါအဖွဲ့၏ ရှာဖွေတွေ့ရှိမှုအရ ၁၀ စင်တီမီတာ ပိုရှည်လေ အမျိုးသားများတွင် ကင်ဆာဖြစ်ပွားမှုနှုန်း ၁၁ ရာခိုင်နှုန်း မြင့်တက်လာနိုင်ပြီး အမျိုးသမီးများတွင် ၁၈ ရာခိုင်နှုန်း မြင့်လာကြောင်း သိရသည်။ ထို့ပြင် အရပ်ရှည်သော အမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်ပွားမှုနှုန်း ၂၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အရပ်ရှည်သူများတွင် (Stem cell) စတမ်းဆဲလ်ပါဝင်မှု မြင့်မားသည့်အတွက် ယင်းဆဲလ်များသည် ဇီဝပြောင်းလဲကာ ကင်ဆာဖြစ်ပွားမှုနှုန်းမြင့်မားသည့်အတွက် အရပ်ရှည်သူများတွင် ကင်ဆာရောဂါပို၍ ဖြစ်ပွားနိုင်သည်ဟု ယူဆရသည်။ **MNT**

# ရုပ်သေးရုပ်ကလေးမှ ပြောသော အနုပညာစကားသံ

□ မြန်ဂုဏ်ဆောင်

**မြန်မာအမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်အဝန်းအဝိုင်းမှ ရုပ်သေးကြိုးဆွဲပညာကို နိုင်ငံတကာမှ စိတ်ဝင်စားကြသည်။ ရုပ်သေးရုပ်ဖန်တီးမှုပညာရပ်တွင် ဦးခေါင်းပိုင်းက အဓိကကျသည်။ ခက်ခဲသည်။ ဦးခေါင်းပိုင်းက အချိုးအစား ညီညွတ်မျှတရသည်။ အချိုးကျရသည်။ ခေါင်းကြီးပြီး ကိုယ်သေးနေသောအရုပ်က အမြင်အာရုံတွင် မတင့်တယ်ပါ။ ဦးခေါင်းပိုင်းက ရုပ်သေးရုပ်၏အသက်ဖြစ်သည်။ ဦးခေါင်းက ပွဲကြည့်ပရိသတ်ကို စွဲအားကောင်းစေသည်။ ဦးခေါင်းတွင် မျက်လုံးကို သလင်းကျောက်ဖြင့်အလှဆင်သည်။ နှာခေါင်း၊ နှုတ်ခမ်းကိုလည်း ဖုဖုထစ်ထစ် ဖန်တီးယူရသည်။**



ရုပ်သေး၏ကိုယ်ထည်အသားသည် ယမနေသားဖြစ်သည်။ ယမနေသားက ရုပ်သေးရုပ်ထွင်းထုရာတွင် အဆင်ပြေပြီး ဆေးခြယ်အလှဖန်တီးရာတွင် ဝယ်ယူသူကို နှစ်သက်ခုံမင်စေသည်။

မင်းသား၊ မင်းသမီး၊ ဇာတ်ကောင်၊ တိရစ္ဆာန်အရုပ်များပြုလုပ်ရာတွင် ကသစ်သားကိုလည်း အသုံးပြုသည်။ ကသစ်သားက ပိုးကိုက်၊ ပိုးစားလွယ်ကူသဖြင့် အသုံးနည်းသည်။ ကသစ်သားကိုအသုံးပြုပါက မီးအပူကြိုက်ပြီး ပိုးသတ်ဆေးအကူအညီဖြင့်သာ အရုပ်ကို ထွင်းထုကြသည်။

ရုပ်သေးအရုပ်ကို ကကြိုးဆွဲဆရာက ကကြိုးဖန်တီးရာတွင် ဇော်က၊ ဘီလူးကတို့က ပရိသတ်မြင်ကွင်း၌ မြူးကြွသည်။ အားမာန်ရှိသည်။ နောက်ခံတီးလုံး ထက်မြက်သွက်လက်သည်။ ဟန်မာန်ပြည့်ဝသည်။

ကမ္ဘာတွင် အနုပညာခုံမင်သူများက တုတ်ထိုး၊ အရိပ်ပြရုပ်သေးများထက် မြန်မာ့ကြိုးဆွဲရုပ်သေးကို ပိုမိုခုံမင်သည်။ အားပေးသည်။ မြန်မာ့ရုပ်သေးကို ကမ္ဘာကပိုမိုသိစေရန် အမေရိကန်နိုင်ငံတွင် ပြုလုပ်သော (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာလက်မှုအနုပညာပစ္စည်းဈေးရောင်းပွဲတော်၌ မြန်မာ့ရုပ်သေးကို 'ထွေးဦး မြန်မာရုပ်သေးအဖွဲ့'က ၂၀၁၅ ခုနှစ် ဇူလိုင်လက သွားရောက်ပြသခဲ့သည်။ နိုင်ငံပေါင်း ၆၀ ကျော်၏ လက်မှုပညာရှင် ၁၅၀ ကျော်တွင် မြန်မာက မျက်နှာပန်းလှသည်။ ပွဲတော်တွင် မျောက်၊ ဇော်ဂျီ၊ သူငယ်တော်၊ မြင်း၊ မင်းသား၊ မင်းသမီးရုပ်များက ရောင်းအားကောင်းခဲ့သည်။

'ထွေးဦး မြန်မာရုပ်သေးအဖွဲ့' ပိုင်ရှင် ဦးခင်မောင်ထွေးက ၂၀၀၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ရှေးယခင်က ရှင်ဘုရင်များကိုဖျော်ဖြေခဲ့ရသည့် အမြင့်သဘင်၊ တော်ဝင်ရုပ်သေးပွဲကို စားသောက်ဆိုင်၊ ဟိုတယ်များတွင်ဖျော်ဖြေခြင်းသည် ရုပ်သေးသဘင်၏ဂုဏ်ပုဒ်ကို သိမ်ငယ်စေသဖြင့် ကတ္တီပါပိတ်ကား အပြင်အဆင်ထည်ဝါစွာဖြင့် ပွဲကြည့်ပရိသတ် ၂၅ ဦးဆံ့ ရုပ်သေးဇာတ်ရုံကို ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း အမှတ် (၁၇၄)၊ ၁၇၄/၁၇၆ (ပထမ)ထပ်တွင် ၂၀၁၅ ခုနှစ် ဇွန်လမှစတင်ဖွင့်လှစ်ထားပြီး ည ၆ နာရီတွင် တစ်ကြိမ်၊ ည ၈ နာရီတွင် တစ်ကြိမ် တစ်ရက်နှစ်ကြိမ် ညစဉ်ပြသလျက် မြန်မာ့ရုပ်သေးအနုပညာအမွေကို လက်ဆင့်ကမ်းထိန်းသိမ်းလျက်ရှိသည်။

မြန်မာနိုင်ငံရောက် နိုင်ငံတကာ ခရီးသွားဧည့်သည်များက မြန်မာမှုအနုပညာလက်ရာများကို အမှတ်တရဝယ်ယူကြရာတွင် ပန်းချီကားချပ်၊ ရွှေချည်ထိုးပန်းချီကားနှင့် ရုပ်သေးရုပ်ကလေးများကို တယုတယခုံမင်စွာ ဝယ်ယူပြီးမှ မိမိတိုင်းပြည်သို့ပြန်ကြသည်။

မြန်မာ့ရုပ်သေးသည် အမြင့်သဘင်၏ အဓိကဇာတ်ကောင် ဇာတ်ရုပ်များဖြစ်ကြသည်။ ကကြိုးများဖြင့် လက်တွင်ထား၍ ကြိုးဆွဲသူပြသမျှ နုကြရသော ရုပ်သေးရုပ်ကလေးများ၏ဘဝက နံရံတွင်ချိတ်ဆွဲထားစဉ် သက်မဲ့အရုပ်အဖြစ်သာ ဖြစ်တည်ကြရသော်လည်း မီးရောင်အောက် ကြိုးဆွဲသူလက်ဝယ်ရောက်သွားသည်နှင့် ကြိုးဆွဲပညာဖြင့် ပေါင်းစပ်မှုကြောင့် သစ်သားရုပ်များက လူဟန်၊ လူနှယ် တူညီမျှဝေခံစားနိုင်သည်။

ကြိုးဆွဲသူ၏ပညာစွမ်းရည်ဖြင့် အသက်မဲ့သော အရုပ်ကလေးကို လူ့သဏ္ဌာန်၊ လူ့စိတ်ခံစားမှုများသက်ဝင်လှုပ်ရှားလာအောင် အသက်သွင်းနိုင်မှုသည် မြန်မာ့ရုပ်သေး၏ အနှစ်သာရဖြစ်သည်။ အဆို၊ အက၊ အရေး၊ အတီးတို့ဖြင့် ပေါင်းစပ်၍ ကပြရသော ရုပ်သေးရုပ်ကလေးများက ရွှေချည်ထိုးအင်္ကျီ၊ ထဘီ၊ ပုဆိုး အဝတ်မျိုးစုံဖြင့် ပဏာရလှသည်။ နိုင်ငံခြားအမြင်ဝယ် ကြည့်မဝရှုမဝ၊ ကြည့်မဆုံး ရှုမဆုံးဖြစ်ကြရသည်။

ရုပ်သေးရုပ်ကလေးများ ထုဆစ်ပြုလုပ် ဖန်တီးတည်ဆောက်ရာတွင် ပန်းပုပညာရပ်၊ မျက်နှာခြယ်သရန် ဖြည့်စွက်ဖန်တီးရသော ပန်းချီပညာရပ်၊ ရတနာစီခြယ်အပ်သောလည်ဆွဲ ပန်းရွဲပညာရပ်၊ မှန်စီရွှေချ၊ ရွှေချည်ထိုး၊ ရွှေဆိုင်းချ၊ ဖန်ချက်လုပ်ငန်းတို့ဖြင့် ဖန်တီးစွမ်းရည်များ စုပေါင်းပုံဖော်ထားသော မြန်မာ့ရုပ်သေးရုပ်ကလေး၏ ဘဝအနေအထားက မြန်မာ့အနုပညာဈေးကွက်တွင် နေရာယူကြီးစိုးလျက်ရှိသည်။

မြူးကြွလှပတင့်တယ်ပြီး လူသားစိတ်အစဉ်ကို စွဲဆောင်ညှို့အားပြင်းသော၊ ကကြိုးစုံလင်သော ရုပ်သေးရုပ်က မြန်မာကျပ်ငွေဖြင့် ကျပ် သုံးသောင်း၊ လေးသောင်းဝန်းကျင်ဝယ် အမှတ်တရ ရယူပြီး သိမ်းဆည်းနိုင်သည်။

မန္တလေးမြို့မှ ရုပ်သေးပညာရှင်များက ရှေးမိဘမျိုးရိုးဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်အဖြစ် ထိုက်ထိုက်တန်တန်ခံယူပြီး မြတ်နိုးခုံမင်စရာ ရုပ်သေးရုပ်ကလေးများကို ကမ္ဘာဝယ်ပျံ့နှံ့အောင် စီးပွားရေးမျက်နှာစာသစ်ကို ဖွင့်နိုင်ခဲ့သည်။ အိမ်အပြန်လက်ဆောင်မွန်အဖြစ် တိုင်းတစ်ပါးသို့ပြန်ရာတွင် လေယာဉ်ဖြင့် သယ်ဆောင်ရာ၌ သတ်မှတ်အလေးချိန်ဘောင်အတွင်း သယ်ခွင့်ရသော အပေါ့စားလက်ဆောင်မွန်အဖြစ် မြန်မာမှုလက်ရာလွှမ်းခြုံသော ရုပ်သေးရုပ်ကို မြတ်နိုးတွယ်တာခုံမင်ကြသည်။

မြန်မာ့ရုပ်သေးကလေးများကို ဒေသခံတိုင်းပြည်ပြန် အမှတ်အသားသင်္ကေတအဖြစ် မြတ်နိုးခုံမင် ပျက်ပြယ်မသွားရအောင် မြန်မာနိုင်ငံ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ခရီးသွားလာရေးဌာနမှ တာဝန်ရှိသူများက ဖေးမပေးသင့်ပါသည်။

နောင်နှစ်ပေါင်း ရာထောင်သက်တမ်းကာလအတွင်း မြန်မာတို့၏ အနုပညာစွမ်းရည်၊ အမှတ်သင်္ကေတများကြားဝယ် အနုပညာအနှစ်သာရပြည့်စုံသော ရုပ်သေးရုပ်ကလေးများ အနုပညာအားမာန်အပြည့်ဖြင့် ကမ္ဘာနှင့် မြန်မာဆက်ဆံရေးကို ပေါင်းကူးပေးနိုင်ပေလိမ့်မည်။

မြန်မာ့ကြိုးဆွဲရုပ်သေးတွင် မင်းသား မင်းသမီးခြောက်ကြိုးကို ကြိုးဆွဲကပိုင်နိုင်အောင် ဆွဲနိုင်ရမည်။ မင်းသားမင်းသမီးအရုပ်များတွင် ခြေထောက်ကြိုး၊ ဒူးကြိုး၊ ရင်ကြိုးမှာတပ်၍ဆွဲရသည်။ ကြိုးဆွဲသူတော်ပါက အရုပ်ကလေးများက အရုပ်နှင့်မတူ။ လူကနေသည်နှင့်သာတူသည်။ မြင်းခြံသား ဦးဝင်းက ၁၂၉၅ ခုနှစ်က ကြိုးဆွဲတော်သူအဖြစ် လူသိများသည်။

အချို့အရုပ်ကို ကြိုးပေါင်း ၆၀ တပ်၍ ဆွဲကကြသည်။ အရုပ်ကိုတွဲထိန်းထားသော ဒလက်ကိုကိုင်ကာမျှဖြင့် အရုပ်ကလေးများက လှုပ်ရမ်းသွက်လက်နေသည်။ အရုပ်၏ခေါင်းလက်များ ခြေဖျားများသာ သစ်သားပါပြီး ကျန်အစိတ်အပိုင်းများက သစ်သားမဟုတ်။ အဝတ်ဖုံးထားသည့် သံချိတ်များသာဖြစ်သည်။ အရုပ်တွင် ကြိုးတပ်ထားသည်ကိုပင် အမြင်မခံ။ ဆွဲရင်းဖြုတ်သည်။ ဆွဲရင်းကြိုးတပ်သည်။ ကြိုး ၆၀ ဖြင့်ဆွဲ၍ကသော ရုပ်သေးပညာဖြစ်၍ အံ့သြဘနန်းဖြစ်ပြီး လူကြိုက်များသည်။

ရုပ်စုံကြိုးဖြင့်ကပြရာတွင် မင်းသား မင်းသမီးကို ကြိုး ၁၇ ကြိုးဖြင့်သာတပ်၍ဖျော်ဖြေသည်။ အရုပ်ကြိုးဆွဲသူက အပြောအဆိုနှင့် လိုက်ဖက်ညီအောင် လက်ဟန်ခြေဟန်ခေါင်းဟန်တို့ကို ဆွဲ၍ဆွဲ၍ ကပြကြသည်။

မင်းသားရုပ်နှင့် မင်းသမီးရုပ်တို့တွင် မင်းသမီးရုပ်က ကြိုးပိုများသည်။ ကြိုး ၆၀ တပ်သည်။ အချို့မင်းသမီးရုပ်က ၆၉ ကြိုးအထိရှိသည်။ အရုပ်၏တာဝန်၊ လှုပ်ရှားမှုအနည်းအများအလိုက် ကြိုးအရေအတွက် ပိုမိုရသည်။

ရုပ်သေးစင်ပေါ်က မီးရောင်အောက်ရှိ အရုပ်ကလေးများ၏ လှုပ်ရှားမှုဟန်ပန်သည် ပွဲကြည့်ပရိသတ်များ၏ စက္ခုအမြင်ပသာဒရူပါရုံအသွင်ကို ဖမ်းစားသည်။ ထို့ကြောင့် ကပြအသုံးတော်ခံစဉ် ကြိုးပြတ်မသွားအောင် ကြိုးဆွဲဆရာက အထူးဂရုပြုရသည်။ ကြိုးပြတ်ကျပါက ဘုရင့်စင်၊ စင်တော်ကြီးတွင် အဆိုပါကြိုးပြတ်အရုပ်ကို ပြင်းထန်စွာ အပြစ်ပေးသည်။ ကြိုးဆွဲရာတွင်သာ တော်ရမည်မဟုတ်။ အရုပ်ကလေးများကို တီထွင်ကြံဆမှု အမြဲပြုလုပ်နေရသည်။ ကြိုးအရေအတွက် ပိုသည်ထက်ပိုအောင် တီထွင်ကြံဆမှု အမြဲပြုလုပ်နေရသည်။

ကြိုးဆွဲဆရာက မိမိလက်ထဲက အရုပ်ကလေးများကိုလည်း ထမင်းရှင်၊ ပညာရှင်အဖြစ် အရိုအသေပြုထားရသည်။ မိမိကြိုးဆွဲသော အရုပ်ကလေးများကို ဝတ်ကြီးဝတ်ငယ်ပြုစုရသည်။ ရုပ်သေးရုပ်လေးများကလည်း ကြိုးဆွဲဆရာကို ပြန်လှန်ကြည့်ရှုစောင်မသည်။

အမြင့်သဘင်ရုပ်သေးက ဇာတ်မဟာသဘင်တွင် ၂၈ ရုပ်ပါဝင်သည်။ ဒီးဒုတ်ဦးဘချို၊ ဒဂုန်နတ်ရှင်၊ ဦးလှတင်တို့၏မှုကွဲများအရ ရုပ်သေးရုပ်များကို ဘူတလေးပါး၊ ဂေါစရရုပ်လေးပါး ခွဲခြားပြဆိုနိုင်သည်။ အရုပ်ကို ရုပ်သေးစင်တွင် ဝဲယာခွဲခြားပြီး လက်ယာရုပ်၊ လက်ဝဲရုပ်ဟူ၍ သတ်မှတ်ပြီး ဝဲရုပ်ကို ဝဲသေတ္တာ၊ ယာရုပ်ကို ယာသေတ္တာ၌ ခွဲခြားထည့်ရသည်။ အရုပ်သေတ္တာကို ခြေထောက်ဖြင့်မကန်ကျောက်ရ။ ဖိနပ်စီးမတက်ရ။

၁၁၈၃ ခု တပေါင်းလဆန်း ၉ ရက် ထုတ်ပြန်သော ရုပ်စုံသဘင်အမိန့်တွင် ရုပ်သေးရုပ် ၃၆ ရုပ် ပါရှိစေရမည်ဟူ၍ သတ်မှတ်ခဲ့သည်။

ရုပ်သေးရုပ်ကို ယမနေ၊ ကျွန်းသားတို့ဖြင့် ထုဆစ်ပုံဖော်ကြရာတွင် စင်တော်ကြီး၊ စင်တော်လေးဟူ၍ နှစ်မျိုးခွဲခြားသတ်မှတ်သည်။ စင်တော်ကြီးရှင်ဘုရင်သုံး ရုပ်သေးမှာ ၂၇ လက်မရှိပြီး စင်တော်လေး မင်းသားမင်းသမီးသုံး ရုပ်သေးတွင် ၂၂ လက်မခွဲရှိရသည်။ အခြားအရုပ်များက ပုံသေမူမသတ်မှတ်ပါ။ သင့်လျော်သကဲ့သို့ထုဆစ်ကြသည်။

နန်းတွင်းသူ နန်းတွင်းသား ဝန်ထမ်းများကြည့်သော ဝင်းစင်၊ အများပြည်သူ အရပ်သားများကြည့်သော အရပ်စင်များတွင် ကပြသောရုပ်သေးအရုပ်တို့မှာလည်း အတိုင်းအရှည် အပြင်အဆင်သာကွဲပြားသော်လည်း ထုဆစ်ပုံဖော်မှုအချိုးအစားက ထပ်တူညီမျှကြရသည်။

ရုပ်သေးရုပ်ကလေးများ ထုဆစ်ပုံဖော်ရာတွင် လူ၊ နတ်၊ သိကြား၊ မြင်းအရုပ်များကို ယမနေသားဖြင့် ထုဆစ်ပုံဖော်သည်။ အခြားရုပ်သေးရုပ်များကို ကျွန်းသား၊ မဥ္စူသား၊ လက်ပံသား၊ ပုန်းသား၊ မဲဇာသား၊ မအူသား၊ သံသတ်သား၊ လက်ထုပ်သားတို့ဖြင့် ထုဆစ်ပုံဖော်သည်။ အရုပ်တိုင်း ယမနေသားဖြင့် မထုဆစ်ကြပါ။ မင်းသား၊ ဘိုးတော်၊ ဘုရင်ရုပ်များကို ဧကရာဇ်သားဖြင့် ထုဆစ်ပုံဖော်သည်။ ကြိုးဆွဲဆရာက ကြိုးဆွဲသာမက အသံပါမှန်ကန်စွာ ဟောပြောနိုင်ရမည်။ အသံဖြင့် ကြိုးကို ကိုင်နိုင်ရမည်။ နှစ်ဆင့်ကြိုး၊ နှစ်ထပ်ကြိုးကိုင် ပညာရှင်များကို ပရိသတ်က ပိုမိုနှစ်သက်သည်။

မင်းသား မင်းသမီးအပြောပညာရပ်တွင် သီချင်းဆိုလည်းကောင်းပြီး အပြောလည်းကျွမ်းကျင်ရသည်။ ဘဝသရုပ်ဖော်ရာတွင် အပြောပါးစပ်ဖြင့်သာမက ဟန်အမူအရာပါ ကွက်စေ့ဖော်နိုင်စွမ်းရမည်။ ဇာတ်ကွက်ဇာတ်လမ်းဖော်၍ ပြောနိုင်ရမည်။ လွမ်းခန်း၊ ငိုခန်းတွင် ပြောငို၊ ဆိုငိုတော်ရမည်။ အရှိုက်အပင့်ကောင်းရမည်။

ပွဲကြည့်ပရိသတ်ရင်ထဲ၊ နှလုံးသားထဲသို့ စိမ့်ဝင်အောင် ငိုပြဆိုပြနိုင်သောရုပ်သေးကိုကြည့်ရင်းက မျှဝေခံစားကြရသည်။ အအိပ်ပျက်ခံပြီး ကြည့်ရသောပွဲသဘင်အပေါ် အသံနှင့်နစ်မျောကြရသည်။ ပရိသတ်၏ရင်ထဲ၌ လွမ်းလာအောင်၊ လိုက်ဖိုခံစားလာအောင်လုပ်ဆောင်သည့်ပညာမှာ အသံဂုဏ်ဖြင့်ယှဉ်တွဲနေသည်။

ပွဲကြည့်သူများငိုကြသည် လွမ်းကြသည်ကို ရုပ်သေးစင်မြင့်ပေါ်မှ ကြိုးဆွဲသူပင်သိနိုင်သည်။ စင်ပေါ်က အရုပ်ကလေးများ၏စွဲဆောင်မှုဖြင့် လူပေါင်းရာချီ၍ ထပ်တူခွင်ကျငိုကြသည်ကို မြင်ရသည်မှာ နိုင်ငံခြားသားတို့အတွက် အံ့သြမကုန်ဖြစ်ရသည်။

မြန်မာ့အမြင့်သဘင် ရုပ်သေးစင်တွင် ဦးဖိုးညို၊ ဆရာပုကြီးတို့က အပြောကောင်း၊ အဆိုကောင်း ခေတ်ပြိုင်၊ ယှဉ်ပြိုင်၊ ပွဲပြိုင်အဆိုပညာရှင်များဖြစ်ကြသည်။ ဇာတ်စထွက်သည်မှ မိုးလင်းမိုးသောက်ချိန်အထိ ပွဲကြည့်သူများကို တစ်ညလုံးဆွဲခေါ်သွားနိုင်သည်။ ကြိုးဆွဲဆရာ၊ စာဟော စာပြောဆရာက အသံပညာ၊ အသံစွမ်းအင်ကို အသုံးပြု၍ ပရိသတ်ကိုဖျော်ဖြေသည်။ ပညာပေးသည်။ စည်းရုံးသည်။

လူမျိုး၊ တိုင်းပြည်၊ နိုင်ငံ၏မျက်နှာစာ၊ အနုပညာ၏ အသက်သွေးကြောဖြစ်သော မြန်မာ့ရုပ်သေးအမြင့်သဘင်ကို မြန်မာများ၏နှလုံးသည်းပွတ်ပမာ မြတ်နိုးခုံမင်ခဲ့ကြသည်။ ကမ္ဘာ့ယဉ်ကျေးမှုနယ်ပယ်အထိ ထိုးဖောက်ဝင်ရောက်နိုင်စွမ်းသည်။ ဘိုးဘေးဘီဘင် ခေတ်အဆက်ဆက် ဖြတ်သန်းကျော်လွှားပြီး မြန်မာ့စာပေသမိုင်းက ဇာတ်တော်ကြီးများကို အမြင့်သဘင်ပေါ်စင်တင်ပြီး လူက လူကို လူအချင်းချင်း ကပြသရုပ်ဆောင်မှုထက် ယမနေသား သစ်သားအရုပ်ကလေးများကို လူနှယ်ဟန်ပြ အသုံးတော်ခံနိုင်ခြင်းမှာ ကမ္ဘာမှာ မြန်မာတို့၏ အနုပညာဂုဏ်ရည်၊ အနုပညာသိက္ခာပင်ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

**ရုပ်သေးရုပ်ကလေးများ ထုဆစ်ပြုလုပ် ဖန်တီးတည်ဆောက်ရာတွင် ပန်းပုပညာရပ်၊ မျက်နှာခြယ်သရန် ဖြည့်စွက်ဖန်တီးရသော ပန်းချီပညာရပ်၊ ရတနာစီခြယ်အပ်သော လည်ဆွဲပန်းရွဲပညာရပ်၊ မှန်စီရွှေချ၊ ရွှေချည်ထိုး၊ ရွှေဆိုင်းချ၊ ဖန်ချက်လုပ်ငန်းတို့ဖြင့် ဖန်တီးစွမ်းရည်များ စုပေါင်းပုံဖော်ထားသော မြန်မာ့ရုပ်သေးရုပ်ကလေး၏ ဘဝအနေအထားက မြန်မာ့အနုပညာဈေးကွက်တွင် နေရာယူကြီးစိုးလျက်ရှိ**



# ဓာတ်ပုံနှင့်သတင်းသမားတို့ စီးမျော‌ရာ

ကျော်မြင့်သန်း
(လမ်းမတော်)

**သတင်းထောက်တစ်ယောက်ရဲ့ ဘဝတစ်ဆစ်ချိုးက လွန်စွာစိတ်ဝင်စားစရာကောင်းလှ၏။ မှတ်သားစရာကောင်းလှ၏။ မှတ်ထားစရာအတွေ့အကြုံများကလည်း ခေတ်တစ်ခေတ်နှင့်အတွေ့အကြုံများစွာ၊ များစွာကြုံတွေ့ခဲ့ရသော ဝမ်းစာများစွာကလည်း ဗဟုသုတရစေမည်။ ရေးရင်းဖတ်ရစေခြင်းအားဖြင့် ခေတ်တစ်ခေတ်စီရဲ့ ကြေးမုံပြင်ကို မြင်ရဖတ်ရစေမှာပါ။ အထူးသဖြင့် သတင်းထောက်ဆိုတာသူများပြောတာကြားရ၊ မြင်ရခြင်းများကို လေ့လာအားထုတ်ရခြင်း၊ လူအများနဲ့အသိအကျွမ်းဖွဲ့ရင်းနှီးရခြင်းများကလည်း ကလျာဏမိတ္တလို့ဆိုရပေမည်။**

အချက်က အရေးကြီးလှ၏။

မိမိရိုက်ကူးလိုက်သော ပုဂ္ဂိုလ်၏ဦးခေါင်းနောက်တွင် သစ်ပင်၊ တိုင်၊ ဓာတ်တိုင်များ မပါစေရန်ကင်မရာမင်း၏ အမြင်မှာအရေးပါလှ၏။ ဓာတ်ပုံတစ်ပုံ မြင်ရုံမျှ သိသာ

ဝန်ဇင်းဘိုးရာဇာရေးသွားသော မဏိရတနာကျမ်းထဲတွင် ပြည်ကြီးပခုံး၊ ပြည်ကြီး မျက်လုံးလို့ ရေးထားမှုက မျက်စိနှင့်နားကို အဓိကထား၍ ရေးသားထားတာကို တွေ့ရခြင်းသည် သတင်းထောက်တွေရဲ့အစကို ဆိုလိုဟန်တူခဲ့ပေသည်။ စာများများ ဖတ်သည့်၊ မှတ်သည့် ပုဂ္ဂိုလ်မြတ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ သတင်းထောက်များသည် ပြည်မျက်လုံး၊ ပြည်ပခုံးလို့တင်စားပါရစေ။

သတင်းရေးသောအခါမှာ ဘယ်အချက်ဟာ အရေးအကြီးဆုံး၊ ဘယ်အချက်ဟာ မပါရင်မပြီးဆိုတာ အဓိပ္ပာယ်မပြည့်စုံရင် အယ်ဒီတာများ သံသယစာလုံး ဖြုတ်ချခြင်းဖြင့် မိမိသတင်း၏ တင်ပြမှုမခိုင်လုံမှုကြောင့်လို့ ဆိုရပေမည်။ အရည်အချင်းပြည့်အယ်ဒီတာများက ပြင်နိုင်စွမ်းပြင်နိုင်ချေရှိပါဘိ။

သတင်းသမားတို့ တတ်အပ်သော ပညာလို့အထူးသီးသန့်မရှိပေမယ့် ပညာရပ်အသီးသီးကို နည်းနည်းသိရန် လိုအပ်လှပေသည်။ များများသိ၍နှံ့စပ်လျှင် ပို၍ကောင်းလှ၏။

ကိုယ်တိုင်ဝါသနာလည်းပါ အသုံးဝင်မည်ဆိုလျှင် ကျွမ်းကျင်စွာတတ်မြောက်ရန် လိုအပ်ပေသည်။ ဝါသနာမပါပေမယ့် ငါနဲ့မဆိုင် ဥပေက္ခာပစ်ထား၍မရ၊ တီးမိခေါက်မိအောင် လေ့လာရန်လိုအပ်ပေသည်။

သို့မှသာ သတင်းလိုက် အင်တာဗျူးတွေ့ဆုံမေးမြန်းရာတွင် ကိုယ့်ကိုလေးစား အခွင့်အရေးပေးနိုင်ပေသည်။

သတင်းမေးသူဖြေသူ၏စိတ်ကို နှိုးဆွနိုင်ပါလိမ့်မည်။ သတင်းတန်ဖိုးအချက်အလက် အန်ထွက်လာအောင် မေးမြန်းနိုင်သည်အထိ အခွင့်အရေးကောင်းစွာရရှိပေမည်။ ကင်မရာကိုင်၍ ဓာတ်ပုံရိုက်လျှင် လည်းကောင်း၊ လှုပ်ရှားမှုများရိုက်လျှင်လည်းကောင်း လွန်စွာသတိထားရမည့်အချက်က အရေးကြီးလှ၏။ လေ့လာသင့်၏။ မြန်သော shutter ဖြင့် ရိုက်မှ လျင်မြန်သော ပုံရိပ်သတင်းပုံရစေမည်သာ။

သတင်းတစ်ပုဒ်ကောင်းလျှင် မေ့၍မရ၊ အဆက်အစပ်တွဲလျက် သတင်းတစ်ပုဒ် မေ့ပစ်၍မရ။ သတင်းထောက်ကောင်းတစ်ယောက်၏ အရည်အချင်းကသတင်းတစ်ပုဒ်၏ မည်သည့်သတင်းမဆို မမေ့တတ်လျှင် သတင်းလှိုင်လှိုင်လက်ထဲမပြတ်ရှိနေတတ်၏။ ယနေ့ထိ တစ်နေ့တစ်ပုဒ်သတင်းတင်သော သတင်းသမားရှိနေဆဲ။ အသက်အရွယ်ကြီးပေမယ့် ကားတစ်စီးနဲ့သတင်းလိုက်နေဆဲ။

**သတင်းထောက်တစ်ဦးသည် ကိုယ်ရေးသည့်သတင်း အခြား မည်သည့်သတင်းမဆို ဒိုင်ယာရီရေးမှတ်ကာ ဆက်စပ်ရေးနိုင်မည့် သတင်း အမှတ်အသားများက ရေး၍ မကုန်အောင် သတင်းထောက်ကောင်း ဂုဏ်အင်္ဂါပင်ဖြစ်. . .**



ဓာတ်ပုံ-သွန်းဝဿန်

သတင်းထောက်တစ်ဦးသည် ကိုယ်ရေးသည့် သတင်းအခြား မည်သည့်သတင်းမဆို ဒိုင်ယာရီရေးမှတ်ကာ ဆက်စပ်ရေးနိုင်မည့် သတင်းအမှတ်အသားများက ရေး၍ မကုန်အောင်သတင်းထောက်ကောင်း ဂုဏ်အင်္ဂါပင်ဖြစ်သည်။

သတင်းထောက်ကောင်းက သတင်းလိုက်တတ်သလို သတင်းရေးကောင်းရန် လိုအပ်ကြောင်း သိသူများလှ၏။

မျက်စိနဲ့ကြည့်

နားနှင့်နားထောင်

မေးမြန်းစုဆောင်း၍ဓာတ်ပုံကောင်း သတင်းဓာတ်ပုံရနိုင်ရန် ကြိုးစားမှုက အရေးကြီးလှ၏။

နားမျက်စိမေးမြန်းစုဆောင်းထားသော သတင်းကို ရေးသားတင်ပြရန် သတင်းထောက်၏ကြိုးပမ်းမှု ဝီရိယက သိသာထင်ရှားလှ၏။

သတင်းခရီးသွားလာခွင့်ကြုံလျှင် မည်သည့်အရာတွေလိုအပ်မည်ကို ကြိုတင် စဉ်းစားစုဆောင်းရန်လိုအပ်ပေမည်။ ဒေသ၏ရာဇဝင်အကျဉ်းနှင့် ထူးခြားမည့်နေရာဒေသ၏ အသုံးဝင်ပုံကိုစပ်စုရန်၊ စာဖတ်ရန်များစွာလိုအပ်ပေသည်။

လိုအပ်မည့် မှန်ဘီလူးဆိုက် အမျိုးမျိုးလိုအပ်မည်ထင်ကာ ယူရန်စဉ်းစားသင့်၏။

သွားမည့်ဒေသ၏ ဝမ်းစာရှာနေထိုင်သူများ၊ အသက်မွေးဝမ်းကျောင်းများ၏ ဘဝလမ်းကြောင်းများက သတင်းဆောင်းပါးများအတွက် အရေးပါလှ၏။

သမိုင်းဝင် ဘုရားပုထိုးတန်ခိုးကြီးမားသော ရှေးဟောင်းသမိုင်းဝင်ပုံရိပ်မြင်ကွင်းကျယ် ဓာတ်ပုံများရယူနိုင်ရန် လိုအပ်ပေသည်။

မြင်ကွင်းကျယ်(Apature)၊ ကျယ်ပြန့်မြင်ကွင်း၊ (Wide Standard Zoom) မှန်ဘီလူးနဲ့ဆိုလျှင် မြင်ကွင်းသစ်ပုံရိပ်က ဆောင်းပါး၏တင်ပြမှုကို လွန်စွာ အထောက်အပံ့ပေးနိုင်ကြောင်းကို သတင်းဆောင်းပါးရှင်၏ ကျွမ်းကျင်သော မြင်ကွင်းဖန်ဆင်းမှု၏ အောင်မြင်မှုပင်ဖြစ်သည်။

သတင်းဆောင်းပါးနှင့်အတူ သတင်းဓာတ်ပုံ၏အရေးပါပုံကို တင်ပြလိုခြင်းဖြစ်သည်။

သတင်းဓာတ်ပုံရိုက်ရာတွင် မြင်တတ်ပုံလိုအပ်လှပေသည်။ မြင်တတ်ရုံမျှမက ကင်မရာနှင့်မှန်ဘီလူး၏ အစွမ်းသတ္တိ၊ အလင်းအမှောင်ရိုက်ရမည့် သတင်းဓာတ်ပုံ၏ ဘယ်အရာကဖယ်ရမည့်ပုံ၊ ရိုက်ရမည့်ပုံကို ကင်မရာကနားမလည်လျှင် သတင်းဓာတ်ပုံရိုက်မည့်သူက သိရပေမည်။ ကင်မရာနောက်ကလူ၏ အသိဉာဏ်က ပို၍အရေးကြီးကြောင်း ယနေ့ခေတ် ဓာတ်ပုံသတင်းထောက်များ သိစေရန် လိုအပ်ပေမည်။

သတင်းဓာတ်ပုံတွင် နောက်ခံအရာဝတ္ထုများသည် အရေးကြီးသည်။ မိမိရိုက်ကူးထားသည့် သတင်းဓာတ်ပုံသည် မည်သည့်နေရာ၌ဖြစ်ပျက်သည်ကို ရိုက်ထားသောပုံဖြစ်ကြောင်း သိသာအောင်ပြသထားသင့်ပေသည်။ နောက်ခံဘက်ဂရောင်နှင့်စပ်လျဉ်း၍သတိထားသင့်သောလှ၏။သတင်းဓာတ်ပုံ၏ရှေ့(Fore Ground)သည်လည်း အရေးပါလှ၏။

ရေကြီးနေသော မြစ်ချောင်းမဟုတ်သည့်နေရာတွင် ရေဘေးသင့်ဒုက္ခသည်များ၏ ပစ္စည်းသယ်ယူပုံ၊ သက်ကြီးရွယ်အိုများ ကယ်ဆယ်ပုံများကို ထိထိမိမိရိုက်နိုင်လျှင် ပို၍ကောင်းကြောင်း သတင်းစာ၊ ဂျာနယ်များ၏ နေ့စဉ်တွေ့မြင်နိုင်နေခြင်းက သက်သေပင်ဖြစ်သည်။

ယင်းဓာတ်ပုံများ၏ ရသဓာတ်ပုံလို့ကြည့်ရှုသူများ၏ နှလုံးသားကိုဖမ်းစားနိုင်ပေမည်။

တကယ့်ဖြစ်ပျက်မှု၏ သာဓကသက်သေ ဓာတ်ပုံသတင်းပင်ဖြစ်နေပေသည်။

သတင်းဓာတ်ပုံများပင် ရိုက်သင့်မြင်သင့်သော ဓာတ်ပုံနှင့် မရိုက်သင့်မတင်ပြသင့်သော ဓာတ်ပုံ၏ဆင်ခြင်ဉာဏ်ကို ဓာတ်ပုံဆရာကသိသင့်လှပေသည်။

သတင်းဓာတ်ပုံဆရာနှင့် သတင်းထောက်တို့သည် ရှေးရာဇဝင်၊ ခေတ်သမိုင်း၊ စီးပွားရေး၊ ယဉ်ကျေးမှုများ ပညာဗဟုသုတပြည့်စုံစေရန် စာများများဖတ်ရန်သိရန် လိုအပ်လှပေသည်။

ပတ်ဝန်းကျင်ကို မြင်တတ်စေချင်သည်။ လေ့လာစေချင်လွန်း၍ ရှုမြင်သုံးသပ်သော သတင်းထောက်ကောင်းများစွာ၏ ကြိုးစားအားထုတ်သောသတင်းသမားလူငယ်လူရွယ်များကို လေးစားဂုဏ်ပြု၍ရေးသားတင်ပြလိုက်ရပါသည်။

စာမျက်နှာ (၁၇)မှ

"ဆရာ မူလတန်းကျောင်းသားတုန်းက အတန်းကြီးတွေမှာ သင်ရတဲ့ စာအုပ်တစ်အုပ်ရဲ့ နာမည်ကို တွေ့ပြီး ထူးဆန်းနေတယ်။ နာမည်က 'ဂဲသြမေဇ္ဈရီ'တဲ့။ (ကျွန်တော်က ရေးပြလိုက်သည်။)

"သမီးတို့လည်း မတွေ့ဖူးဘူး၊ ဘာစာအုပ်ပါလဲ ဆရာ"

"geometry လေ။ စာလုံးပေါင်းပုံ ထူးဆန်းတော့ ဘာမှန်းမသိဘူးပေါ့။ နောက်ထွက်တဲ့ စာအုပ်တွေမှာကျတော့ 'ဂျီသြမေတြီ'လို့လည်း ရေးတာတွေ့ရတယ်"

"ဟုတ်ကဲ့ပါ"

"ကိုလိုနီခေတ် အစောပိုင်းက ထွက်တဲ့ စာအုပ်တစ်အုပ်က 'အရိသမတိတ်ဟူသော တွက်ပုံစာ'တဲ့"

"ဩော်"

"ဂဏန်းသင်္ချာ စာအုပ်လေ။ arithmetic ကို 'အရိသမတိတ်'လို့ အသံဖလှယ်ထားတာပါ"

"ဟုတ်ကဲ့ပါ။ အခုဆရာပြောပြတာတွေ နားထောင်ရတော့ အသံဖလှယ်တဲ့နည်းတွေ သိရတာ အင်မတန်အကျိုးရှိပါတယ် ဆရာ"

"တစ်ချိန်က အသုံးတွင်ကျယ်နေတဲ့ အသံဖလှယ်စကားတွေကို မြန်မာစကားတွေနဲ့ အစားထိုးသုံးလို့ ခေတ်ကုန်သွားတာတွေလည်း ရှိတာပေါ့။ 'ရဲ' အသုံးတွင်လာတော့ 'ပုလိပ်'ဆိုတာ ပျောက်သွားတာမျိုးပေါ့။ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား အပြောအဆိုနည်းလာလို့ အသုံးနည်းလာတာမျိုးတွေလည်းရှိတယ်"

"ပြောပြပါဆရာ"

"ဆရာတို့ တက္ကသိုလ်ကျောင်းသားဘဝက lecture လက်ချာဆိုတဲ့စကားကို ဆရာတွေရော၊ ကျောင်းသားတွေပါ တွင်တွင်ကျယ်ကျယ်သုံးတယ်။ ကျောင်းသားတွေက ဆရာ့လက်ချာတန်းတက်ရဦးမယ်၊ လက်ချာလိုက်ရမယ်ဆိုတာမျိုးပြောသလို ဆရာတွေက လက်ချာပေးတယ်၊ လက်ချာလုပ်တယ်ဆိုတာမျိုး သုံးတာများတယ်။ ခုခေတ်အဲဒီစကား အသုံးနည်းသွားသလိုပဲ။ အတန်းတက်တယ်၊ အတန်းယူတယ်ဆိုတာမျိုးပဲ အသုံးများကြတယ်"

"ဟုတ်ကဲ့ပါ"

"အသံဖလှယ်ရာမှာ ထင်ရှားတဲ့ အချက်တွေကတော့ အဆုံးဗျည်းသံပါတဲ့ အင်္ဂလိပ်စကားလုံးတွေကို ဗျည်းသံဖြုတ်ပြီး 'ကောလိပ်၊ ဂိုး၊ စတိုင်'ဆိုတာမျိုး ဖလှယ်တာ၊ စကားလုံးအလယ်မှာ အဆုံးဗျည်းသံပါနေရင် 'ဘတ်စကား၊ တက်ကစီ၊ အယ်လဘမ်' ဆိုတာမျိုး အလယ်စာလုံးကို အသတ်မထည့်ဘဲ ဖလှယ်တာ၊ ဖူးစကက်၊ ပလက်ဖောင်းဆိုတာမျိုး အလယ်ဗျည်းသံပျောက်ပြီး ဖလှယ်တာတွေပါပဲ။ ဒီတော့ အသစ်ပေါ်တဲ့စကားလုံးတွေကို အသံဖလှယ်ရင်လည်း အဲဒီအစဉ်အလာတွေနဲ့ ညီရင်ကောင်းတာပေါ့ကွယ်။

ကဲ. . . နိဂုံးချုပ်ကြစို့"

"အများကြီးကျေးဇူးတင်ပါတယ် ဆရာ"

"ဆရာ မူလတန်းကျောင်းသားတုန်းက အတန်းကြီးတွေမှာ သင်ရတဲ့ စာအုပ်တစ်အုပ်ရဲ့ နာမည်ကို တွေ့ပြီး ထူးဆန်းနေတယ်။ နာမည်က 'ဂဲသြမေဇ္ဈရီ'တဲ့။ (ကျွန်တော်က ရေးပြလိုက်သည်။)

"သမီးတို့လည်း မတွေ့ဖူးဘူး၊ ဘာစာအုပ်ပါလဲ ဆရာ"

"geometry လေ။ စာလုံးပေါင်းပုံ ထူးဆန်းတော့ ဘာမှန်းမသိဘူးပေါ့။ နောက်ထွက်တဲ့ စာအုပ်တွေမှာကျတော့ 'ဂျီသြမေတြီ'လို့လည်း ရေးတာတွေ့ရတယ်"





## ဆင်းရဲခြင်းလွတ်ကင်းအောင်လမ်းပြဆောင်ပါမည်

**နဂါးနီအလုပ်အကိုင်အခွင့်အလမ်းရရှိရေးအစီအစဉ်**

## မော် တာ အထည် ချုပ် အခမဲ့ သင် တန်း

**(၁၈-ကြိမ်မြောက်သင်တန်း)**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်အတူမြန်မာအထည်ချုပ်လုပ်ငန်းများတွင် စက်ချုပ်ဝန်ထမ်းများမြောက်များစွာလိုအပ်လျက်ရှိပါသည်။ လူတိုင်းအလုပ်အကိုင်ရှိပါမှတိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုစေပါမည်။

အသက်(၁၅)နှစ်မှ(၃၅)နှစ်အတွင်း ကျန်းမာရေးကောင်းသူ၊ မူလတန်းပညာအဆင့်မှ တက္ကသိုလ်ဘွဲ့ရပြီးအထိ မြန်မာအမျိုးသမီးများ အားလုံးအတွက်ရည်ရွယ်၍ဖွင့်လှစ်ပါသည်။

**မီဒီယာ နှင့် *Facebook* မှလည်းလူတိုင်းသိရှိရန်ကူညီဆောင်ရွက်ပေးကြပါရန်**

သင်တန်းကာလမှာ(၁၅)ရက်ဖြစ်ပြီးတက်ရောက်လိုသူများသည်လိုင်စင်ကာလာဓါတ်ပုံ(၂)ပုံနှင့်ကြော်ငြာသည့်နေ့မှစ၍ (၂)ပတ်အတွင်းအောက်ပါနေရာတွင် လျှောက်ထားနိုင်ပါသည်။

**အောက်တိုဘာလ(၁၅ )ရက်နေ့စတင်မည်**

**သင်တန်းချိန်-တစ်နေ့(၂)နာရီ၊ နေ့စဉ်-တန်းခွဲ(၃)ကြိမ်** မည်သည့်အကြောင်းပြချက်နှင့်မျှ အခကြေးငွေတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိပါ။

အမှတ်(၃၇)၊ရေတာရှည်လမ်းဟောင်း၊ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၅၃၃၄၈၆၄၆၊ ၀၉-၂၅၄၂၉၅၀၄၃၊ ၀၁-၃၈၀၅၈၁၊၀၁-၃၈၀၅၇၈

**နဂါးနီသင်တန်းအောင်မြင်သူများအား အလုပ်ရရှိစေရန်ကိုလည်း အခမဲ့ စီစဉ်ဆောင်ရွက်ပေးပါမည်။**


## အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်
## (အများနှင့်သက်ဆိုင်သောကုမ္ပဏီ)

Asia Green Development Bank Limited (Public Company)

**ပဥ္စမအကြိမ်နှစ်ပတ်လည်စုံညီအစည်းအဝေး(5th Annual General Meeting)**

**ကျင်းပရန်ကြေညာခြင်း**

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သောကုမ္ပဏီ) Asia Green Development Bank Limited (Public Company)၏ပဥ္စမအကြိမ် နှစ်ပတ်လည်စုံညီအစည်းအဝေးကို (၂၄. ၁၀. ၂၀၁၅)ရက်(စနေနေ့)တွင် ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ နံနက်(၀၉း၀၀)နာရီအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အစုရှယ်ယာရှင်များ မပျက်မကွက်တက်ရောက်ကြပါရန်နှင့်Member Register ကို(၂၁. ၁၀. ၂၀၁၅)ရက်နေ့မှစ၍ ပိတ်ထားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။ (အစည်းအဝေး ဖိတ်စာများကိုလည်း အစုရှယ်ယာရှင်များထံသို့ ပေးပို့မည်ဖြစ်ပါသည်။)

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သောကုမ္ပဏီ)
Asia Green Development Bank Limited (Public Company)
လိပ်စာ-အမှတ်(၇၃/၇၅)၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph- Hot Line: 01-376599, Fax : 01-378463

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသိန်းစိုး၏ ၅/ခတန(နိုင်)၀၁၂၁၀၂ပါ မှတ်ပုံတင်မူရင်းနှင့် ယာဉ်မောင်းလိုင်စင်တို့သည် ၂၉-၉-၂၀၁၅ရက်တွင် မြေနီကုန်းဒဂုံစင်တာသို့ TAXI စီးနင်း၍ အလာတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဦးသိန်းစိုး ၅/ခတန(နိုင်)၀၁၂၁၀၂**
**ဖုန်း-၀၉-၄၃၀၆၇၅၁၁**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၆-၂၀၁၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(စ)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၃)ဦးထက်လေးလျှံကျော်၏ ဂရန်သစ်တွင်မှတ်ပုံတင်အမှတ်-၁၄/မအန(နိုင်)၁၂၁၂၂၃ အစား ၁၄/အမန(နိုင်)၁၂၁၂၂၃ ဟု အမှန်ဖတ်ရှုပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

၆-၅-၂၀၁၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(ဂ)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၇)ဦးဆောင်းတင်၏မြေပုံကူးတွင်မြေကွက်(၁၀၁၅/ခ)နှင့်မြေကွက်လိပ်စာ(၁၀၁၅/ခ)၊သုဓမ္မာလမ်း၊(၂)ရပ်ကွက်၊မြောက်ဥက္ကလာပဟုဖတ်ရှုပါရန်။

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်၊ မဟာစည်လမ်း၊ နယ်မြေ (၆) နေ ကျွန်တော် ဦးဝင်းကို၊ ကျွန်မ ဒေါ်ထွေးထွေးအောင်တို့၏သား မောင်အောင်သက်ဦး ၁၃/တကန(နိုင်)၂၂၂၅၀၂သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်၍ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးဝင်းကို-ဒေါ်ထွေးထွေးအောင်**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြောင်းမြမြို့နယ် သမင်ခြံကျေးရွာနေ ဦးခင်ဝင်း-ဒေါ်ဝေဝေလွင်တို့၏သားမောင်သက်နောင်ဝင်း ၁၄/မမန(နိုင်) ၂၂၈၅၆၈သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျှောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအားလုံးတာဝန်မယူပါ။

**ဦးခင်ဝင်း-ဒေါ်ဝေဝေလွင်**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ပေါင်းလောင်း (၁)နေ (ဦးစိုးမြင့်)-ဒေါ်ခင်ရွှေတို့၏သမီး မယဉ်ယဉ်အေး ၉/ပမန(နိုင်)၁၂၆၁၈၁သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိပါသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သမျှကိစ္စအဝဝကို တာဝန်မယူပါ။

**မိခင် ဒေါ်ခင်ရွှေ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့်ဒီဇယ်ဆီကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၁၀-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၂-၁၀-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၁၉-၁၀-၂၀၁၅ရက်

အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)**
**လမ်းဦးစီးဌာန**
**မင်းတပ်ခရိုင်၊ မင်းတပ်မြို့**
**ဖုန်း-၀၇၀-၇၀၃၀၈၊ ၀၇၀-၇၁၃၀၉**

## စက်မှုဝန်ကြီးဌာန
### အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း
### အမှတ် (၁၄)အကြီးစားစက်ရုံ(သာဂရ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ် (၁၄) အကြီးစားစက်ရုံ(သာဂရ)တွင် အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(က) Tools (၅၀) မျိုး
၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၈-၁၀-၂၀၁၅ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၆-၁၁-၂၀၁၅ရက်
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အမှတ် (၁၄)အကြီးစားစက်ရုံ(သာဂရ)တွင် ၈-၁၀-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၈၄၃၀၀၀၅၊ ၀၅၄-၂၄၆၇၁သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီများသည် မိမိတို့တင်သွင်းရမည့် Tools များအား အသေးစိတ်ကြည့်ရှုလိုပါက အမှတ်(၁၄)အကြီးစားစက်ရုံ (သာဂရ)တွင် စက်ရုံသို့ ရုံးချိန်အတွင်း လာရောက်ကြည့်ရှုနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**အမှတ် (၁၄)အကြီးစားစက်ရုံ(သာဂရ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအထူးပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ပြည်ထောင်စု (မိုးဒဏ်)(အမြဲတမ်း) သီးသန့်ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း-တံတားလုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းအမျိုးမျိုးကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၆-၁၀-၂၀၁၅ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၄း၀၀ နာရီ
**တင်ဒါလျှောက်လွှာဖွင့်မည့်ရက်၊ အချိန်** - ၂၀-၁၀-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ရွှေဘိုခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၉-၁၀-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၇၅-၂၁၀၀၇ နှင့် ၀၇၅-၂၂၉၃၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**ရွှေဘိုခရိုင်**

### အာရှတော်ဝင်ဆေးရုံ
### အမှတ် (၁၄)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
### လူ့စွမ်းအားအရင်းအမြစ်ဌာန
### ဖုန်း-၅၃၈၀၅၅ (လိုင်းခွဲ ၁၉၂၁၊ ၁၉၁၈)
### သူနာပြုအလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)

1. **Nurse (သူနာပြု)** (Male/ Female)
- B.N.Sc (or) Diploma in Nursing
- Nursing Care, Nursing Procedure များ ကျွမ်းကျင်သူဖြစ်ရမည်။
- ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ပြေပြစ်ရမည်။
- တစ်လလျှင် အလုပ်ချိန် (၂၁၆ နာရီ)
- နေ့/ည ဂျူတီဆင်းရမည်။
- အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရလျှင် လစာငွေကျပ် (လေးသိန်းမှ ငါးသိန်း) အတွင်း (Knowledge, Attitude & Practice) တို့အပေါ်မူတည်၍ ချီးမြှင့်မည်။

**လျှောက်ထားလိုသူများသည်**
လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပါ ပူးတွဲတင်ပြရမည်။
(၁) သူနာပြုလိုင်စင် (Update) မိတ္တူ
(၂) မကြာသေးမီက သူနာပြုဝတ်စုံဖြင့်ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံနှစ်ပုံ
(၃) မှတ်ပုံတင်မိတ္တူ

တို့ဖြင့် အာရှတော်ဝင်ဆေးရုံ၏ လူ့စွမ်းအားအရင်းအမြစ်ဌာနသို့ ၃၁-၁၀-၂၀၁၅ ရက်နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

**အာရှတော်ဝင်ဆေးရုံ**
**လူ့စွမ်းအားအရင်းအမြစ်ဌာန**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိမ်ရာစီမံကိန်းတည်ဆောက်ရေးတင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ရန်ကင်းအိမ်ရာစခန်းမှ တိုက်ဟောင်းခြောက်လုံးဖျက်သိမ်းထားသော စီမံကိန်းမြေ(၃.၂၆၃)ဧကတွင် Mixed Use Development အိမ်ရာစီမံကိန်း ဆောင်ရွက်ရန်အတွက် Master Plan နှင့် ဗိသုကာဒီဇိုင်းပုံစံများရွေးချယ်သတ်မှတ်ထားပြီးဖြစ်ပါ၍ အိမ်ရာစီမံကိန်းကို အကျိုးတူစနစ်ဖြင့် ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ရန် စိတ်ပါဝင်စားသော တိုင်းရင်းသားဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ တင်ဒါအဆိုပြုလွှာများ တင်သွင်း၍ ယှဉ်ပြိုင်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်နေ့ရက်** - ၉-၁၀-၂၀၁၅ရက် (သောကြာနေ့)
(ခ) **တင်ဒါအဆိုပြုလွှာတင်သွင်းခြင်းကိုလက်ခံမည့်နေ့ရက်** - ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့) ၁၆း၀၀နာရီနောက်ဆုံးထား၍
(ဂ) **တင်ဒါအဆိုပြုလွှာတင်သွင်းရန်နေရာ** - ရုံးအမှတ် (၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ နေပြည်တော်။

**တင်ဒါခေါ်ယူရေးဆပ်ကော်မတီ**
**ဖုန်း-၀၆၇-၄၀၇၅၂၇**

## ကိုကျော်စိုး

### ရန်ကုန်မြို့တွင်း မြေကြီးအပိုရှိသည် စက်ရုံနှင့်မြေကွက် မြေကြီးလိုအပ်သူများ ဆက်သွယ်ပါရန်

### ဖုန်း-၀၉-၂၀၁၀၀၁၆၊ ၀၉-၅၆၅၀၃၀၇၊ ၀၉-၃၀၁၆၈၈၈၈

**MYANMAR INTELLIGENT EFFORT CO.,LTD**

စာရင်းကိုင် အမျိုးသမီးတစ်ဦးအလိုရှိသည်။
- အသက် ၃၅နှစ်အောက် လုပ်သက် ၃ နှစ်နှင့်အထက်ရှိသူ
- တက္ကသိုလ်ဘွဲ့ရဖြစ်ပြီး LCCI Level III သို့မဟုတ် ACCA Part II အောင်မြင်ပြီးသူဖြစ်ရမည်။
- အင်္ဂလိပ်စာ 4 Skills Intermediate Level ရှိရမည်။
- Email နှင့် Internet ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- ကွန်ပျူတာကျွမ်းကျင်စွာကိုင်တွယ်နိုင်သူ၊ စာရင်းဇယားနိုင်နင်းသူ
- အသင်းအဖွဲ့နှင့် လုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

အလုပ်လျှောက်ရန်အတွက် Cover Letter၊ CV From၊ မှတ်ပုံတင်နှင့်သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းနှင့် ရပ်ကွက်ထောက်ခံစာ၊ ပညာအရည်အချင်းမိတ္တူ၊ တစ်လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံတို့နှင့်တကွ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

Diamond Condominium အမှတ် ၅၀/၄၂၊ အခန်းအမှတ် ၃ အေ၊ တတိယထပ်၊ ရွှေဘုံသာလမ်း၊ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၂၂၃၂၅၊ ၀၉-၇၃၂၂၅၆၃၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း-၂၀
### ပေါင်မြို့နယ်တရားရုံး
### ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၆

| | | | | | |
|---|---|---|---|---|---|
| ဦးနိုဘီရာ | နှင့် | ၁။ | ဦးရှကန် | ၁၂။ | ဒေါ်ကုလားမ |
| | | ၂။ | ဒေါ်အမာဂျန် | ၁၃။ | ဦးရှိုက်မာမက် |
| | | ၃။ | ဒေါ်အမဲ | ၁၄။ | မောင်ကာဆင် |
| | | ၄။ | ဒေါ်ဖာတမာ | ၁၅။ | ဦးမာမက် |
| | | ၅။ | မအာရှယ်ရက်ဘီ | ၁၆။ | မနော်ရရှာဘီ |
| | | ၆။ | မအာဇီမာ | ၁၇။ | မနော်ရမာဘီ |
| | | ၇။ | မဟာကီမာ | ၁၈။ | မဇလေခါဘီ |
| | | ၈။ | မောင်မာမက်ဒါလီ | ၁၉။ | မရှကီလား |
| | | ၉။ | မအာဇီဇာ | ၂၀။ | မောင်ဟာဆန် |
| | | ၁၀။ | မောင်အာလီ | ၂၁။ | မဆကီနာ |
| | | ၁၁။ | မလိုင်လာဘီ | ၂၂။ | မဟာဆီနာ |
| တရားလို | | | | | တရားပြိုင်များ |

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကံဖြူကျေးရွာနေ ဒေါ်သီတာအေး(ခ)မရှဘန်ဘီ (ကွယ်လွန်သူဒေါ်ဖာတမာ၏ တရားဝင်ကိုယ်စားလှယ်)(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဦးနိုဘီရာက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၂၇ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ဘဲ ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြင့်ဦး)**
**မြို့နယ်တရားသူကြီး**
**ပေါင်မြို့**

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၄-၁၀-၂၀၁၅ရက်တွင် ကျရောက်သည့် ဦးဘုန်နီချစ်၏ မွေးနေ့မှသည် ပျော်ရွှင်စိတ်ချမ်းမြေ့မှု ပြည့်စုံစွာဖြင့် အသက်ရာကျော်ရှည်စေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးစိုင်းရင်(စိန်ဂေါ်လီ)**
**ကလေးမြို့**

## အများသိစေရန်ကြေညာခြင်း

ကျွန်တော်ဦးမျိုးမြင့်အောင် ၁၃/ကခန(ဧည့်)၀၀၀၄၈၉၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်း၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်နေသူက ၅-၈-၂၀၁၅ ရက်တွင် နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၌ Family Restaurant ကုန်အမှတ်တံဆိပ်ကို စာချုပ်အမှတ် ၃၈/၂၀၁၅ ဖြင့် မှတ်ပုံတင်ခဲ့ပြီး စားသောက်ဆိုင်ဖွင့်လှစ်ထား၍ စားသောက်ကုန်မျိုးစုံကို ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

Family Restaurant

ကျွန်တော်၏ Family Restaurant ကုန်အမှတ်တံဆိပ်ကို လူပုဂ္ဂိုလ်ကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ကဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တုပအသုံးပြုကာ စားသောက်ဆိုင်ဖွင့်ခြင်း၊ စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမြင့်အောင်**
**၁၃/ကခန(ဧည့်)၀၀၀၄၈၉**
**မှတ်ပုံတင်သွင်းကြေညာသူ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ် ၄၉၇၊ ဦးပိုင်အမှတ် ၈/၅၃၀၊ မြေဧရိယာ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ငြိမ်းသွယ်အမည်ဖြင့် ရရှိထားသော မြေကွက်ဖြစ်ပါသည်။ ဒေါ်ငြိမ်းသွယ်အမည်ဖြင့်ချထားပေးသော မြေချစာလစ်မှာ အသိမ်းလွန်၍ ပျောက်ဆုံးနေပါသဖြင့် အဆိုပါ ပေ(၄၀×၆၀) မြေကွက်၏ အနောက်ဘက်ခြမ်း (၃၀×၄၀) ပေ အကျယ်အဝန်းရှိမြေဧရိယာအား လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဒေါ်သောင်းတင် ၁၄/ဟသတ(နိုင်)၀၁၃၄၁၇က အမည်ပေါက်ရရှိရန် ရုံးဌာနအသီးသီးသို့ မြေယာပုံစံ(၁၀၅)မြေပုံရေးဆွဲခြင်းများ လျှောက်ထားသွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့ မိတ်ဆွေထံသို့ဖြစ်စေ ကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်သည်။

**လွှဲအပ်ချက်အရ-**

**ဦးဝင်းကျော်စိုး LL.B(Q), D.B.L, D.I.L, D.I.R** — **ဦးလင်းခိုင်သိန်း LL.B , D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၃၉)** — **အထက်တန်းရှေ့နေ(စဉ်-၃၀၅၂၅)**
**ဖုန်း-၀၉-၄၀၂၇၄၄၄၇၃၊ ၀၉-၇၉၆၇၇၇၆၅၀၊ ၀၉-၉၁၀၁၇၈၀၁**
**အခန်း ၁၁၊ စက်မှုလယ်ယာတိုက်တန်း၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ဥ-၇၃၈၅) ဦးဇင်မင်းအောင်(ဘ)ဦးခင်သိန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဇင်မင်းအောင်ထံမှ အရပ်ကတိ အရောင်းစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးသန့်ဇင်ဦး ၇/သဝတ(နိုင်)၀၆၅၉၄၂ မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ လျှောက်ထားသည့်မြေကွက်ကို ယနေ့တိုင် လက်ရောက်ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ အမည်ပေါက် ဦးဇင်မင်းအောင်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော မြေပိုင်ဆိုင်မှုအထောက်အထားများဖြင့် ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေပေးမိန့်ထုတ်ပေးနိုင်ရေးဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိ ပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၃၅၂၊ ၃၅၄)၊ ဧရိယာ ၀ ဒသမ ၂၅၁ ဧကရှိ ဒေါ်ဝင်းမင်းသန်း အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်ယုဝါသင်း(ခ)သီရိယုဝါ ၉/ပမန(နိုင်)၁၇၃၇၃၈ (ဘ) ဦးကျော်မြင့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် (၆၀၀)၊ ဧရိယာ ၀ ဒသမ ၀၉၀ ဧကရှိ ဦးအောင်ကျော်မိုး အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား ဒေါ်နီနီဝင်း ၉/ပမန(နိုင်)၁၃၀၁၁၆ (ဘ) ဦးထွန်းမြင့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးနွဲ့ကြည်
**(Passenger Sales Officer-Singapore Airlines Ltd)**
**အသက် (၄၀)**

ရန်ကုန်မြို့၊ အမှတ်(၁၆၉/၁၇၁)၊ ၃၄ လမ်းနေ ဒေါက်တာ ဦးသိန်းထွဋ်၏ဇနီး၊ မစံရတီထွဋ်၏မိခင် ဒေါ်အေးနွဲ့ကြည်သည် ၃၀-၉-၂၀၁၅ရက် နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Singapore Airlines ဝန်ထမ်းမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကုဏ္ဍောဘာသ
## သက်တော်(၁၀၀)၊ သိက္ခာတော်(၃၀)

ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက၊ ပြည်မြို့၊ မိုးကုတ်ဝိပဿနာ ရာသက်ပန် ကံသုံးဆင့် ဓမ္မရိပ်သာ ဩဝါဒါစရိယ၊ သာသနာမြေအမှတ်(၁)ဝိုင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ ၁၄၇ ဓမ္မရိပ်သာ၊ ဦးစီးပဓာနနာယက၊ မိုးကုတ်အောင်မင်္ဂလာဓမ္မရိပ်သာကျောင်း ဦးစီးပဓာန နာယက ဘဒ္ဒန္တကုဏ္ဍောဘာသ ဆရာတော်ကြီးသည် (၁၃၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ရက်) ၃၀-၉-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဉတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက်) ၄-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၁) တပ်မတော်ဆေးရုံ ငြိမ်းအေးဇရပ်၌ သာဓုကီဠနသဘင်ဆင်ယင်ကျင်းပပြီး ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနဆင်ယင် ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

[တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ သာသနာမြေအမှတ်(၁)ဝိုင်း၊ မိုးကုတ်အောင်မင်္ဂလာကျောင်းတိုက်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။]

**တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ**

**"အစိုးရစစ် (၄/၈)တန်းများအတွက် အထူးသီးသန့်"**
**ဒေါ်သင်းမြင့် (ဝါရင့် M.Sc)အုပ်ချုပ်သင်ကြားသော "A"Classဖြင့် အောင်ရမည်ဟု အာမခံ၍ သင်ခန်းစာအစမှစသင်မည့် စခန်းသွင်း (Camp) နှင့် လပြတ်စာသင်ဝိုင်း**
**Ph : 09 5165231, 09 5165230, 01 8603664**
**ခြံအမှတ် (212)၊ စက်မှု (၃)လမ်း၊ မေတ္တာညွန့်၊ တာမွေ။**

## ဒေါ်တင်ရီ (သင်းကျွန်း)
**တောက်ထိန်တောင်ယောဂီ**
**အသက်(၈၈)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ သရက် ချောင်းမြို့နယ်၊ သင်းကျွန်းရွာနေ (ဦးထွန်းတင်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးလှစိုး(ဇေယျ-၆၄)၊သင်းကျွန်းရွာနေ မကြည်လှ၊ မောင်ထွေးအောင်တို့၏မိခင် သည် ၃၀-၉-၂၀၁၅ရက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် သင်းကျွန်းရွာသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၆-၁၀-၂၀၁၅ရက်တွင် ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/9091, Hummer H3, S/W (4x4) L ယာဉ်လက်ဝယ်ရှိသူ ဦးဆိုင်းအောင်(ခ)မြင်ရှင်း ၉/ခအဇ(နိုင်)၀၀၀၀၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/6255 Toyota Probox NCP 50 S/W ယာဉ်လက်ဝယ်ရှိသူ ဦးလှတင်၁၃/လရန(နိုင်)၀၈၄၉၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်နေ ဦးလင်းနိုင် ၁၂/ပဇတ (နိုင်)၀၂၃၄၃၂၏သမီး အထက(၂) လသာ(Grade-8F)မှ မသီလွာမှူးနိုင်အား ယနေ့မှစ၍ မဆုလဲ့နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၉-၂၀၁၅ရက်ထုတ် မြန်မာ့အလင်း စာမျက်နှာ (၃၀)ပါ ဆရာ ဦးခင်မောင်ထွေး (ပျဉ်းမနား)၏ ဝမ်းနည်းကြေကွဲခြင်း ကြော်ငြာများတွင် အသက်(၇၅)နှစ်အစား (၈၅)နှစ်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ပျောက်ဆုံးကြောင်း**

မောင်မျိုးမင်းလတ် ၁၂/ဒဂတ(နိုင်) ၀၅၅၆၃၀၏ သင်္ဘောသားလက်မှတ်အမှတ် SID Number ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၄၅၀၀၀၅၉၄၈ သို့ ဆက်သွယ်ပါရန်။

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အဆင့်မြင့်ယာဉ်ကြီးမောင်းသင်တန်း

၁။ အဆင့်မြင့်ခရီးသည်တင်ယာဉ်ကြီးများ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မှု သင်တန်းကို ၁၀-၁၀-၂၀၁၅ရက်မှစ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)ရှိ ယာဉ်မောင်းသင်တန်းကျောင်းတွင် အဆင့်မြင့်ယာဉ်ကြီးများဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိလိုသော အချက်များကို အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ကုန်းလမ်းပို့ဆောင်ရေး၊ နေပြည်တော်(ရွာတော်)ခရေလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့(နေပြည်တော်ဘူတာကြီးအနီးနှင့် ကညနအရှေ့ဘက်)
ဖုန်း-၀၆၇-၅၁၀၀၃၂၊ ၀၉-၇၉၈၂၂၈၄၁၇၊ ၀၉-၄၀၂၇၀၁၉၂၆

(ခ) ကုန်းလမ်းပို့ဆောင်ရေး(ရန်ကုန်)
အခြေစိုက်အလုပ်ရုံ(၂)မြောက်ဒဂုံ၊ ၅၁ ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း
ဖုန်း-၀၁-၅၈၀၃၆၈၊ ၀၉-၇၃၀၂၁၁၇၆

(ဂ) ကုန်းလမ်းပို့ဆောင်ရေး(မန္တလေး)
အခြေစိုက်အလုပ်ရုံအမှတ်(၄)ယာဉ်မောင်းသင်တန်းကျောင်း
ကန်တော်ကြီးအရှေ့ဘက်၊ စစ်ကိုင်း မန္တလေးလမ်းနှင့် လမ်းသစ်လမ်းထောင့်
ဖုန်း-၀၉-၅၃၆၆၁၈၆၊ ၀၂-၅၉၀၂၃၊ ၀၉-၄၃၀၆၂၂၆၂

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား၊ ဒါယိကာမကြီး
## ဒေါ်ရှုဟုန်(ခ)ဒေါ်ရင်ရင် (ပုသိမ်မြို့)
**မိကျောင်းတံဆိပ် "အဆာဟိ" ထီး၊ "ရဲသီဟ" ထီးဆိုင်**
**အသက်(၇၉)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ခေနန်ကျေးရွာနေ(ဦးဖိုးကြူး-ဒေါ်နှင်းအုံ)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ M-10 မြကန်သာ(၅)လမ်းနေ (ဦးဟုတ်ကျန်)၏ဇနီး၊ ဦးသက်ဝင်း-ဒေါ်စန်းစန်းဦး၊ ဦးမျိုးမြင့်-ဒေါ်နုနုတင်၊ ဦးသက်လွင်-ဒေါ်ချိုချိုအေး၊ ဦးသက်ထွန်း-ဒေါ်ခင်မာမြင့်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၃၀-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၄း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်မာဝင်း (တောင်ငူ)
**အထပြ(ငြိမ်း)၊ အထက(၂)သထုံ**
**အသက်(၆၈)နှစ်**

သထုံမြို့၊ သုဓမ္မဝတီမြို့သစ်၊ (၈)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် C-29 နေ (ဦးမောင်)-ဒေါ်ရွှေတင်တို့၏သမီး၊ ဦးကျင်ဖေ-(ဒေါ်လှမြိုင်)တို့၏သမီးချွေးမ၊ ဦးအုန်းမြင့်[ဒု-ဝန်ကြီး (ငြိမ်း)၊ လယ်/ဆည်]-ဒေါ်သက်ဝါ၊ ဦးအေးမင်း-ဒေါ်တင်တင်နွယ်တို့၏ညီမ၊ ဦးဝင်းအောင်-ဒေါက်တာဒေါ်မိုးမြင့်(ပင်လုံဆေးရုံအုပ်)တို့၏အစ်မ၊ ဦးကျော်ဝင်း(ဌာနခွဲမှူး၊ တာယာစက်ရုံ)၏ဇနီး၊ ဒေါ်စုမွန်ကျော်(အလယ်တန်းပြ၊ ကာယ၊ အထက-၃၊ ကတိုက်ကလေး)၏မိခင်သည် ၂-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သုဓမ္မဝတီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ
## လျှောက်ထားကြောင်းအကြောင်းကြားစာ
**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၆၃**
**ကွယ်လွန်သူ ဒေါ်မြရီ၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

**ဒေါ်စောစန္ဒာ** — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၂၆၀/ခ နေ ဒေါ်စောစန္ဒာက ကွယ်လွန်သူ ဒေါ်မြရီ၏သမီး ဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူ ဒေါ်မြရီမှာကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်မြရီမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် အောက်တိုဘာ ၂၁ ရက် နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်စောစန္ဒာ၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## CLAIMS DAY NOTICE
## M.V BRIGHT STATE VOY:NO (EAL 07A)

Consignees of cargo carried by M.V BRIGHT STATE VOY: NO (EAL 07A) are here by notified that the vessel will arrive on about 5-10-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဦးအောင်သန်း(ခ)ဦးအော်ငယ် (မြိတ်)
**အသက်(၅၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ထားဝယ်စုရပ်၊ ကျောက်မီးသွေးလမ်း၊ အမှတ်(၂၅၂)နေ (ဦးယုန်ကြည်)-ဒေါ်စန်း တင့်တို့၏ချစ်လှစွာသောသား၊ ဦးမျိုးအောင်-ဒေါ်ယုယုကြူ၊ ကိုအေးသန်း-မမြင့်မြင့်သီတို့၏ညီ/မောင်၊ မဌေးဌေးကြူ၊ ကိုသန်းဝင်း-မဌေးဌေးရှုန်တို့၏အစ်ကို၊ မောင်ဖြိုးသန့်ပိုင်၊ မမျိုးယုသော်၊ မောင်အောင်ထွန်းကျော်၊ မောင်နေသန့်ခိုင်၊ မောင်မိုးရှန်ဟိန်း၊ မောင်မျိုးရဲဟိန်း၊ မောင်မျိုးရဲသူတို့၏ဦးလေးသည် ၂-၁၀-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၈း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငွေးချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးကိုဓ ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ်၊ တရားမကြီးအမှုအမှတ် -၁၀၇**

| | | |
|---|---|---|
| ဒေါ်ချို | **နှင့်** | ၁။ ဒေါ်နီနီ |
| အမှတ် ၂၂၊ လေးလွှာ(ဘီ)၊ ၁၆၅လမ်း၊ | | ၂။ ဒေါ်လှလှရီ |
| တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ | | ၃။ ဒေါ်ခင်သန္တာ |
| ရန်ကုန်တိုင်းဒေသကြီး | | ၄။ ဒေါ်နုရွှေ |
| **တရားလို** | | **တရားပြိုင်များ** |

အထက်ပါအမှု(၄) တရားပြိုင် ဒေါ်နုရွှေ အမှတ် ၃၃၉၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုဒေါ်ချိုက အမွေပုံပစ္စည်းပုံ(ငါးပုံတစ်ပုံ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၉ ရက်(၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၆ရက်) နံနက် ၁၀နာရီတွင် တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင် ငွေးချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## အယူခံအမှုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်သို့
## အကြောင်းကြားစာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ်-၃၅၈**

| | | |
|---|---|---|
| ဒေါ်ကျင်စု(ခ)ငေါ်ရွှေအ | **နှင့်** | ဒေါ်မူမူယုံ |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် | | (၎င်း၏အခွင့်ရကိုယ်စားလှယ် |
| ဦးဝင်းမြင့်) | | ဦးလှထွန်း)ပါ ၃ |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

၂၀၁၅ ခုနှစ် မတ် ၂၅ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှ တရားမကြီးမှုအမှတ်၅/၂၀၁၄ ကို အယူတော်ခံမှု။

အယူခံတရားပြိုင် (၁)ဒေါ်မူမူယုံ၊ (၂) ဦးစိန်ရ(ခ)ဦးမျိုးသန့်ဇင်(၎င်းတို့၏အခွင့်ရကိုယ်စားလှယ်ဦးလှထွန်း) အမှတ် ၁၀၀၊ ၃၇ လမ်း၊ (၅)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချမှတ်ပေးသည့် ဒီကရီကိုအယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၅ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာသွင်းရမည်။

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နိုင်စိုး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ဖြေသော်လည်းမပြေ
## ဒေါ်အေးအေးမူ
**အသက် (၅၃)နှစ်(ဒေါ်ပုံ)**
**ဘီလစ်စာရေးကြီး၊ အလုံမြို့နယ်တရားရုံး**
**(၄-၉-၂၀၁၅)မှ (၄-၁၀-၂၀၁၅)**
**(၁)လပြည့် ဆွမ်းကျွေးအမျှပေးဝေခြင်း**
**ချစ်ဇနီး၊ ချစ်မာမီ၊ ချစ်ညီမထွေး၊ ချစ်သောအန်တီမူ**

ညီမလေးအေးမူရေ ဝန်ထမ်းဘဝ ရုံးတာဝန်တွေထမ်းဆောင်ရင်း၊ စိတ်တွေမွန်းကျပ်လွန်းလို့၊ မမျှော်လင့်ဘဲ တာဝန်ချိန်မှာ ရုတ်တရက်ကွယ်လွန်သွားခဲ့တာ ၄-၁၀-၂၀၁၅ ရက် ယနေ့ဆိုရင် (၁)လပြည့်ခဲ့ပါပြီ၊ နေ့စဉ်နှင့်အမျှ ကျန်ရစ်သူမိသားစုများမှာတော့ ဖြေမဆည်နိုင်အောင် ရင်ထဲဆူးနစ်ကြေကွဲ တမ်းတလျက်ရှိနေကြပါတယ်။

ညီမလေးက စေတနာသဒ္ဓါတရားကောင်းတဲ့သူပါ၊ ရုံးတာဝန်အပေါ်မှာလည်း တာဝန်ကျေသစ္စာရှိစွာ ထမ်းဆောင်ခဲ့သူပါ။

ညီမလေးနေ့စဉ်ဝတ္တရားမပျက် ဘုရားဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းဆက်ကပ်ခြင်း၊ ကျောင်းသုံးကျောင်းမှ သံဃာအပါး ၆ဝကျော်အား နေ့စဉ်မပျက် ချက်ပြုတ်လောင်းလှူရတဲ့အကျိုးကြောင့် မြင့်မြတ်တဲ့ဘုံဘဝကို ရောက်ရှိမှာပါကွယ်။ ကျန်ရစ်သူမိသားစုမှလည်း နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ကုသိုလ်ကောင်းမှုတွေ ပြုပေးနေပါတယ်။ ညီမလေး မြင့်သထက်မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိပါစေ။

**ညီမလေးအေးမူရေ-အမျှ-အမျှ-အမျှ**
**သာဓု၊ သာဓု၊ သာဓု ခေါ်ဆိုနိုင်ပါစေ**

**ကြေကွဲဝမ်းနည်းသတိရလျက်**
**ကျန်ရစ်သူမိသားစုများ**

# မဟာချက်ကရီသီရိဒ္ဒုံမင်းသမီး ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညို



မဟာချက်ကရီသီရိဒ္ဒုံမင်းသမီး လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်းဆက်ကပ်စဉ်။ (သတင်းစဉ်)

**ရန်ကုန် အောက်တိုဘာ ၃**

ထိုင်းနိုင်ငံဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒုံသည် ယနေ့ ညနေ၄ နာရီ မိနစ် ၄၀ တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာသည်။

မဟာချက်ကရီသီရိဒ္ဒုံမင်းသမီးနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ညပိုင်းတွင် မဟာချက်ကရီသီရိဒ္ဒုံမင်းသမီးနှင့်အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ချက်ထရီယံဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထိုမှတစ်ဆင့် မဟာချက်ကရီသီရိဒ္ဒုံမင်းသမီးနှင့်အဖွဲ့သည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာချက်ကရီသီရိဒ္ဒုံမင်းသမီးနှင့်အဖွဲ့သည် စေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်းမှတစ်ဆင့် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မဟာချက်ကရီသီရိဒ္ဒုံမင်းသမီးနှင့်အဖွဲ့သည် စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ဖူးမြော်ကာ သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

**(သတင်းစဉ်)**

# ပရီမီယာလိဂ်ပွဲစဉ်(၈) ခရစ္စတယ်ပဲလေ့က ဝက်စ်ဘရွန်းကို အနိုင်ရ




ခရစ္စတယ်ပဲလေ့မှ တိုက်စစ်မှူး ဘလာစီ ခေါင်းတိုက်ဂိုးသွင်းစဉ်။

ပရီမီယာလိဂ်ပွဲစဉ်(၈) စနေနေ့ အစောဆုံးပွဲဖြစ်သည့် ခရစ္စတယ်ပဲလေ့နှင့် ဝက်စ်ဘရွန်းတို့ပွဲတွင် ခရစ္စတယ်ပဲလေ့က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

အိမ်ကွင်းရလဒ်ကောင်းနေသော ခရစ္စတယ်ပဲလေ့တို့က အိမ်ကွင်း၌ အနိုင်ရရေး ကြိုးစားခဲ့ပြီး ဝက်စ်ဘရွန်းတို့က စုစုစည်းစည်းဖြင့် ခုခံကစားခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်း ၆၈ မိနစ်တွင် ခရစ္စတယ်ပဲလေ့အတွက် အဖွင့်ဂိုးကို ဘလာစီက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ဝက်စ်ဘရွန်းတို့က ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပွဲပြီးခါနီး ၈၉ မိနစ်တွင် ခရစ္စတယ်ပဲလေ့တို့ ပယ်နယ်တီရရှိရာ ကွင်းလယ်ကစားသမား ကာဘာရီက ကန်သွင်း၍ ဂိုးရရှိခဲ့သည်။ ပွဲအပြီးတွင် ခရစ္စတယ်ပဲလေ့က

*စာမျက်နှာ ၁၄ ကော်လံ ၅*

ယနေ့ မာတိကာ

ပျောက်ဆုံးလေယာဉ် ဆူလာဝေစီကျွန်း၌ ရှာဖွေ
စာ » ၄

ဂုဏ်ပြုထိုက်သည့် ဆရာကောင်း၊ ဆရာတော်၊ ဆရာမွန်၊ ဆရာချွန်များ
ဆောင်းပါး
စာ » ၆

Miss Universe Myanmar 2015 နှင့် 2016 အတွက် ဆန်ခါတင်အလှမယ်နှစ်ဦး ရွေးချယ်
စာ » ၁၄

# အပူပိုင်းဒေသရေပေးဝေရေးစီမံကိန်းများအတွက် ဂျပန်အစိုးရက ကန်ဒေါ်လာ ၁၄ ဘီလီယံ ပံ့ပိုးကူညီမည်

**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာနိုင်ငံ၏ အပူပိုင်းဒေသတွင်ပါဝင်သော မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများ ရေလုံလောက်စွာရရှိရေးအတွက် ဂျပန်အစိုးရက အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက အောက်တိုဘာ ၃ ရက်က ပြောကြားခဲ့သည်ဟု ဆင်ဟွာသတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျပန်အစိုးရ၏အကူအညီဖြင့် အကောင်အထည်ဖော်မည့် ဖော်ပြပါ တိုင်းဒေသကြီးသုံးခုအတွင်းရှိ ကျေးရွာများ ရေလုံလောက်စွာရရှိရေးစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ရာ မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့က စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို မကြာသေးမီက လက်မှတ်ရေးထိုးခဲ့ကြသည်။


**ကျော်သဲအိမ်**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းကလည်း ကျေးလက်ရေရရှိရေးလုပ်ငန်း ၄၃၁ ခုကို အကောင်အထည်ဖော်ခဲ့ပြီး လက်ရှိအခြေအနေတွင် ရေပေးဝေရေးလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်းနှစ်သောင်းကျော်၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း

# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ




ရွေးကောက်ပွဲကျင်းပရန်

**၃၅**

ရက်သာလိုတော့သည်။


















မဲဆန္ဒရှင်သက်သေခံလက်မှတ်

..........မြို့နယ်၊..........ရပ်ကွက်/ကျေးရွာအုပ်စု

မဲရုံအမှတ် ..........၊ မဲစာရင်းအမှတ်စဉ် (      )

အမည်၊ ..........၊ ကျား/မ၊ ..........

မွေးသက္ကရာဇ်၊ ..........

မှတ်ပုံတင်အမှတ်၊ ..........

အဘအမည်၊..........၊အမိအမည်၊ ..........

နေရပ်လိပ်စာ၊ ..........

တာဝန်ခံလက်မှတ်၊ ..........

ရုံးတံဆိပ်

သတိပြုရန်

၁။ မဲပေးရန်လာရောက်သည့်အခါ ဤလက်မှတ်ကိုယူဆောင်လာပါ။

၂။ ဤလက်မှတ်ကိုပေးအပ်၍ မဲလက်မှတ်ထုတ်ယူပါ။

၃။ ရွေးစာရင်းတွင် ဖော်ပြထားသည့် မိမိအမည်/အချက်အလက်များ မှားယွင်းနေပါက ပြင်ဆင်ပေးရန် မဲရုံမှူးအား အသိပေးပြောကြားပါ။

**မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်။**

## ကော့သောင်းမြို့၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**ကော့သောင်း အောက်တိုဘာ ၃**

ကော့သောင်းမြို့၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးခြင်းဆိုင်ရာ ဆွေးနွေးအသိပညာပေးသရုပ်ပြခြင်းကို အရပ်ဘက်လူမှုအဖွဲ့အစည်းများက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးကို အောက်တိုဘာ ၁ ရက်က ရွှေပြည်စိုးကျေးရွာ၌ ဆွေးနွေးပညာပေးသရုပ်ပြလုပ်ငန်းများဆောင်ရွက်ကြကြောင်း သိရသည်။

လုပ်ငန်းများအဖြစ် လာမည့်ရွေးကောက်ပွဲကာလအတွင်း မဲဆန္ဒရှင်ပြည်သူများ မဲပေးခြင်းလုပ်ငန်းများတွင် မဲစာရင်း၌ သက်ဆိုင်ရာရပ်ကွက်အလိုက် မိမိအမည်ပါရှိမှုကြည့်ရှုနည်းများ၊ ဆန္ဒမဲပေးရာ မဲရုံအနေအထားအလိုက် မဲစတင်ထုတ်ယူမှုမှစတင်၍ ဆန္ဒမဲပေးမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ပညာပေးရှင်းလင်းပြောကြားခြင်း၊ ထုတ်ယူသည့်ဆန္ဒမဲများတွင် မဲရုံမှူးလက်မှတ်ပါမှု ရှိ မရှိ၊ မဲစာရွက်စုတ်ပြဲနေမှု ရှိ မရှိ၊ မဲပေးရာတွင် ခိုင်လုံမဲ ဖြစ်နိုင်မည့်နမူနာပုံစံနှင့် ပယ်မဲဖြစ်နိုင်သည့် မဲပေးမှုစနစ်များမဖြစ်ပေါ်ရေး ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ရုပ်ပုံကားချပ်များဖြင့် နမူနာပြရှင်းလင်းဆွေးနွေးခြင်းလုပ်ငန်းများ အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ပြန်/ဆက်)**



# လူ့ဘောင်သစ်ပါတီက
# ၄င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃

**လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ဦးဇေယျက ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၃ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ဦးဇေယျဖြစ်ပါတယ်။

**သမိုင်းအကျဉ်း**

ပထမဦးစွာ လူ့ဘောင်သစ်ပါတီသမိုင်းအကျဉ်းကို ရှင်းပြလိုပါတယ်။ လူ့ဘောင်သစ်ပါတီသည် ၁၉၈၈ ခုနှစ် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးနောက်ပိုင်းမှာ မပြီးဆုံးသေးသော ဒီမိုကရေစီအရေးအတွက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ခေါင်းဆောင်များသည် ဒီမိုကရေစီအရေး လှုပ်ရှားမှုအား ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လမ်းကြောင်းသုံးသွယ်ကို ချမှတ်ခဲ့ပါတယ်။

လမ်းကြောင်းသုံးသွယ်အရ-

(၁) အမျိုးသားနိုင်ငံရေးကို ကျယ်ပြန့်စွာလှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် ဗ-က-သများအဖွဲ့ချုပ်မှ ခေါင်းဆောင်များက ၈၈ ကျောင်းသားခေါင်းဆောင်များ၊ သပိတ်ခေါင်းဆောင်များ၊ ဒေသန္တရခေါင်းဆောင်များကို စုစည်းပြီး ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့မှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ပထမအကြိမ်ပါတီညီလာခံကို ၁၉၈၉ ခုနှစ် ဧပြီ ၂၁ ရက်နေ့မှာ ရန်ကုန်တိုင်း ဝါးရုံပင်စခန်းမှာ ကျင်းပခဲ့ပါတယ်။ ၁၉၈၈ (ရှစ်လေးလုံး) ဒီမိုကရေစီအရေးတော်ပုံကြီးမှာ ကျောင်းသားထုကိုယ်စားပြုပါတီအနေဖြင့် ရပ်တည်ဆောင်ရွက်နိုင်ခဲ့ပြီး ၁၉၈၈/၈၉/၉၀ တွင် နိုင်ငံရေးအရ ဒုတိယအကြီးမားဆုံးပါတီအနေဖြင့် ရပ်တည်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၁၉၉၁ ဒီဇင်ဘာ ၆ ရက်နေ့မှာ လူ့ဘောင်သစ်ပါတီ တရားဝင်တည်ရှိမှုကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်မှ ပယ်ဖျက်ခဲ့ပါတယ်။ ပါတီခေါင်းဆောင်များဟာ ပါတီလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်နိုင်ရန် ပါတီမူဝါဒများအရ ပြန်လည်ရပ်တည်ဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့ရာမှ ပါတီတရားဝင်ပြန်လည်ရပ်တည်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ၂၀၁၄ ခုနှစ် မတ်လ ၄ ရက်နေ့တွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအမည်ဖြင့် လျှောက်ထားခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်မှ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်နေ့၌ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအမည်အား ပြောင်းလဲပေးရန် အကြောင်းကြားစာပေးပို့လာသဖြင့် လက်ရှိနိုင်ငံရေးလိုအပ်ချက်များအရ တရားဝင်ပါတီတစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ရန် လူ့ဘောင်သစ် New Society Party (NSP)အနေဖြင့် ရပ်တည်ခဲ့ပါတယ်။ ကျွန်တော်တို့ လူ့ဘောင်သစ်ပါတီမှာ ၁၉၈၈ ခုနှစ် မူလလူ့ဘောင်သစ်အလံတော်ကို အခက်အခဲအကျပ်အတည်းများကြားမှ ၂၀၁၅ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် တရားဝင်ပြန်လည်ဆွဲကိုင်လွှင့်ထူနိုင်ခဲ့ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်တို့ လူ့ဘောင်သစ်ပါတီဟာ-

ပြည်တွင်းငြိမ်းချမ်းရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာတွေဟာ မလွဲမသွေဆက်စပ်ဆောင်ရွက်ရမည့် အခြေခံအချက်များဖြစ်ပါတယ်။ အတိုက်အခိုက်ပုံစံ ပီပြင်စွာတရားဝင်ထွန်းကားရန် လွှတ်တော်တွင်း/လွှတ်တော်ပ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ဒီမိုကရေစီအရေးလူ့အခွင့်အရေး (တရားဥပဒေစိုးမိုးရေး)၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးတို့အတွက် ရပ်တည်ဆောင်ရွက်သွားမည်။ လူ့ဘောင်သစ်ပါတီသည် ပြည်သူတစ်ရပ်လုံး ခါးစည်းခံစားနေရသော ဆင်းရဲတွင်းနက်မှု၊ ချွတ်ခြုံကျမှုပပျောက်ရေး၊ လူမှုဒုက္ခများမှ အမြန်ဆုံးလွတ်မြောက်နိုင်ရန် ပြည်သူလူထု၏နစ်နာချက်များ လိုအပ်ချက်များအတွက် ရပ်တည်ဆောင်ရွက်သွားပါမယ်။

**ရည်ရွယ်ချက်**

ဒီမိုကရေစီအနှစ်သာရနဲ့ပြည့်စုံပြီး ပြည်သူလူထုကိုအကျိုးပြုနိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရေး၊ ရည်ရွယ်ချက်တူ နိုင်ငံရေးပါတီများကိုစုစည်းပြီး အမျိုးသားရေးအမြင်အရ ဒီမိုကရေစီတပ်ပေါင်းစုကြီး ပေါ်ထွန်းလာရေး၊ တိုင်းရင်းသားများ၊ လူနည်းစုများရဲ့ လွတ်လပ်မှုနှင့်တန်းတူညီမျှမှုကိုအခြေခံတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး။

**ပညာရေး**

၁။ လွတ်လပ်ပြီး အဆင့်မြင့်သည့် ဒီမိုကရေစီပညာရေးစနစ်သစ်တည်ဆောက်သွားမယ်။

၂။ နိုင်ငံသားတိုင်းအခြေခံပညာအထက်တန်းအဆင့်ထိ အခမဲ့မသင်မနေရ ပညာရေးစနစ်ကို ရေးဆွဲပြဋ္ဌာန်းကျင့်သုံးသွားမယ်။

၃။ တက္ကသိုလ်၊ ကောလိပ်၊ အသက်မွေးဝမ်းကျောင်းသင်ပညာရေးကျောင်းများတွင် မိမိတို့သင်ယူလိုသော ဘာသာရပ်များကို လွတ်လပ်စွာသင်ယူခွင့်ပြုသွားမယ်။

၄။ ဘာသာရပ်ဆိုင်ရာ ထူးချွန်ကျောင်းသား ကျောင်းသူများကိုစိစစ်ပြီး အစိုးရပညာသင်စရိတ်ထောက်ပံ့ရေး အစီအစဉ်များ ပြဋ္ဌာန်းသွားမယ်။

၅။ ကျောင်းသားသမဂ္ဂများ တရားဝင်ဖွဲ့စည်းခွင့်ပြုမယ်။

**ကျန်းမာရေး**

၁။ အစိုးရပိုင်ဆေးရုံဆေးခန်းများမှာ နိုင်ငံသားတိုင်း အခမဲ့ဆေးကုသခွင့်ရအောင် ဆောင်ရွက်သွားမယ်။

၂။ တစ်နိုင်ငံလုံးရှိ အစိုးရပိုင်ဆေးရုံဆေးခန်းများနှင့် ပုဂ္ဂလိကပိုင်ဆေးရုံဆေးခန်းများအားလုံးကို ရောဂါရှာဖွေကုသမှုကဏ္ဍ၊ စီမံခန့်ခွဲအုပ်ချုပ်မှုကဏ္ဍများတွင် နိုင်ငံတကာအဆင့်မီတိုးတက်လာအောင် တစ်ဆင့်ချင်း စီမံဆောင်ရွက်သွားမယ်။

၃။ ဆေးပညာကျွမ်းကျင်သူများ၊ ပညာရှင်များနှင့် ဝန်ထမ်းများအား နိုင်ငံတကာအဆင့်မီဆေးပညာနှင့် ကျန်းမာရေးစောင့်ရှောက်မှုနည်းများ လေ့လာသင်ယူခွင့်ရအောင် အစိုးရစရိတ်ဖြင့် အကုန်အကျခံနိုင်အောင် တစ်ဆင့်ချင်း စီမံဆောင်ရွက်သွားမည်။

၄။ နိုင်ငံတော်ကျန်းမာရေးအသုံးစရိတ်များကို မြှင့်တင်သုံးစွဲသွားမည်။

**စီးပွားရေးနှင့်ဘဏ်စနစ်**

၁။ လွတ်လပ်သော၊ ဈေးကွက်ကိုအခြေပြုသောစီးပွားရေးစနစ်ကို ပြဋ္ဌာန်းသွားမယ်။

၂။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများပိုင်စီးပွားရေးလုပ်ငန်းများ အခန်းကဏ္ဍတိုးတက်မြင့်မားလာစေရန်နဲ့ အကာအကွယ်များပေးရန် ဥပဒေများရေးဆွဲပြဋ္ဌာန်းသွားမယ်။

၃။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအားလုံးအတွက် ပွင့်လင်းမြင်သာ၍ အာမခံချက်ရှိသော ရင်းနှီးမြှုပ်နှံမှုဥပဒေများပြဋ္ဌာန်းသွားမယ်။

၄။ ခေတ်မီစီးပွားရေးမူဝါဒများနှင့် လိုက်လျောညီထွေရှိစေရန် ဘဏ်စနစ်များကောင်းမွန်တိုးတက်လာအောင် နိုင်ငံတကာနှင့်အညီ ဥပဒေများ ပြဋ္ဌာန်းသွားမယ်။

၅။ နိုင်ငံတော်ဗဟိုဘဏ်(သို့) ပြည်ထောင်စုဘဏ်၏မူဝါဒများကို နိုင်ငံတကာစံနှုန်းနှင့်အညီ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းသွားမယ်။

၆။ နိုင်ငံတော်အကျိုးစီးပွားနှင့် လိုက်လျောညီထွေမှုရှိမည့် မူပိုင်ခွင့်ဥပဒေများပြဋ္ဌာန်းပေးမယ်။

၇။ နိုင်ငံသားတိုင်း နစ်နာမှုမရှိစေရန်ခေတ်နှင့်လျော်ညီသော အခွန်စနစ်တစ်ရပ်ပြဋ္ဌာန်းပြီး နိုင်ငံသားတိုင်း အခွန်ထမ်းဆောင်စေရမယ်။

၈။ စီးပွားရေးစီမံကိန်းများအားလုံးကို ပွင့်လင်းမြင်သာမှုရှိရေး လူထုအကျိုးစီးပွားမထိခိုက်စေရေး၊ သမိုင်းအမွေအနှစ်ဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် အထူးကြပ်မတ်ခွင့်ပြုသွားမယ်။

**စက်မှုလက်မှုကဏ္ဍ**

၁။ နိုင်ငံတော်ပိုင် စက်မှုလက်မှုလုပ်ငန်းအချို့တို့ကို နိုင်ငံသား တိုင်းရင်းသားများသို့ သင့်လျော်သော အစီအမံများဖြင့် လွှဲပြောင်းပေးမယ်။

၂။ နိုင်ငံသား တိုင်းရင်းသားများပိုင် စက်မှုလက်မှုလုပ်ငန်းများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာအောင် နည်းပညာရပ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးပြီး ဥပဒေများ၊ နည်းဥပဒေများပြဋ္ဌာန်းပေးမယ်။

၃။ နိုင်ငံတကာနှင့်ချိတ်ဆက်ပြီး စက်မှုလက်မှုကဏ္ဍများ တိုးတက်ခေတ်မီစေရေးအတွက် လုံခြုံစိတ်ချရမှု၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးမယ်။

**လယ်ယာကဏ္ဍ**

၁။ လယ်လုပ်သူ လယ်ပိုင်ခွင့်စနစ်ကျင့်သုံးမယ်။

၂။ လယ်ယာမြေများကို မည်သည့်အဖွဲ့အစည်းများကမဆို ဘယ်လိုအကြောင်းပြချက်နှင့်မဆို သိမ်းယူခြင်းကို ဥပဒေဖြင့်ကာကွယ်ပေးမယ်။

၃။ နိုင်ငံတော်နှင့် အများပြည်သူအကျိုးအတွက် လယ်ယာမြေအကျိုး တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုဖြစ်ခဲ့ပါက တူညီသောလယ်ယာမြေအကျိုးခံစားခွင့် လျော်ကြေး နစ်နာကြေးရရှိစေရမယ်။

၄။ စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍစုံမြှင့်တင်ပေးမယ်။

၅။ လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ ထုတ်လုပ်ကြိတ်ခွဲခွင့်၊ ဈေးနှုန်းသတ်မှတ်သယ်ဆောင်ရောင်းဝယ်ခွင့်ရှိစေရမယ်။

၆။ စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဥပဒေနှင့်အညီ ခွင့်ပြုပေးမယ်။

**အလုပ်သမားကဏ္ဍ**

၁။ အလုပ်သမားများသည် နိုင်ငံတကာစံနှုန်းများ၊ သဘောတူညီချက်များနှင့်အညီ လွတ်လပ်သော အလုပ်သမားသမဂ္ဂများဖွဲ့စည်းခွင့်ရှိပြီး အလုပ်သမားများ၏ အခြေခံအခွင့်အရေးများ တောင်းဆိုခွင့်ရှိစေရမယ်။

၂။ ခေတ်နှင့်အညီအနိမ့်ဆုံး လုပ်ခလစာများ သတ်မှတ်ပေးမယ်။

၃။ အလုပ်သမားများနှင့်မိသားစုများဘဝ အဆင်ပြေစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များရရှိရေးစသော လူမှုဖူလုံရေးအက်ဥပဒေများ ပြဋ္ဌာန်းပေးမယ်။

၄။ အလုပ်ရှင်အလုပ်သမားတို့ ပဋိပက္ခများမဖြစ်စေရေးအတွက် အငြင်းပွားမှုပြဿနာများဖြစ်ပေါ်လာပါက တစ်ဖက်စောင်းနင်းမဖြစ်စေရန် ဥပဒေနှင့်အညီ တရားမျှတစွာဖြစ်စေရမယ်။

**နိုင်ငံခြားရေး**

၁။ နိုင်ငံတကာဆက်ဆံရေးတွင် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒကျင့်သုံးမယ်။

၂။ နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာမယ်။

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအနေဖြင့် အိမ်နီးချင်းအာရှနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အမေရိက၊ ဥရောပ၊ အာဖရိက၊ သြစတြေးလျစသော ကမ္ဘာ့နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာဆက်ဆံသွားမယ်။

၄။ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားမယ်။

၅။ နိုင်ငံတော်အကျိုးအတွက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်စသည်တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမယ်။

၆။ ကုလသမဂ္ဂပဋိညာဉ်များကို လေးစားလိုက်နာမယ်။

**နိုင်ငံတော်ကာကွယ်ရေး**

၁။ တပ်မတော်ဟာ ပြည်သူကြားမှပေါက်ဖွားလာသော တပ်မတော်ဖြစ်သည်နှင့်အညီ တိုင်းရင်းသားပြည်သူအားလုံး၏ အသက်အိုးအိမ်စည်းစိမ် အကျိုးစီးပွားအားလုံးကို ကာကွယ်ပေးရမယ်။

၂။ တပ်မတော်ဟာအစိုးရအဖွဲ့ရဲ့စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုအောက်မှာရှိပြီး အစိုးရသစ္စာခံဖြစ်ရပါမယ်။

၃။ တပ်မတော်ဟာ ပါတီနိုင်ငံရေးကင်းရှင်းပြီး မည်သည့်နိုင်ငံရေးပါတီကိုမျှ သြဇာခံခြင်း၊ ပါဝင်ပတ်သက်ခြင်းအလျဉ်းမရှိစေရပါ။

၄။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ရဲတပ်ဖွဲ့ရဲချုပ်တို့ကို သမ္မတနဲ့အစိုးရအဖွဲ့မှ တိုက်ရိုက်ခန့်ထားရမယ်။

၅။ အသက် ၁၈နှစ်ပြည့်ပြီး သတ်မှတ်ချက်များနှင့်ပြည့်စုံ၍ ကျန်းမာရေးကောင်းသူတိုင်း အများဆုံး ၂ နှစ် စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းမယ်။

၆။ ခေတ်မီ စစ်သင်တန်းကျောင်း တက္ကသိုလ်များတည်ထောင်ပေးပြီး တပ်မတော်နှင့်ရဲအပါအဝင် လက်နက်ကိုင်တပ်ဖွဲ့များကို လေ့ကျင့်သင်ကြားပေးမယ်။



**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး**

၁။ သစ်တောများ၊ တောင်များနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတများနှင့်ဂေဟစနစ်များ၊ တောရိုင်းတိရစ္ဆာန်များကို အမျိုးသားစီမံချက်တစ်ခုအနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမယ်။ လိုအပ်တဲ့ဥပဒေများကိုပြဋ္ဌာန်းပြီး လိုက်နာကြရန်စည်းရုံး၊ ပညာပေးမှုများ ဆောင်ရွက်သွားမယ်။

၂။ သစ်တောများခုတ်ထွင်မှု၊ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုများကို နိုင်ငံတော်အဆင့်စနစ်တကျ စီမံခန့်ခွဲမယ်။

တိုင်းရင်းသားများနှင့်ငြိမ်းချမ်းရေး ပြန်လည်သင့်မြတ်ရေး မတည်ဆောက်နိုင်သမျှကာလပတ်လုံး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝမလုပ်နိုင်ဟု လူ့ဘောင်သစ်ပါတီက အလေးအနက် ယုံကြည်ပါတယ်။

၆၅ နှစ်ကျော်ကြာ ဖြစ်ပွားနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်များနဲ့ ဖြစ်ပွားနေသောစစ်ပွဲများကို ချက်ချင်းရပ်တန့်နိုင်အောင် ဆောင်ရွက်မယ်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တန်းတူညီတူနိုင်ငံရေးဆွေးနွေးပြီး ပဋိပက္ခများကိုချုပ်ငြိမ်းစေကာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မယ်။

**ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး**

၁။ လွှတ်တော်သည်ဥပဒေနှင့်အညီ ပြည်သူ့ဆန္ဒနှင့်အညီ တည်ထောင်ခြင်းဖြစ်ရကားလွှတ်တော်၌ အချုပ်အခြာအာဏာကို အောက်ပါမူများအရ ကျင့်သုံးမယ်။

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသော မဏ္ဍိုင်သုံးရပ်အားကောင်းစေလျက် မဏ္ဍိုင်တစ်ခုအပေါ် စွက်ဖက်ခြင်းမရှိစေရ။

(ခ) ဥပဒေများကိုပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားတို့နှင့်အညီ သဟဇာတဖြစ်စေရမယ်။

(ဂ) နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားဟာ ပြည်သူလူထုကိုဖိနှိပ်တဲ့ပုံစံမဖြစ်စေဘဲ ပြည်သူလူထု၏အကျိုးစီးပွားကို သယ်ပိုးဖြည့်ဆည်းကာကွယ်ပေးမယ်၊ စီမံခန့်ခွဲမှုပုံစံဖြစ်စေရမယ်။

(ဃ) တရားစီရင်ရေးမဏ္ဍိုင်ဟာ လူမျိုးမရွေးဘာသာမရွေး တရားဥပဒေရှေ့မှောက်မှာအညီအမျှ ဖြစ်စေရမယ်။

(င) ဗဟိုတရားရုံးချုပ်ဟာ မိမိလက်အောက်ရှိ တရားရုံးများကို လွတ်လပ်ပိုင်နိုင်စွာ ကွပ်ကဲပိုင်ခွင့်ရှိစေရမယ်။

(စ) တရားစစ်ဆေးခြင်းနဲ့ဆုံးဖြတ်ခြင်းများကို ပြည်သူ့ရှေ့မှောက်မှာ ဆောင်ရွက်ရမယ်။ စွပ်စွဲခံရသူအား တရားဥပဒေနှင့်အညီ ခုခံပိုင်ခွင့်အပြည့်အဝပေးမည်။ တရားသူကြီးများသည်ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိစေရမယ်။ ပြင်ပစွက်ဖက်မှုများမရှိစေရ။

**အထွေထွေ**

ကလေးသူငယ်နှင့်အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး၊ သက်ကြီးရွယ်အိုနှင့်မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးတို့ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဥပဒေများပြဋ္ဌာန်းပေးမယ်။ နိုင်ငံတော်အဆင့် စီးပွားစီမံကိန်းများကို ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားမည် လိုအပ်ပါက လူထုသဘောထားထောက်ခံချက်ဖြင့် ဆောင်ရွက်သွားမယ်။

ပေးဆပ်ရန်ရှိတဲ့ပြည်ပကြွေးမြီများကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ထားမယ်။ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာအထောက်အပံ့များကို ရရှိအောင် ဆောင်ရွက်သွားမယ်။ နိုင်ငံတော်က တရားဝင်ထုတ်ဝေထားတဲ့ ငွေကြေးများကို နိုင်ငံတော်ကတာဝန်ယူခြင်းဖြင့် ပြည်သူများ၏ယုံကြည်စိတ်ချမှုကို အပြည့်အဝရှိစေရမယ်။

**နိဂုံးချုပ်**

ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်မှာ ငြိမ်းချမ်းရေး၊ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ဟာ မလွဲမသွေဆက်စပ်ဆောင်ရွက်ရမည့် အခြေခံအချက်များဖြစ်ပါတယ်။ ဒီမိုကရေစီစံနှုန်းအရ အတိုက်အခံပုံစံပီပြင်စွာ တရားဝင်ထွန်းကားရန် လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပကြိုးပမ်းဆောင်ရွက်သွားမယ်။

လက်ရှိနိုင်ငံရေးအခြေအနေများအရ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ကဏ္ဍများချွတ်ခြုံကျနေပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးခါးစည်းခံနေရတဲ့ လူမှုဒုက္ခများက အမြန်ဆုံးလွတ်မြောက်နိုင်ဖို့အတွက် ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေး၊ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုသားချင်းများ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးတို့အတွက် တိုင်းရင်းသားညီအစ်ကိုတော်များ၊ ဒီမိုကရက်တစ်အင်အားစုများ၊ ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲဆောင်ရွက်သွားမယ်လို့ ကျွန်တော်တို့အနေဖြင့် သန္နိဋ္ဌာန်ပြုပါတယ်။

၁၉၈၈ ကျောင်းသားလူထုကိုယ်စားပြုပါတီက ယနေ့ပြည်သူလူထုကိုယ်စားပြုပါတီအဖြစ် ရပ်တည်ဆောင်ရွက်နေပါတယ်။ ပြည်သူ့အကျိုးစီးပွားသယ်ပိုးနိုင်ဖို့ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လူ့ဘောင်သစ်ပါတီ ကိုယ်စားလှယ်လောင်းကိုးဦးအား ထောက်ခံဆန္ဒမဲပေးပါလို့ ကျွန်တော့်အနေဖြင့် ပန်ကြားလိုပါတယ်။

**ပြည်သူ့ဘဝပြောင်းလဲဖို့ လူ့ဘောင်သစ်ကိုမဲပေးစို့**

# အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃

**အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဇော်မျိုးထွဋ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၃ရက်ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**မင်္ဂလာပါခင်ဗျား-**

မြန်မာပြည်သူတိုင်းရင်းသားအားလုံးတို့ အချင်းချင်းအပြန်အလှန်နားလည်မှုများနဲ့အတူ စစ်မှန်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဘဝများ၊ မြင့်မားတိုးတက်နိုင်ခြင်းများနဲ့ပြီးပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဇော်မျိုးထွဋ်ဖြစ်ပါတယ်။ အင်းတိုင်းရင်းသားအဖွဲ့ချုပ် ပါတီကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ စတင်ထူထောင်ခဲ့ပြီး နိုင်ငံရေးပါတီမှတ်ပုံတင်အမှတ်ကတော့ (၈၆) ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ကျွန်တော်တို့ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ လိုအပ်ချက်အရ ပေါ်ထွန်းလာခဲ့တာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဒေသတွင်းမှာနေထိုင်ကြတဲ့ ညီအစ်ကိုတိုင်းရင်းသားများကြားမှာအပြန်အလှန်နားလည်တတ်၊ လေးစားတတ်တဲ့ စိတ်ဓာတ်တွေနဲ့တစ်ဦးချင်း၊ တစ်စုချင်း စိတ်ဓာတ်အရည်အသွေး စွမ်းရည်တွေမြင့်တက်လာစေဖို့ဖြစ်ပါတယ်။ အဲဒီလိုမြင့်တက်လာတဲ့ စွမ်းရည်တွေ၊ အရည်အချင်းတွေနဲ့ မြန်မာတစ်နိုင်ငံလုံးက လိုလားဖော်ဆောင်ကြိုးစားနေတဲ့ နိုင်ငံတော်ဘက်စုံပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်မယ့် လုပ်ငန်းစဉ်တစ်ရပ်လုံးမှာ ထဲထဲဝင်ဝင်ပါဝင်ပြီးတော့ အောင်မြင်အောင် ပေးဆပ်ဆောင်ရွက်သွားချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

**အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီရဲ့ရည်ရွယ်ချက်များကတော့-**

- ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ အင်းသားတိုင်းရင်းသားလူမျိုးများအနေဖြင့် ပြည်ထောင်စုနှင့်ပြည်နယ်တိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိရေး၊
- အင်းတိုင်းရင်းသားများနှင့် ညီနောင်တိုင်းရင်းသားများအားလုံး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့်လူမှုစီးပွားရေးဘဝများ စောင့်ရှောက်ထိန်းသိမ်းရန်နှင့် တိုးတက်မြင့်မားလာစေရန် ဦးဆောင် ဆောင်ရွက်နိုင်ရေး၊
- အင်းလေးကန်ကြီးထာဝရတည်တံ့ခိုင်မြဲစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားနိုင်ရေး၊
- ပြည်ထောင်စုတစ်ခုလုံးတစ်ပြေးညီ စည်းလုံးညီညွတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြားပြည်ထောင်စု တိုင်းရင်းသားအားလုံးနှင့်ပူးပေါင်းပါဝင်လှုပ်ရှားသွားနိုင်ရေး။

ကျွန်တော်တို့ရဲ့ပါတီဟာ အင်းသားများ တစ်စုတစ်ဝေးတည်းနေထိုင်တဲ့ အင်းလေးကန်တစ်ဝိုက်ကိုအခြေတည်ပြီး အတူနေ ရှမ်း ၊ ပအိုဝ်း၊ တောင်ရိုး၊ ဓနု၊ ကယန်း၊ ဗမာစတာတွေ အားလုံးစုပေါင်းပါဝင်မှာဖြစ်တဲ့အတွက် အင်းတိုင်းရင်းသားအဖွဲ့ချုပ်လို့အမည်မှည့်တာဖြစ်ပါတယ်။

အဲဒီလိုဖွဲ့စည်းထားတဲ့အတွက် ဒေသတစ်ခုလုံး၊ နယ်ပယ်အားလုံး၊ လူမျိုးအားလုံးရဲ့ အခက်အခဲလိုအပ်ချက် စတာတွေကို ပြည့်ပြည့်စုံစုံ အသေးစိတ်နားလည်သိရှိမှာဖြစ်ပြီးတော့ အားလုံးစုပေါင်းအဖြေရှာတဲ့နည်းလမ်းကို အသုံးပြုဝေဖန် သုံးသပ်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ထိရောက်အောင်မြင်တဲ့ ဆောင်ရွက်ချက်တွေဖြစ်မယ်လို့ အလေးအနက် ယုံကြည်ပါတယ်။

ကျွန်တော်တို့ပါတီအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မျက်မှောက်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင် ဆောင်ရွက်ပေးနိုင်မည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားများ တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများခံစားရရှိသင့်သည့် နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေးများကို နိုင်ငံတစ်ဝန်းလုံးတိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲဖော်ဆောင်သွားဖို့ကို အလေးအနက် ရည်မှန်းထားရှိပါတယ်။

ဒေသတွင်းရှိ လူငယ်များဟာလည်း ခေတ်ပညာတတ်ဘွဲ့ရတွေ ပိုမိုများပြားလာသလို သူတို့ရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေဟာလည်း ကြီးမားတဲ့စိန်ခေါ်မှုတွေဖြစ်နေပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ အလေးထားဆောင်ရွက်သွားချင်တဲ့အပြင် လူငယ်တွေကို သမိုင်းအစဉ်အလာနဲ့ လက်ရှိဘဝဖြစ်စဉ်တွေကို အပြန်အလှန် သုံးသပ်တွေးခေါ်စဉ်းစားပြီး အခက်အခဲတွေကို ကြံ့ကြံ့ခံဖြတ်ကျော်သွားနိုင်တဲ့ ဘဝပညာများကိုလည်း လေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ချင်ပါတယ်။

အင်းတိုင်းရင်းသားများဟာ အင်းလေးကန်အတွင်းနဲ့ ဆက်စပ်နေရာများမှာ နေထိုင်ကြပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း အင်းလေးကန်ကြီးဟာ ရေခန်းခြောက်လာခြင်းနဲ့အတူ ယိုယွင်းပျက်စီးမှုတွေဟာ ပိုပြီးဆိုးရွားလာနေပါတယ်။ အဲဒီဆိုးရွားတဲ့အခြေအနေဟာ ဌာနေတိုင်းရင်းသားများရဲ့ လူမှုစီးပွားရေးကို အထူးထိခိုက်နစ်နာစေပါတယ်။ အင်းလေးကန်ထိန်းသိမ်းရေးဟာလည်း ကျွန်တော်တို့ရဲ့ တာဝန်ဖြစ်တဲ့အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားရေးမြှင့်တင်ရေးကို ဟန်ချက်ညီညီဖြစ်ထွန်းစေဖို့ ဆက်စပ်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထူးအားဖြင့် ကျွန်တော်တို့ အင်းလေးဒေသ အင်းလေးကန်ရဲ့ ထူးခြားတဲ့ မြေပြင်အခြေအနေအရ ကျေးရွာများ၊ နေအိမ်များ၊ ကျွန်းမျောစိုက်ခင်းများဟာ ရေပြင်ပေါ်မှာတည်ရှိနေပြီး တစ်စုံတစ်ရာသော အာမခံချက်များ မရှိခဲ့ပါဘူး။ အဲဒီအတွက် နိုင်ငံတော်မှ ဥပဒေနှင့်အညီ တရားဝင်အသိအမှတ်ပြုမှုနဲ့အတူ အာမခံချက်များ ရရှိနိုင်ရေးအတွက် ကျွန်တော်တို့ပါတီက ဦးဆောင်ညှိနှိုင်းကာ ပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း ယူနက်စကိုက လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် အသိအမှတ်ပြုပြီးဖြစ်သည့်အတွက် အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံများရဲ့အကျိုးစီးပွား ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရေး အဓိကအကြောင်းအရင်းတစ်ခုဖြစ်ကြောင်း ယုံကြည်သည့်အတွက်ဖြစ်ပါတယ်။

အဲဒီလို အင်းလေးကန်ထိန်းသိမ်းရေးနဲ့ ဒေသခံပြည်သူများရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို ဟန်ချက်ညီဖို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းရေးများအပြင် လယ်ယာနှင့် အင်းလေးဒေသရဲ့ အထူးစိုက်ပျိုးသီးနှံဖြစ်တဲ့ ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုတွေ လျော်ညီသောနည်းလမ်း တွက်ခြေကိုက်သောစနစ်များကို ပြုပြင်ဖော်ဆောင်နိုင်ဖို့အတွက် ပေါင်းစပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ ဒေသခံများအနေဖြင့် တရားဥပဒေ စည်းမျဉ်း စည်းကမ်းများလိုက်နာခြင်း မိမိတို့ အင်းလေးကန်ကြီးအတွက် မိမိတို့၏ စိတ်ဓာတ် စည်းကမ်း ခွန်အား အသိတရားတို့ကို မလွဲမသွေ အပြည့်အဝ ပေးဆပ်ဆောင်ရွက်သွားရမည်ဟု အလေးအနက်ယုံကြည်ပါသည်။

ထို့အပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးယိုယွင်းမှုဒဏ်ကို အချိန်မီကုစားနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် တာဝန်ရှိအဖွဲ့အစည်းအသီးသီး၊ ဌာနဆိုင်ရာအသီးသီး၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့၏ ဝိုင်းဝန်းကူညီမှုရရှိစေရေးနှင့် ရရှိသည့်အကူအညီများကို ဒေသဆိုင်ရာ လူ့အဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများက ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် မိမိတို့ပါတီဝင်များအားလုံး ဦးဆောင်ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထိုကဲ့သို့ ဆောင်ရွက်မှုတွေမှာ အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဆောင်ရွက်နိုင်ပြီး ထိရောက်စွာဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် အင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖြစ်နိုင်ရေးအတွက် လိုအပ်သောဆောင်ရွက်ရမည့်လုပ်ငန်းများကို တင်ပြညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့အနေဖြင့် ခံစားမည့်သူလူအများက အရည်အသွေးပြည့်ပြည့် စိတ်ဓာတ်မြင့်မြင့်မားမား လူမျိုး၊ ဒေသ၊ ပြည်နယ်နှင့် နိုင်ငံတော်၏အကျိုးကို ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်မယ့်အစီအစဉ်နှင့် လုပ်ငန်းများဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ယုံကြည်စွာ အားပေးချီးမြှောက်ကြလိမ့်မည်ဟု လေးစားစွာ ယုံကြည်မိပါကြောင်းတင်ပြရင်း အဆုံးသတ်ပါရစေခင်ဗျား။

ကရဝိက် ဆွဲဖော့ ဆွဲလှေလှော ဝေါက်နောင်း လှေခေါင်းဝဲဆမား တက်ပြကောင်း အောင် ဝိုင်းကြွန်းပေးမျလက် (အင်းသားစကား)

ကရဝိက် ဆွဲရန် ဆွဲလှေ လှော်ပြီဖြစ်သောကြောင့် လှေဦးစီးမှ ကောင်းမွန်သော တက်ချက်ပြနိုင်ရန် အားလုံးဝိုင်းဝန်းအားဖြည့်ပေးရန် လိုအပ်နေပြီဖြစ်ပါသည်။

**ဆုံးဖြတ်ရအောင်**

- တို့လူခဲတွေနေတဲ့ တို့ရဲ့ရေပြင်မှာ ညီညီညာညာ စည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ တို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာဆုံးဖြတ်ကြစို့လား
- အင်းလေးရဲ့အလှကိုထိန်းသိမ်းရင်းနဲ့ စောင့်ရှောက်ရမှာငါတို့ရဲ့တာဝန်ပါ
- တို့လူခဲတွေနေတဲ့ တို့ရဲ့ရေပြင်မှာ ညီညီညာညာ စည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ တို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာမဲပေးကြစို့လား
- လှပတဲ့ပန်းတိုင် တို့လျှောက်ကြစို့နော် တိုးတက်ဖို့အတွက် ရည်မျှော်အားလုံးအကောင်အထည်ဖော်
- တို့လူခဲတွေနေတဲ့ တို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ တို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာဆုံးဖြတ်ကြစို့လား. . .
- အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ ဝိုင်းဝန်းပြီးတော့ ဖော်ဆောင်မည် အပြုံးပန်းလည်းလှကြသည် နေ့သစ်တစ်ခုကိုရည်
- တို့လူခဲတွေနေတဲ့ တို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ တို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာမဲပေးကြစို့လား. . .
- တို့လူခဲတွေနေတဲ့ တို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ တို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာဆုံးဖြတ်ကြစို့လား
- အင်းလေးရဲ့အလှကို ထိန်းသိမ်းရင်းနဲ့ စောင့်ရှောက်ရမှာ ငါတို့ရဲ့တာဝန်ပါ
- တို့လူခဲတွေနေတဲ့ တို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ တို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာမဲပေး ကြစို့လား. . .
- လှပတဲ့ပန်းတိုင် တို့လျှောက်ကြစို့နော် တိုးတက်ဖို့အတွက်ရည်မျှော်အားလုံးအကောင်အထည်ဖော်
- တို့လူခဲတွေနေတဲ့ တို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ တို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာဆုံးဖြတ်ကြစို့လား. . .
- အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ ဝိုင်းဝန်းပြီးတော့ ဖော်ဆောင်မည်အပြုံးပန်းလည်းလှကြသည် နေ့သစ်တစ်ခုကိုရည်. . .
- တို့လူခဲတွေနေတဲ့ တို့ရဲ့ရေပြင်မှာ ညီညီညာညာစည်းလုံးကြစို့လား ပေါင်းစုအားကိုယူလို့ တို့ရဲ့ညီအစ်ကိုများ ခိုင်ခိုင်မာမာမဲပေးကြစို့လား

**အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ**

- အနာဂတ်ရဲ့ဒီမိုကရေစီ. . . ဆောင်ရွက်ဖို့အချိန်တန်ပြီ. . . တို့ကြိုးစားလို့ဖော်ဆောင်မည်. . .
- တိုးတက်ရမည် စည်းလုံးရမည် အမျိုးချစ်ကြတဲ့ အာဇာနည် ဆုံးဖြတ်ချက်အတည်အကောင်းဆုံးအတွက်ရည် အားလုံး လှမယ့်အနာဂတ်ဆီ. . .
- ညီညီညာညာရှေ့သို့ လှမ်းတက်မည် အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ တူညီစွာအစွမ်းကုန်အားပေးမည် အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ
- တိုးတက်ရမည် စည်းလုံးရမည် အမျိုးချစ်ကြတဲ့ အာဇာနည် ဆုံးဖြတ်ချက်အတည်အကောင်းဆုံးအတွက်ရည် အားလုံးလှမယ့်အနာဂတ်ဆီ
- ညီညီညာညာရှေ့သို့ လှမ်းတက်မည် အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ တူညီစွာ အစွမ်းကုန်အားပေးမည် အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ
- တိုးတက်ရမည် စည်းလုံးရမည် အမျိုးချစ်ကြတဲ့ အာဇာနည် ဆုံးဖြတ်ချက်အတည် အကောင်းဆုံးအတွက်ရည် အားလုံးလှမယ့်အနာဂတ်ဆီ. . .
- ညီညီညာညာရှေ့သို့ လှမ်းတက်မည် အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ တူညီစွာအစွမ်းကုန်အားပေးမည် အင်းတိုင်းရင်းသား အဖွဲ့ချုပ်ပါတီ
- တိုးတက်ရမည် စည်းလုံးရမည် အမျိုးချစ်ကြတဲ့ အာဇာနည် ဆုံးဖြတ်ချက်အတည်အကောင်းဆုံးအတွက်ရည် အားလုံးလှမယ့်အနာဂတ်ဆီ အားလုံးလှမယ့်အနာဂတ်ဆီ အားလုံးလှမယ့်အနာဂတ်ဆီ

## ရွေးကောက်ပွဲလုံခြုံရေး အသိပညာပေး

**မိုးကောင်း အောက်တိုဘာ ၃**

၂၀၁၅ အထွေထွေရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးတွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ စက်တင်ဘာ ၃၀ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစည်သူအောင်ကအမှာစကားပြောကြားသည်။

ထို့နောက်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအေးသောင်းက ရွေးကောက်ပွဲဆိုင်ရာများဆွေးနွေးပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**



## ရွေးကောက်ပွဲဝင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများတွေ့ဆုံ

**သုံးခွ အောက်တိုဘာ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တွေ့ဆုံပွဲကို အောက်တိုဘာ ၂ ရက်က ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝိတ်က သုံးခွမြို့နယ်၏ မဲဆန္ဒရှင်များစာရင်းကြေညာခြင်းလုပ်ငန်းဆောင်ရွက်မှုအပေါ် နိုင်ငံရေးပါတီများ၏သဘောထား မှတ်ချက်ပြုနိုင်ရန်နှင့် မဲစာရင်းမှန်ကန်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ဆွေးနွေးတင်ပြကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ၈၈ မျိုးဆက်ဒီမိုကရေစီပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃

**၈၈ မျိုးဆက်ဒီမိုကရေစီပါတီ သထုံခရိုင်ကော်မတီဥက္ကဋ္ဌဦးသောင်းရွှေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၃ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာအောက်ပါအတိုင်း ဖြစ်ပါသည်-**



**လေးစားအပ်တဲ့မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

မဲဆန္ဒရှင်ပြည်သူများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး မိမိတို့ရဲ့ လိုအင်ဆန္ဒများပြည့်ဝနိုင်ကြပါစေလို့ ဆန္ဒမွန်တောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်က ၈၈ မျိုးဆက်ဒီမိုကရေစီပါတီမှ သထုံခရိုင်ကော်မတီဥက္ကဋ္ဌ ဦးသောင်းရွှေဖြစ်ပါတယ်။ ဒီကနေ့မြန်မာ့အသံရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်မှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုကျွန်တော်တို့ပါတီရဲ့မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များကိုအကျဉ်းချုံးပြီး တင်ပြအစီရင်ခံသွားမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများကလည်း ပါတီရဲ့ မူဝါဒ၊ သဘောထားနှင့်လုပ်ငန်းစဉ်များအပေါ် အကဲဖြတ်၊ သုံးသပ်၊ ဆုံးဖြတ်ပြီး လာမယ့် ၂၀၁၅ ခု အထွေထွေရွေးကောက်ပွဲကြီးမှာ ကျွန်တော်တို့ ၈၈ မျိုးဆက်ဒီမိုကရေစီပါတီရဲ့ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များကို ယုံကြည်စွာနဲ့ ထောက်ခံမဲပေးကြဖို့ တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်တဲ့မဲဆန္ဒရှင်ပြည်သူများခင်ဗျား၊ ကျွန်တော်တို့ပါတီဟာသမိုင်းတောင်းဆိုချက်အရဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ဆက်လက်ပြီး တင်ပြရမှာက ပါတီရဲ့ အလံတော်ပါ ရဲရင့်ခြင်းကို အဓိပ္ပာယ်ဆောင်တဲ့ အနီရောင်ကိုနောက်ခံထားပြီး အလယ်မှာ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ ရဟန်းရှင်လူပြည်သူများကို ကိုယ်စားပြုတဲ့ ခွပ်ဒေါင်းအဝါရောင်ကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု ကိုယ်စားပြုသော အဖြူရောင်ကြယ်တစ်ဆယ့်လေးလုံးကို ဝိုင်းရံထားခြင်းဖြစ်ပါတယ်။ ပါတီရဲ့တံဆိပ်ဟာလည်း ပါတီအလံနှင့် ထပ်တူဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ဆက်လက်ပြီးတော့ ပါတီရဲ့မူဝါဒများကို တင်ပြပါမယ်။

(၁) ပါတီဟာ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ ကျေးဇူးသစ္စာကို အမြဲစောင့်သိရိုသေပြီး နိုင်ငံတော်အာဏာသည် အမြဲတမ်း၊ နိုင်ငံသားများထံမှ ဆင်းသက်စေရပါမည်။

(၂) ပါတီသည် နိုင်ငံတော်အကျိုးစီးပွားကို မြှင့်တင်ဖော်ဆောင်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူမည်။

(၃) ပါတီသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်။

(၄) ပါတီသည် နိုင်ငံသူ၊ နိုင်ငံသားတို့အပေါ် အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ အသိအမှတ်ပြုမှု၊ တန်းတူညီမျှမှု၊ သဘောထားကြီးမှု၊ သစ္စာရှိမှု၊ အထွေထွေ နားလည်သဟဇာတဖြစ်မှုတို့ကို ဦးတည်သည်။

(၅) (က) နိုင်ငံတော်အား လက်နက်စွဲကိုင်တော်လှန်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခြင်း၊

(ခ) နိုင်ငံတော်က မတရားသဖြင့် ကြော်ငြာခံထားရသော အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးကူညီခြင်း၊

(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ(သို့မဟုတ်) ဘာသာရေးအဖွဲ့အစည်းတစ်ခုခု(သို့မဟုတ်) အခြားအဖွဲ့အစည်းတစ်ခုခု(သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးဦး၏ထံမှ ငွေကြေး၊ ပစ္စည်းနှင့် အခြားအထောက်အပံ့တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်းနှင့်

(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်းတို့ကို လုံးဝရှောင်ကြဉ်မည်။

(၆) နိုင်ငံတော်ကို အဂတိလိုက်စားမှု ကင်းစင်သည့် နိုင်ငံတော်အနေဖြင့် စနစ်တကျ ကြိုးပမ်းဆောင်ရွက်မည်ဆိုသော မူဝါဒများကို ချမှတ်ထားပါသည်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ပါတီရဲ့လုပ်ငန်းစဉ်များကိုလည်း အောက်ဖော်ပြပါအတိုင်းချမှတ်ထားပါတယ်။

(၁) **ပညာရေး**

ပါတီသည် ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်ပြီး အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးဖြစ်စေမည့်

(က) စာမတတ်သူ ကင်းစင်ရေး၊

(ခ) မသင်မနေရ အခမဲ့မူလတန်းအဆင့်မှ အလယ်တန်း၊ အထက်တန်း ပညာရေးစနစ်ကို ဖော်ဆောင်ရေး၊

(ဂ) အသက်မွေးဝမ်းကျောင်းပညာရေး၊

(ဃ) ဘုန်းတော်ကြီးသင်ပညာရေး၊

(င) ကျောင်းသားတိုင်း စိတ်ကြိုက်ဘာသာရွေးချယ်သင်ကြားနိုင်သော ပညာရေး၊

(စ) ပညာသင်ထောက်ပံ့ကြေးနှင့် သုတေသနရန်ပုံငွေစနစ်၊

(ဆ) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေမှ ထိုက်သင့်သည့် ငွေပင်ငွေရင်းများ ထည့်ဝင်အားပေးမြှင့်တင်ဆောင်ရွက်မည်။

(၂) **ကျန်းမာရေး**

ပါတီသည် တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ပျော်ရွှင်ရေးကို ဦးတည်၍

(က) အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊

(ခ) ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်မှု၊

(ဂ) ကျန်းမာရေး စောင့်ရှောက်မှုရန်ပုံငွေထူထောင်ခြင်း၊

(ဃ) ကျန်းမာရေးစောင့်ရှောက်မှု အာမခံထားရှိရေးလုပ်ငန်းများကို ဆောင်ရွက်မည်။

(၃) **စီးပွားရေး**

(က) ပါတီသည် နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန် နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်နှင့် ရင်းနှီးမြှုပ်နှံမှုပိုင်ဟု စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများကို လွတ်လပ်စွာ အပြိုင်အဆိုင်လုပ်ကိုင်ခွင့်ရရှိစေရန် ဆောင်ရွက်မည်။

(ခ) ပါတီသည် အထူးစီးပွားရေးဇုန်များ ထူထောင်ပြီး ပြည်ပအတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်ဆွဲဆောင်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဆောင်ရွက်မည်။

(၄) **လူမှုရေး**

ပါတီသည်

(က) ရှိရင်းစွဲအမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ပြီးသော ရက္ခိတတရားများ ပိုမိုထွန်းကားပြန့်ပွားရေး၊

(ခ) အမျိုးဘာသာစာပေ၊ ဂီတအနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်မည်။

(၅) **တောင်သူလယ်သမားအရေး**

(က) ပါတီသည် တောင်သူလယ်သမားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်အကျိုးစီးပွားများကို မြှင့်တင်စောင့်ရှောက်ကာကွယ်ခြင်းတို့ကို ဆောင်ရွက်မည်။

(ခ) လယ်လုပ်သူ လယ်ပိုင်ခွင့်ရှိစေရမည်။

(ဂ) ပြည်ပဈေးကွက်ရရှိစေရန်နှင့် လိုအပ်သောအရင်းအနှီးများစရိတ်စကများ၊ နည်းပညာနှင့်ကုန်ကြမ်းများပံ့ပိုးရရှိစေရေးနှင့် ချေးငွေပံ့ပိုးမှုရရှိစေရေး။

(ဃ) ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော သီးနှံအမျိုးအစားများကို စိုက်ပျိုးနိုင်ရေးအတွက် သတင်းအရင်းအမြစ်များ စုဆောင်းဆက်သွယ်ပေးခြင်း။

(င) တောင်သူလယ်သမားများ၏ အခွင့်အရေးများမဆုံးရှုံးစေရန် တောင်သူလယ်သမားအဖွဲ့အစည်း၊ တောင်သူလယ်သမားသမဂ္ဂများဖွဲ့စည်းဆောင်ရွက်နိုင်ရန်နှင့် တောင်သူလယ်သမားကိုတောင်သူလယ်သမားစစ်စစ်များကိုယ်တိုင် ဦးဆောင်နိုင်ပြီး နိုင်ငံတကာ ခေတ်မီနည်းပညာများ၊ စီမံခန့်ခွဲမှုများ ကိုယ်တိုင်လေ့လာစေရန် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများ ထူထောင်လုပ်ကိုင်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်မည်။

(၆) **အလုပ်သမား**

(၁) ပါတီသည် အလုပ်သမားများ၏ လုပ်ပိုင်ခွင့်နှင့်အလုပ်သမားများ၏နစ်နာမှုများကိုကာကွယ်စောင့်ရှောက်ပေးမည်။ နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များအတိုင်း အလုပ်ချိန်နှင့် အချိန်ပိုလုပ်အားခလစာ စံနှုန်းများအတိုင်း ရရှိရေး၊ လုပ်ငန်းခွင်သာယာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများနှင့် ပတ်သက်၍ ထိုက်သင့်မျှတသည့်နစ်နာကြေးနှင့် လျော်ကြေးခံစားခွင့်ရရှိရေး၊ အိုနာစာရန်ပုံငွေများ တည်ထောင်ထားရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်မည်။

(၂) ပါတီသည်လုပ်အားစေခိုင်းခြင်းနှင့်ပတ်သက်ပြီး

(က) အရွယ်မရောက်သေးသည့် ကလေးငယ်များအား လုပ်ကိုင်ဆောင်ရွက်စေခြင်းမျိုး၊

(ခ) အခကြေးငွေမပေးဘဲ အလုပ်စေခိုင်းခြင်း၊

(ဂ) အခကြေးငွေနှင့် မထိုက်တန်သော အလုပ်ကို စေခိုင်းခံရခြင်း၊

(ဃ) တာဝန်နှင့်မသက်ဆိုင်သောအလုပ်ကို ခိုင်းစေခံရခြင်း၊

(င) လုပ်အားနှင့် ထိုက်တန်မှုမရှိသော အခကြေးငွေဖြင့်ခိုင်းစေခံရခြင်း၊

(စ) စိတ်ဆန္ဒမပါသောအလုပ်အကိုင်၊ အတင်းအကျပ် ခိုင်းစေခံရခြင်းများကို မဖြစ်ပေါ်စေရန် အလေးထားဆောင်ရွက်မည်။




(၃) **ပါတီသည် အလုပ်သမားများ၏**

(က) လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိစေရန် လူမှုဖူလုံရေးစနစ်ထူထောင်ကျင့်သုံးရေးနှင့်

(ခ) လုပ်ငန်းနယ်ပယ်အလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် အလုပ်လက်မဲ့ပြဿနာများဖြေရှင်းနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်မည်။

(၄) ပါတီသည် အလုပ်သမား၏ အခွင့်အရေးများ၊ ဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန် အလုပ်သမားအစည်းအရုံး (သို့မဟုတ်) သမဂ္ဂများဖွဲ့စည်းတည်ဆောက်နိုင်ရေးနှင့် အလုပ်သမားများကိုယ်တိုင် ထိုအလုပ်သမား အစည်းအရုံးသမဂ္ဂများကို ဦးဆောင်နိုင်ရေးနှင့် ပြည်ပနိုင်ငံများသို့သွားရောက်၍ လုပ်ငန်းနှင့်ဆိုင်သော ခေတ်မီနည်းပညာများကို လေ့လာနိုင်ပြီး အလုပ်သမားများကိုယ်တိုင် ပူးပေါင်းပါဝင်သည့် စက်မှု၊ လက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများ ထူထောင်လုပ်ကိုင်နိုင်ရေးနှင့် အလုပ်သမားများ၏ အလုပ်ပိတ်ရက်များနှင့်အကျိုးခံစားခွင့်များသည် အစိုးရအလုပ်သမားများ၏ အကျိုးခံစားခွင့်အတိုင်းဖြစ်စေရမည်။

(၇) **နိုင်ငံခြားရေး**

ပါတီသည် နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးနှင့် လွတ်လပ်တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုလက်ခံကျင့်သုံးပြီး နိုင်ငံအတွင်း၌ မည်သည့်နိုင်ငံခြားတပ်ဖွဲ့များကိုမှ တပ်ချခွင့်မပြုရေးတို့ကို ဆောင်ရွက်မည်။

**လေးစားအပ်တဲ့မဲဆန္ဒရှင်များခင်ဗျား-**

ကျွန်တော်တို့ပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကိုအကျဉ်းချုံးပြီး တင်ပြသွားခြင်းဖြစ်ပါတယ်။ လာမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် ပါတီတွေကလည်းတော်တော်များပါတယ်။ ပါတီတွေဆွေးနွေးတင်ပြချက်တွေလည်း နိုင်ငံတော်ဖွံ့ဖြိုးရေးတည်ဆောက်ရာမှာ အသုံးဝင်လှပြီး ကောင်းမွန်တဲ့ အချက်အလက်တွေဖြစ်တာကို တွေ့ကြရမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

အထက်ကဆိုခဲ့သလို ပါတီတွေရဲ့မူဝါဒကောင်းကြပါတယ်။ သဘောထားတွေကောင်းကြပါတယ်။ လုပ်ငန်းစဉ်တွေလည်းကောင်းကြပါတယ်။ အဲဒီ အကောင်းတွေချည်းဖော်ပြထားတဲ့ပါတီတွေက ဝင်ရောက်ရွေးချယ်ခံကြမယ့် ကိုယ်စားလှယ်လောင်းတွေ ကောင်းကြဖို့လိုအပ်ပါတယ်။ အဓိကပြောလိုတာက လူကောင်းတွေလိုအပ်လှပါတယ်။ လူသာလျှင်အဓိကကျပါတယ်။ လူတွေမကောင်းကြလျှင် မူတွေဘယ်လောက်ကောင်းကောင်း တိုင်းပြည်ဟာမတိုးတက်နိုင်ပါဘူး။ နိုင်ငံတော်မှာမှီတင်းနေထိုင်ကြတဲ့ နိုင်ငံသူ/နိုင်ငံသားတွေကလည်း ဆင်းရဲတွင်းက ဘယ်တော့မှ တက်လာနိုင်ကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ တည်ဆောက်ချိန်မှာ လူကောင်းတွေလိုအပ်ပါတယ်။ နိုင်ငံတော်ကို ချစ်ခင်မြတ်နိုးတဲ့ လူတွေလိုအပ်ပါတယ်။ ကိုယ်ကျင့်တရားကောင်းမွန်တဲ့ လူတွေလိုအပ်ပါတယ်။ သီလ၊ သိက္ခာ၊ သမာဓိရှိတဲ့လူတွေလိုအပ်ပါတယ်။ ပြည်သူတွေကို ကျောသားရင်သားမခွဲခြားဘဲ ဆက်ဆံပြုမူတတ်တဲ့ ခေါင်းဆောင်တွေလိုအပ်ပါတယ်။ တိုင်းပြည်ကောင်းအောင် တည်ဆောက်နိုင်မယ့် ခေါင်းဆောင်တွေ ရွေးချယ်ပေးဖို့လိုအပ်ပါတယ်။ မိမိနိုင်ငံကို ကမ္ဘာ့နိုင်ငံများအလယ်မှာ ဂုဏ်သိက္ခာရှိသောနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ပေးနိုင်မည့် ခေါင်းဆောင်များကို ရွေးချယ်နိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့ လာမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာမဲဆန္ဒရှင်ပြည်သူများအနေနှင့် အရွေးမမှားဘဲ မိမိတို့ရဲ့ အသည်းကြားက မဲတစ်ပြားကိုတန်ဖိုးရှိရှိနဲ့ အသုံး ပြုနိုင်ကြပါစေလို့ မေတ္တာရပ်ခံလျက် ကျွန်တော်တို့ ၈၈ မျိုးဆက်ဒီမိုကရေစီပါတီရဲ့တင်ပြချက်များကို ရပ်နားအပ်ပါသည်ခင်ဗျား -

အားလုံးကို ကျေးဇူးတင်ပါသည်ခင်ဗျား။

## ရွေးကောက်ပွဲခရိုင် အဆင့်လုံခြုံရေးဆိုင်ရာ အသိပညာ ပေးဆွေးနွေး

**ကော့ကရိတ် အောက်တိုဘာ ၃**

ကရင်ပြည်နယ်ကော့ကရိတ်ခရိုင်ရွေးကောက်ပွဲ ခရိုင်အဆင့်လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ အောက်တိုဘာ ၂ ရက်က ကျင်းပသည်။

အဆိုပါလုံခြုံရေးအသိပညာပေးဆွေးနွေးပွဲတွင် လုံခြုံရေးနှင့်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်က အမှာစကား ပြောကြားပြီး လုံခြုံရေးဆိုင်ရာများကို ခရိုင်ရဲတပ်ဖွဲ့မှူးက ရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့်ဌာဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**